သင့်ဘဝအောင်မြင်ရေး

# ဗဟုသုတမှတ်တမ်း

သတိုးနွယ်



ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ကျပ်
အဖုံးဒီဇိုင်း - သန့်ဇော်သစ်
အတွင်းဖလင် - A-7 Group ၅၅၊ ၃၈လမ်း(အောက်)
စာအုပ်ချုပ် - ပန်းဝေဝေ
ထုတ်ဝေသူ - ဦးခင်မောင်ဦး (မြဲ-၀၄၀၇၃)
မြတ်ပန်းရဂုံစာပေ၊
၄၇၃(က)၊ နီလာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်ကျော်ထူး
မြတ်ပန်းရဂုံပုံနှိပ်တိုက်
အမှတ်-၁၇၊ ရန်ပြေ၁၀လမ်း၊ ၃ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

၉၉၅.၈၇
သတိုးနွယ်
သင့်ဘဝအောင်မြင်ရေး ဗဟုသုတမှတ်တမ်း/သတိုးနွယ်၊ ရန်ကုန်။
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၅။
၂၀၂-စာ၊ ၁၀.၅×၁၆.၅စင်တီ။
(၁) သင့်ဘဝအောင်မြင်ရေး ဗဟုသုတမှတ်တမ်း

# သင့်ဘဝအောင်မြင်ရေး ဗဟုသုတမှတ်တမ်း

## သတိုးနွယ်

## မှတ်တမ်းကို ဖြတ်သန်းခြင်း

သတိုးနွယ်က သူ၏ စာအုပ်မှာ အမှာစာရေးဖို့ တိုက်တွန်းတော့ လက်က အနည်းငယ်တွန့်နေသေးသည်။ တကယ်တမ်းကျတော့ အမှာစာရေးတယ်ဆိုတာ မိမိအတွက်တော့ လွယ်မယောင်နဲ့ ခက်၊ တိမ်မယောင်နဲ့ နက်သော သဘောရှိနေလို့ပါပဲ။

ဒီစကားနဲ့ပတ်သက်ပြီး အနည်းငယ်ပြောစရာရှိပါသည်။ များသောအားဖြင့် အမှာစာရေးဖို့ တောင်းဆိုကြတဲ့သူတွေဟာ သူတို့ထက် ကလောင်အရှိန်အဝါအားဖြင့် ကြီးမားတဲ့သူတွေကိုသာ ရေးခိုင်းလေ့ရှိကြပါသည်။ ဒါကလည်း သဘာဝကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလောင်သစ်တစ်ယောက်အနေဖြင့် ကလောင်ကြီးတွေရဲ့ အရှိန်အဝါအားကို ယူခြင်းလည်း ဖြစ်သည်။

အခု မိမိက ကလောင်အရှိန်အဝါ ကြီးမားသူလည်း မဟုတ် ပြန်တော့ သတိုးနွယ်အတွက် မိမိဟာ "အား" တစ်ခု ဖြစ်လာမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကလောင်အရှိန်အဝါ

"အား" မရနိုင်သော်လည်း စေတနာ "အား" တော့ အပြည့်အဝ ပေးနိုင်လိမ့်မယ်ဟု ထင်ပါသည်။

မိမိအနေဖြင့် ဒီစကားကို ဘာကြောင့်ပြောသလဲဆိုတော့…

❑

စာအုပ်နာမည်ကို အရိုးရှင်းဆုံးပင် ပေးထား၏။ စာအုပ်အမည်နဲ့ လိုက်,မလိုက်ဆိုတာ အရင်ဆုံးကြည့်သင့်ပါသည်။ အဲဒီမှာ ဘာကိုသွားတွေ့သလဲဆိုတော့ စာရေးသူရဲ့ စာဖတ်အားနဲ့ စာမှတ်အားကို တွေ့လိုက်ရပါသည်။ သတိုးနွယ်ဟာ သူ၏ စာအုပ်ထဲတွင် မှတ်သင့်၊ မှတ်ထိုက်၊ ကျင့်သင့် ကျင့်ထိုက်သော ဓမ္မစာပေများကို အခြေခံ၍ အခြားသိမှတ်ဖွယ်ရာများဖြင့် ခြေမှုန်းပြသ ထားသည်မှာ သူ၏စာပေအနုပညာတစ်ရပ်ပင် ဖြစ်ပေလိမ့်မည်။

"ဒီထဲက မှတ်စုတွေ နိုင်မာအောင်လို့ စာအုပ်ပေါင်း တစ်ရာကျော်လောက်ကို တစ်လအတွင်း ကြည့်ဖြစ်ပါတယ်" ဆိုတဲ့ သူရဲ့စကားကို ကြားရကော့ သတိုးနွယ်ရဲ့ ဇွဲနှင့်ဗဟုသုတလိုက်စားမှုကို မအံ့သြဘဲ မနေနိုင်တော့ဘူး။

ကျမ်းကိုးစာရင်းကိုတော့ အတိုချုံးပြထားတာ တွေ့ရပါတယ်။ ပိဋကတ်တော်လာ ပါဠိအဋ္ဌကထာများ၊ မြန်မာစွယ်စုံကျမ်းများ စသဖြင့် ရေးထားပါသည်။ စာဖတ်သူမိတ်ဆွေအနေဖြင့် ထိုစာအုပ်များရဲ့ ထုထည်ပမာဏကို ကြည့်ရင် စာရေးသူကို အကဲခတ်မိမှာပါ။



အရိုးသားဆုံးတစ်ခု တင်ပြရရင် သည်စာအုပ်ဟာ စာဖတ်ဝါသနာပါသူတွေအတွက်တော့ ဗဟုသုတတွေများစွာရနိုင်တဲ့ စာအုပ်တစ်အုပ်ဆိုတာ ဘယ်လိုမှ ငြင်းပယ်လို့ မရနိုင်ပါဘူး။

နိဂုံးချုပ်အနေအားဖြင့် မိမိအနေဖြင့် ဘယ်လိုပင် ညွှန်းဆိုဖွဲ့နေပါစေ စာဖတ်သူကပင် ဒီစာအုပ်ကို ကောင်း,မကောင်း မိမိအတွက် အသုံးဝင်,မဝင် အဆုံးအဖြတ်ပေးသွားပါလိမ့်သည်။

သေချာတာတစ်ခုကိုတော့ မိမိပြောနိုင်ပါသည်။ စာဖတ်သူအနေဖြင့် ဒီစာအုပ်ကို တစ်ခါဖတ်ပြီး စာအုပ်စင်မှာ အလှထိုးထားရမှာ မဟုတ်ပါဘူး။ နောင်တစ်ချိန်ကြရင် အကြောင်းကြောင်းကြောင့် ဒီစာအုပ်ကို ထပ်လှန်ကြည့်နေမိမယ်ဆိုတာကတော့ သေချာပါသည်။

မြန်မာပြည်အရှင်ဣန္ဒက<br>(ဓမ္မာစရိယ၊ L.L.B)<br>ရွှေဗဟိုစည်ကျောင်းတိုက်၊ ဒလမြို့။

❖

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဗုဒ္ဓပွင့်ခြင်းအကြောင်း

ခပ်သိမ်းသော သတ္တဝါများ ချမ်းသာကြီးပွား အကျိုးများစေခြင်းငှာ မြတ်စွာဘုရားရှင်သည် လောက၌ ပွင့်တော်မူပါသည်။

## သိဒ္ဓတ္ထ အဓိပ္ပာယ်

တစ်လောကလုံး၏ အကျိုးစီးပွားကို ပြုလုပ်ဆောင်ရွက်သူ။

## ကမ္ဘာ ၂-မျိုး

ဘုရားမပွင့်သော သုညကမ္ဘာ။

ဘုရားပွင့်သော အသုညကမ္ဘာ။

## အသုညကမ္ဘာ ၅-မျိုး

ဘုရားတစ်ဆူသာပွင့်သော သာရကမ္ဘာ။

ဘုရားနှစ်ဆူသာပွင့်သော မဏ္ဍကမ္ဘာ။



ဘုရားသုံးဆူသာပွင့်သော ဝရကမ္ဘာ။

ဘုရားလေးဆူသာပွင့်သော သာရမဏ္ဍကမ္ဘာ။

ဘုရားငါးဆူသာပွင့်သော ဘဒ္ဒကမ္ဘာ။ (ယခု)

## သတ္တဝါတို့၏ ပဋိသန္ဓေရက်ပေါင်း

| | |
|---|---|
| ကြံ့သူတော် | ၃၃၀ ရက် |
| ရေမြင်း | ၂၄၀ ရက် |
| ဝံပုလွေ | ၆၃ ရက် |
| ဝေလငါး | ၃၀၅ ရက် |
| ကုလားအုပ် | ၃၉၀ ရက် |
| ခြင်္သေ့ | ၁၁၀ ရက် |
| မြေခွေး | ၆၃ ရက် |
| ကြောင် | ၆၃ ရက် |
| သားပိုက်ကောင် | ၃၉ ရက် |
| သစ်ကုလားအုပ် | ၄၂၀ ရက် |
| အိန္ဒိယ ဆင် | ၆၂၁ ရက် |
| ကျား | ၁၀၆ ရက် |
| ကြံ့ | ၅၄၈ ရက် |
| ခွေး | ၆၃ ရက် |
| ကျွဲ | ၃၁၁ ရက် |

| | |
|---|---|
| မြင်း | ၃၃၀ ရက် |
| ရှဉ့် | ၃၀ ရက် |
| ယုန် | ၃၂ ရက် |
| လူ | ၂၇၀ ရက် |
| လူဝံ | ၂၃၆ ရက် |
| အာဖရိက ဆင် | ၆၃၈ ရက် |
| ဆိတ် | ၁၅၀ ရက် |
| နွား | ၂၈၀ ရက် |
| ပူး | ၆၂ ရက် |
| ပွေး | ၃၀ ရက် |
| ဝက် | ၁၁၅ ရက် |
| သမင် | ၂၃၀ ရက် |
| ဖား | ၁၅၀ ရက် |
| ဝက်ဝံ | ၂၁၀ ရက် |
| ကြွက် | ၂၀ ရက် |

## စေတီ ၄-ဆူ

ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီ။



## ဗုဒ္ဓမွေးဖွားရာဒေသ

သက္ကတိုင်း၊ ကပိလဝတ်နေပြည်တော်နှင့် အနည်းငယ်ဝေးသော လုမ္ဗိနီဥယျာဉ်။

(ယခု ဘင်္ဂလားဒေသမြောက်ဘက်၊ နီပေါနယ်စပ်။)

## ဗုဒ္ဓမွေးရက်

မဟာသက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့်၊ သောကြာနေ့၊ နံနက် (၁း၀၀)နာရီ၊ ဆိတ်လဂ် ဗြိစ္ဆာစန်း၊ ဝိသာခါ နက္ခတ်နှင့် ယှဉ်၏။

## မယ်တော်၏အသက်

(၅၅)နှစ်ကျော်၊ ၆-လစွန်း။

(ဗုဒ္ဓဒေဝစရိယာ ကျမ်း၌ကား သက်တော် ၄၄-ဟုဖော်ပြ)

## ကင်ပွန်းတင်ပွဲကျင်းပချိန်

မဟာသက္ကရာဇ် ၆၈-ခု၊ ကဆုန်လဆုတ် (၅)ရက်၊ ဗုဒ္ဓဟူးနေ့။

## ဖွားဖက်တော် ၇-ဦး

ဘဒ္ဒကစ္စနာ၊ အာနန္ဒာ၊ ဆန္နအမတ်၊ ကာဠုဒါယီ၊ ကဏ္ဍကမြင်း၊ မဟာဗောဓိပင်၊ ရွှေအိုးကြီးလေးလုံး။

## ငရဲကြီး ၈-ထပ်

**သိဉ္ဇိုင်းငရဲ**

သူတော်ကောင်းရဟန်းတို့အား ပြစ်မှား စော်ကားသူတို့သည် ဤငရဲ၌ အနှစ် (၅၀၀) ခံစားကြရ၏။

**ကာလသုတ်ငရဲ**

သူတော်စင် ရဟန္တာပုဂ္ဂိုလ်များအား မလေးစား၊ မရိုသေဘဲ တုတ် လက်နက် စသည်ဖြင့် ညှဉ်းဆဲသူများ၊ အမိအဖတို့ကို နှိပ်စက်သူများသည် ဤငရဲ၌ အနှစ် (၁၀၀၀)ခံစားကြရ၏။

**သံဃာတငရဲ**

သူတစ်ပါးအသက်ကို သတ်ခြင်း စသော ဒုစရိုက်ပြုသူတို့သည် ဤငရဲ၌ အနှစ် (၂၀၀၀) ခံစားကြရ၏။

**ရောရုဝငရဲ**

မကောင်းမှုတို့ကို စိတ်အားထက်သန်စွာ ပြုလုပ်သောသူတို့သည် ဤငရဲ၌ အနှစ် (၅၀၀၀) ခံစားကြရ၏။



**မဟာရောရုဝငရဲ**

သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ရဟန်းသံဃာများကို ပြစ်မှားသောသူတို့သည် ဤငရဲ၌ အနှစ် (၈၀၀၀) ခံစားကြရ၏။

**တာပနငရဲ**

လင်ယောကျ်ားကို မရိုသေ မလေးစားသော အိမ်ရှင်မတို့သည် ဤငရဲ၌ အနှစ် (၁၆၀၀) ခံစားကြရ၏။

**မဟာတာပနငရဲ**

အဂတိလိုက်စားသူများနှင့် မိန်းမယုတ်တို့သည် ဤငရဲ၌ အန္တရကပ်တစ်ဝက် ခံစားကြရ၏။

**မဟာအဝီစိငရဲ**

အမိသတ်သူ၊ အဖ,သတ်သူ၊ ရဟန္တာသတ်သူ၊ ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုသူ သံဃာအချင်းချင်း ကွဲပြားအောင် လုပ်သူတို့သည် ဤငရဲ၌ ဝိဝဋ္ဋဌာယီကပ် တစ်ကမ်ဘာ ခံစားကြရ၏။

## ပါရမီ ၁၀-ပါး

၁။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း **ဒါနပါရမီ**။
၂။ ကိုယ်,နှုတ်နှစ်ပါး လွန်ကျူးမှု,စောင့်ထိန်းခြင်း **သီလပါရမီ**။

၃။ ကာမဂုဏ်အာရုံ၌ ရှောင်ခွာခြင်း၊ တောထွက်ခြင်း **နေက္ခမ္မပါရမီ။**

၄။ အတတ်ပညာမျိုးစုံ၊ အသိပညာမျိုးစုံ သိခြင်း၊ သိစေခြင်း **ပညာပါရမီ။**

၅။ ကုသိုလ်ကိစ္စ၊ အပြစ်မဲ့ကိစ္စတို့ကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ကြိုးပမ်းအားထုတ်ခြင်း **ဝီရိယပါရမီ။**

၆။ သဘာဝဘေးဒဏ်နဲ့ သတ္တဝါတို့ပြုကျင့်သော ဘေးဒဏ်တို့ကို သည်းခံခြင်း၊ ခံနိုင်ရည်ရှိခြင်း **ခန္တီပါရမီ။**

၇။ မလိမ်မညာ မလှည့်မပတ်ဘဲ ဖြောင့်မတ် မှန်ကန်စွာ ပြောဆို လုပ်ကိုင်ခြင်း **သစ္စာပါရမီ။**

၈။ ကုသိုလ်အလုပ်၊ အပြစ်မဲ့အလုပ်တို့ကို ရည်မှန်းချက် မရောက်မချင်း စွဲစွဲမြဲမြဲ စိတ်ဖွဲ့သန်သန် အားမာန်ခိုင်ခံ့စွာ ပြုလုပ်အားထုတ်ခြင်း **အဓိဋ္ဌာနပါရမီ။**

၉။ အများရဲ့ အကျိုးစီးပွားကို လိုလားခြင်း **မေတ္တာပါရမီ။**

၁၀။ ကိုယ့်ကို ချစ်သူ, မုန်းသူတွေအပေါ် ကိုယ်က ချစ်စိတ်, မုန်းစိတ် မထားဘဲ တည်တည်တံ့တံ့ ခံ့ခံ့သန့်သန့်နေခြင်း **ဥပေက္ခာပါရမီ။**

### ဗြဟ္မစိုရ်တရား ၄-ပါး

၁။ သူတစ်ပါးအကျိုးကို လိုလားခြင်းသော **မေတ္တာ။**

၂။ သူတစ်ပါးဆိုးကျိုးကို ဖယ်ရှားပေးခြင်းသော **ကရုဏာ။**



၃။ သူတစ်ပါး ကောင်းစားတာကို ဝမ်းမြောက်ခြင်း **မုဒိတာ။**

၄။ သူတစ်ပါးရဲ့ ကောင်းကျိုး၊ ဆိုးကျိုးဟာ သူတစ်ပါးရဲ့ ကောင်းကံ, ဆိုးကံပေါ်မှာပဲ မူတည်သည်ဟု နှလုံးသွင်းခြင်း **ဥပေက္ခာပါရမီ။**

### ဘာသာတရားတစ်ခု၏ စံ

ကိုးကွယ်သ... ဘာသာတစ်ခုဆိုတာ …

အပြစ်ကင်းရမယ်။

ကောင်းကျိုးရှိရမယ်။

ပညာရှိတို့ကဲ့ရဲ့မှုမှ လွတ်ကင်းရမယ်။

အခြားဘာသာကို ဖျက်ဆီးခြင်း၊ ရှုတ်ချခြင်း ကင်းရမယ်။

အခြားဘာသာများ တရားသဖြင့် တိုးတက်ကြီးပွားအောင် ပြုလုပ်ခြင်းကို ခွင့်ပြုရမယ်။

မကောင်းမှုကို မပြုမိအောင် တားဆီးပေးနိုင်ရမယ်။

စိတ်ကိုကိလေသာမှ စင်ကြယ်အောင် ညွှန်ပြနိုင်စွမ်းရှိရမယ်။

မေတ္တာရှင်(ရွှေပြည်သာ)

### အိမ်တစ်လုံး၏ အဓိကအစိတ်အပိုင်းများ

ထုတ်, လျှောက်, ကျားမော့ ဒိုင်း, မြားတိုင်, မြင့်မိုရ် ပိတ်, အခြင်, ကြက်နင်း, ခေါင်အုပ်, သဘော်ကြမ်း, ယက်မ,

ဆင့်, ခါးပန်း, လှေကား, လက်ရန်း, ဆောင်ပန်း, ခလောက်ဆွဲ, ဆင်ဝင်, ခပြင်, ဆင်ကပ်, ကြွက်လှျောက်, ပြတင်းပေါက်။

## မောနေယျ ကျင့်သူ

ကာဠုဒေဝီရသေ့၏ တူ အရှင်နာဠက။

## သူတော်ကောင်းတရား ၇-ပါး

၁။ ရတနာသုံးပါးနှင့် ကံ,ကံ၏ အကျိုးတရားကို ယုံကြည်ခြင်း **သဒ္ဓါ**။

၂။ အကုသိုလ် ဒုစရိုက်တရားတို့မှ ရှက်ခြင်း **ဟိရီ**။

၃။ အကုသိုလ် ဒုစရိုက်တရားတို့မှ ကြောက်ခြင်း **ဩတ္တပ္ပ**။

၄။ အကြားအမြင်များခြင်း **ဗဟုသုတ**။

၅။ အကုသိုလ်တရားတို့မှ ရှောင်ကြဉ်၍ ကုသိုလ်တရားတို့၌ အပြင်းအထန် ကြိုးစားအားထုတ်ခြင်း **အာရဒ္ဓဝီရိယ**။

၆။ သတိအားကောင်းခြင်း **သတိမာ**။

၇။ သစ္စာတရားတို့ကို သိမြင်ခြင်း **ပညာ**။

## လူမျိုးအသီးသီး၏ အက္ခရာများ

| တိုင်းပြည် | အက္ခရာများ |
|---|---|
| မြန်မာ | ၃၃ |
| ဂျူး, အီတလီ, လက်တင် | ၂၂ |



| | |
|---|---|
| ဂရိတ် | ၂၄ |
| ပြင်သစ် | ၂၅ |
| ဂျာမန်, အင်္ဂလိပ် | ၂၆ |
| စပိန် | ၂၇ |
| အာရေဗျ | ၂၈ |
| တူရကီ | ၂၉ |
| ရုရှား | ၃၂ |
| အာမေးနီးယား | ၃၈ |
| တရုတ် | ၅၃ |
| ယိုးဒယား | ၆၇ |

## ရွှေတိဂုံစေတီတော်၏ အတိုင်းအတာ (၁၇၇၄-ခုနှစ်)

| | | |
|---|---|---|
| ဖိနပ်တော်ပက်လည် | ၁၄၂၀ပေ | |
| ဖိနပ်တော်အမြင့် | ၂ပေ | ၃လက်မ |
| ပစ္စယံသုံးဆင့် ပထမပစ္စယံ | ၁၅ပေ | ၁၀လက်မ |
| ဒုတိယပစ္စယံ | ၃၈ပေ | ၅လက်မ |
| တတိယပစ္စယံ | ၂၅ပေ | ၁၀လက်မ |
| ခေါင်းလောင်းပုံနှင့် သပိတ်မှောက် | ၇၀ပေ | ၄လက်မ |
| ဖောင်းရစ် | ၄၁ပေ | |
| ကြာလံ | ၅၂ပေ | ၁၁လက်မ |

ထီးတော် ၃၃ပေ
ငှက်ပျောဖူး ၁၅ပေ

## စေတီတစ်ဆူ၏ အဓိကအစိတ်အပိုင်းများ

၁။ ရှေးဦးစွာ ပန်းတင်ခုံ (သို့မဟုတ်) ဖိနပ်တော် စတုရန်း အုတ်ခုံ။
၂။ အထက်ပလ္လင် အောက်ပိုင်းသဏ္ဍာန် ပစ္စယံ ၃ဆင့်။
၃။ ပစ္စယံများအထက်တွင် ကြေးပန်း၊ ကြေးဝိုင်း။
၄။ ထိုအထက်တွင် ခေါင်းလောင်းပုံနှင့် သပိတ်မှောက်။
၅။ ထိုအထက်တွင် ဖောင်းရစ်။
၆။ ထိုအထက်တွင် ကြာမှောက်ပုံနှင့် ကြာလန်။
၇။ ထိုအထက်တွင် ချယားသီး (သို့မဟုတ်) ငှက်ပျောဖူး။
၈။ ထိုအထက်တွင် ထီး၊ ငှက်မြတ်နားနှင့် စိန်ဖူး။

## စစ်တိုက်ရာတွင် မသတ်ရသူ ၄ဦး

စစ်ပြေးရန်သူ၊
လက်နက်ချသော ရန်သူန်၊
မိန်းမ၊
ရဟန်း။



## မြန်မာ့ဆိုင်းများ

ဆိုင်းကြီး၊ အငြိမ့်ဆိုင်း၊
ယိုးဒယားဆိုင်း၊ အခမ်းအနားဆိုင်း။

## ဆိုင်းကြီးတွင်ပါဝင်သော ကိရိယာများ

ကြေးဝိုင်း၊ ဆိုင်းဝိုင်း၊ ပတ်မကြီး၊ နောက်ဆွယ်ဗုံ၊ စည်တုတ်၊ ပလုပ်တုတ်၊ မောင်းစည်း၊ လင်းကွင်း၊ ဝါးလက်ခုတ်၊ နှဲ။

## ကြေးဝိုင်း

အချင်း ၄ပေ ၆-လက်မအတွင်း သစ်သားခွေ ၂-ပေ ၆-လက်မ၊ မောင်း (၁၇)လုံးတပ်သည်။ မောင်းအကြီး အငယ် အလိုက် ဖြက် (၇)လက်မမှ (၄)လက်မအထိ ရှိသည်။ ကြေးထု တစ်မတ်မှ ငါးမူးအထိ။ လက်ခေါက်တုတ် အလျား ၆-လက်မ၊ တုတ်အဖျား ဖြက် ၂-လက်မ၊ အထု ၃-မတ်၊ ကျွဲရေကိုဝိုင်း၍ တပ်ထားသည်။

## ဆိုင်းဝိုင်း

အချင်း ၅-ပေ၊ အမြင့် ၂-ပေခွဲ၊ ကြီးငယ်လိုက် ဗုံ ၂၄-လုံး၊ ပတ်မအမြင့် ၄-ပေ၊ တန်းပေါ်တွင်ဆွဲ၍ တီးရသည်။ ကျွန်းသားဖြင့် ပြုလုပ်သည်။

## နောက်ဆွယ်ပုံ

အကြီးအငယ် ၄-လုံး၊ စည်တုတ်ဖြက် အလျား ၁၃လက်မ စီ ရှိသည်။

## ဝါးလက်ခုပ်

ဝါးနက်ဖြင့် ပြုလုပ်သည်။ ဖြက် ၂-လက်မခွဲ၊ အလျား ၂-ပေခွဲ၊ တစ်ဆိုင်းလျှင် ဝါးလက်ခုပ် ၄-ခုပါသည်။

## မောင်း ၂-လုံး

ကြေးဝါဖြင့် ပြုလုပ်သည်။ မည်းနက်အောင် သစ်စေး သုတ်သည်။ လက်ခေါက်အဖျားတွင် ၂-လက်မခန့် ထုထုံးတပ် သည်။ ၆-လက်မ ရှည်သည်။

## ပလုပ်တုတ်

ဆိုင်းဝိုင်းသဏ္ဌာန် အင်္ဂလိပ်ဘင်ကို တု၍ လုပ်ထားသည်။

## စည်တုတ်

ဖြက် ၁၆-လက်မစီ၊ ရင်း ဖျား တစ်တောင့်တည်း ဖြစ်သည်။ ၁၅-လက်မခွဲခန့်ရှိသည်။ ခွတွင် ချိတ်၍တီးသည်။

## နှဲ

နှဲကြီး အလျား ၂၃-လက်မခွဲ၊ နှဲဆစ်ကလေး ၁၁-လက်မခွဲ။



## ကျွန်းကြီး ၄-ကျွန်း

၁။ ဇမ္ဗူသပြေပင် အမှတ်အသားဖြင့် မြင့်မိုရ်တောင်၏ တောင်ဘက် ၌ရှိသော ဇမ္ဗူဒီပကျွန်း။

၂။ ထိန်ပင်အမှတ်အသားဖြင့် မြင့်မိုရ်တောင်၏ အနောက်ဘက် ၌ရှိသော အပရဂေါယာနကျွန်း။

၃။ ပဒေသာပင် အမှတ်အသားဖြင့် မြင့်မိုရ်တောင်၏ မြောက်ဘက် ၌ရှိသော ဥတ္တရကုရုကျွန်း။

၄။ ကုက္ကိုပင် အမှတ်အသားဖြင့် မြင့်မိုရ်တောင်၏ အရှေ့ဘက် ၌ရှိသော ပုဗ္ဗဝိဒေဟကျွန်း။

## မိန်းမတို့၏ ကောင်းခြင်းရှစ်ပါး

၁။ အသားအရေ ဝင်းဝါခြင်း။

၂။ သမင်မျက်စိသဏ္ဌာန် ရှိခြင်း။

၃။ ခါးသေးခြင်း။

၄။ သွယ်လျသော ဆင်နှာမောင်းသဏ္ဌာန် ပေါင်ရှိခြင်း။

၅။ ဆံပင်ကောင်းခြင်း။

၆။ သွားများညီညာခြင်း။

၇။ ချက်တွင်းနက်ခြင်း။

၈။ အလေ့အကျင့် ကောင်းခြင်း။

### သာရကမ္ဘာ၌ပွင့်သော ဘုရားများ

ပဒုမုတ္တရဘုရား၊ သိဒ္ဓတ္ထဘုရား၊ ဝိပဿီဘုရား၊ ကောဏ္ဍညဘုရား။

### မဏ္ဍကမ္ဘာ၌ပွင့်သော ဘုရားများ

သုမေဓဘုရား၊ သုဇာတဘုရား၊ တိဿဘုရား၊ ဖုဿဘုရား၊ သိခီဘုရား၊ ဝေဿဘူဘုရား။

### ဝရကမ္ဘာ၌ပွင့်သော ဘုရားများ

ပိယဒဿီဘုရား၊ အတ္ထဒဿီဘုရား၊ ဓမ္မဒဿီဘုရား၊ အနောမဒဿီဘုရား၊ ပဒုမဘုရား၊ နာရဒဘုရား။

### သာရမဏ္ဍကမ္ဘာ၌ပွင့်သော ဘုရားများ

တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရား၊ ဒီပင်္ကရာဘုရား၊ မင်္ဂလဘုရား၊ သုမနဘုရား၊ ရေဝတဘုရား၊ သောဘိတဘုရား။

### ဘဒ္ဒကမ္ဘာ၌ပွင့်သော ဘုရားများ

ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရား၊ အရိမေတ္တေယျဘုရား။

### ယောကျ်ားမြတ်တစ်ဦးအတွက် အင်္ဂါ ၆-ပါး

၁။ ဦးခေါင်းပေါ်တွင် မြတ်စွာဘုရား၏ခြေတော်တို့ရှိခြင်း။

၂။ နားနှစ်ဖက်တွင် ဗဟုသုတရှိခြင်း။



၃။ နှုတ်ခမ်းတွင် သစ္စာတရားရှိခြင်း။

၄။ လက်နှစ်ဖက်၌ အလှူဒါနဖြင့်ပြီးခြင်း။

၅။ ပခုံးနှစ်ဖက်၌ အောင်မြင်မှုဖြင့်ပြီးခြင်း။

၆။ မျက်လုံးနှစ်ဖက်၌ ကရုဏာဖြင့်ပြီးခြင်း။

### လေးအသင်္ချေ ရေတွက်ပုံ

၁။ ဒီပင်္ကရာမြတ်စွာဘုရားနှင့် ကောဏ္ဍညမြတ်စွာဘုရားတို့၏ အကြား၌ ဘုရားမပွင့်သောကမ္ဘာများ မရေမတွက်နိုင်အောင် များလှပေသည်။ ထိုဘုရားရှင် နှစ်ဆူတို့၏အကြား ရှည်လျားသော ကာလကို **သေလအသင်္ချေ။**

၂။ ကောဏ္ဍညဘုရားနှင့် မင်္ဂလဘုရားတို့၏ အကြား၌ ဘုရားမပွင့်သောကမ္ဘာများ မရေမတွက်နိုင်အောင် များလှပေသည်။ ထိုဘုရားရှင်နှစ်ဆူတို့၏ အကြား ရှည်လျားသော ကာလကို **ဘာသအသင်္ချေ။**

၃။ သောဘိတဘုရားနှင့် အနောမဒဿီ ဘုရားနှစ်ဆူတို့၏ အကြား၌ ဘုရားမပွင့်သောကမ္ဘာများ မရေမတွက်နိုင်အောင် များလှပေသည်။ ထိုဘုရားရှင်နှစ်ဆူတို့၏ အကြား ရှည်လျားသောကာလကို **ဓယအသင်္ချေ။**

၄။ နာရဒဘုရားနှင့် ပဒုမုတ္တရဘုရားနှစ်ဆူတို့၏ အကြား၌ ဘုရားမပွင့်သောကမ္ဘာများ မရေမတွက်နိုင်အောင် များလှ

ပေသည်။ ထိုဘုရားရှင်နှစ်ဆူတို့၏အကြား ရှည်လျားသော ကာလကို **ရှုဓိယအသင်္ချေ**။

## တိုင်းနိုင်ငံအချို့၏ လွတ်လပ်ရေးနေ့များ

| | | |
|---|---|---|
| သီရိလင်္ကာ | ဖေဖော်ဝါရီလ | ၄ ရက် |
| ဂရိ၊ အီတလီ | မတ်လ | ၂၅ ရက် |
| အစ္စရေး | ဧပြီလ | ၂၇ ရက် |
| အာဖဂန်နစ္စတန် | မေလ | ၂၇ ရက် |
| ယိုးဒယား | ဇွန်လ | ၄ ရက် |
| အမေရိကန် | ဇူလိုင်လ | ၄ ရက် |
| ဖိလစ်ပိုင်၊ ပြင်သစ် | ဇူလိုင်လ | ၁၄ ရက် |
| ပါကစ္စတန် | ဩဂုတ်လ | ၁၄ ရက် |
| အိန္ဒိယ | ဩဂုတ်လ | ၁၅ ရက် |
| အင်ဒိုနီးရှား | ဩဂုတ်လ | ၁၇ ရက် |
| နော်ဝေ၊ ပေါ်တူဂီ | စက်တင်ဘာလ | ၁၇ ရက် |
| ဩစတြေးလျ | ဇန်နဝါရီလ | ၂၆ ရက် |
| တူရကီ | နိုဝင်ဘာလ | ၁ ရက် |
| ရုရှား | နိုဝင်ဘာလ | ၇ ရက် |
| တရုတ် | အောက်တိုဘာလ | ၁ ရက် |



## ဗြိတိသျှ လက်အောက်ခံဖြစ်ဖူးသော နိုင်ငံများ

အမေရိကန်၊ သီရိလင်္ကာ၊ မြန်မာ၊ အိန္ဒိယ၊ ဂါနာ၊ မာလာယု၊ ဘယ်(လ်)ဂျီယံ၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ချက်ကိုစလိုဗက်ကီးယား၊ ဩစတြေးလျ၊ ဘူးဂေးရီးယား၊ နော်ဝေး၊ ဆွစ်စလန်၊ ရိုးမေးနီးယား။

## ဆူးလေစေတီ

ရန်ကုန်မြို့ အလယ်ဗဟို ရွှေတိဂုံစေတီ၏ တောင်ဘက် ပေ ၈၂၇၅-ပေ အကွာ၌ တည်ရှိသည်။ သာသနာတော် သက္ကရာဇ် ၂၃၅-ခုနှစ်က တည်ခဲ့သည်။

## ပဋိသန္ဓေ ၄-မျိုး

၁။ အမိဝမ်း၌ ပဋိသန္ဓေမွေးဖွားသော ဇလာဗုဇပဋိသန္ဓေ။
ဥပမာ- လူ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်။

၂။ ဥ၌ သန္ဓေစွဲတည်ပြီး မွေးဖွားသော အဏ္ဍဇလပဋိသန္ဓေ။
ဥပမာ- ကြက်၊ ဘဲ၊ ငှက်၊ ငါး၊ လိပ် စသည်။

၃။ အညီ၌ ပဋိသန္ဓေစွဲတည်ပြီး မွေးဖွားသော သံသေဒဇ ပဋိသန္ဓေ။
ဥပမာ- တီ၊ လောက်လန်း၊ ပဒုမ္မာဒေဝီ၊ ဝေဠုဝတီ၊ စိဥ္စမာန၊ အမ္ဗပါလီ စသည်။

၄။ စုတေ (သေဆုံး)သည်နှင့် တစ်ပြိုင်နက် လျှင်သော အဟုန်ဖြင့် ဖြစ်ရာဘဝ၌ အကောင်အထည်ဖြစ်လာသော ဥပပတ္တိ ပဋိသန္ဓေ။

ဥပမာ- နတ်၊ ဗြဟ္မာ၊ တစ္ဆေ၊ ပြိတ္တာ စသည်။

## ကင်ဆာဖြစ်စေတတ်သော လက္ခဏာများ

၁။ ပါးစပ်၊ လျှာ၊ နှုတ်ခမ်း အနီးပတ်ဝန်းကျင်တို့၌ အနာပေါက်လာပြီး ထိုအနာသည် မည်သည့်ဆေးနှင့်မျှ မပျောက်ဘဲနေခြင်း။

၂။ ရင်ဘတ်၊ သားမြတ်နှင့် အခြားနေရာများ၌ နာကျင်ခြင်း လုံးဝမရှိဘဲ ခပ်မာမာ အသားပြင်တစ်ခု ပေါ်လာခြင်း။

၃။ ဒွါရကိုးပေါက် တစ်နေရာမှာ သွေးစ၊ သွေးနများ ထွက်လာခြင်း။

၄။ မှဲ့၊ ကြွက်နို့များရှိလျှင် ၄င်းတို့သည် အရွယ် အကြီးအသေး ပြောင်းလဲလာခြင်း၊ အရောင်ပြောင်းလာခြင်း။

၅။ အစာမျိုမရ၊ အစာမကြေ တာရှည်ဖြစ်ခြင်း။

၆။ ချောင်းဆိုးခြင်း၊ အသံကွဲခြင်း။

၇။ ဝမ်းသွားချိန် ပြောင်းလဲလာခြင်း။



## ကင်ဆာရောဂါဆိုတာ

ကင်ဆာရောဂါဖြစ်ရခြင်း အကြောင်းရင်းက ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ဆဲလ်တွေဟာ ပုံမှန်မဟုတ်တဲ့နည်းနဲ့ ကြီးထွားလာရာကနေ စတင်လာပါတယ်။

အဖုအကျိတ်ဖြစ်တိုင်းလည်း ကင်ဆာမဟုတ်ပါဘူး။

ရိုးရိုးအကျိတ်တွေဟာ ခန္ဓာကိုယ်ရဲ့ တခြားအစိတ်အပိုင်းတွေကို ပြန့်နှံ့လေ့မရှိပါဘူး။ ကင်ဆာဆဲလ်ကတော့ ပြန့်နှံ့တတ်တဲ့ သဘာဝရှိပါတယ်။

ကင်ဆာလက္ခဏာ တချို့ကတော့ အဖုအကျိတ်အသစ်ထွက်မယ်။ ပုံမှန်မဟုတ်တဲ့ သွေးယိုစိမ့်မှု၊ ဥပမာ နှာခေါင်းသွေးယိုမယ်၊ ချောင်းဆိုးရက်ရှည်မယ်။ ရှင်းပြနိုင်တဲ့အကြောင်းမရှိဘဲ ကိုယ်အလေးချိန် လျော့ကျလာမယ်။ အူလမ်းကြောင်းရွေ့လျားမှု ဖောက်ပြန်မယ်။ (ကင်ဆာမဟုတ်လည်း ဖြစ်တတ်တာကို သတိပြုရပါမယ်) ကင်ဆာအမျိုးပေါင်းကတော့ (၁၀၀)ကျော်ပါတယ်။

ကင်ဆာနဲ့ သေဆုံးမှုရဲ့ (၂၂)ရာခိုင်နှုန်းက ဆေးလိပ်သောက်ခြင်းပါ။ တခြားသော ကင်ဆာရောဂါဖြစ်ရတဲ့ အကြောင်းရင်း (၁၀)ရာခိုင်နှုန်းကတော့ အဝလွန်ခြင်း၊ အဟာရမပြည့်ဝခြင်း၊ လှုပ်ရှားမှု နည်းလွန်းခြင်းနဲ့ အရက်သေစာ သောက်သုံးခြင်းတို့ ဖြစ်ပါတယ်။

တခြားသော အကြောင်းရင်းများမှာတော့ ကူးစက်ရောဂါများကြောင့် အိုင်းယွန်းများပြိုလွဲစေတဲ့ ဓာတ်ရောင်ခြည်သင့်မှုကြောင့်၊ တိုးတက်လာတဲ့ ယနေ့ကမ္ဘာမှာ ကင်ဆာရောဂါဖြစ်ခြင်း အကြောင်းရင်း(၂၀)ရာခိုင်နှုန်းက ဘီပိုး၊ စီပိုးရောဂါနဲ့ Papillomma Virus(ခေါ်) မနာကျင်တတ်သော ကူးစက်တတ်တဲ့ အဖုသေးများကြောင့်လည်း ဖြစ်တတ်ပါတယ်။

လူတွေဟာ သဘာဝမကျတဲ့ စိုက်ပျိုးစနစ်၊ အစားအစာ ထုတ်လုပ်မှု၊ သဘာဝမကျတဲ့ မွေးမြူရေး၊ သဘာဝမကျတဲ့ မျိုးစပ်မှု၊ အပင်နဲ့ တိရစ္ဆာန်တွေ မျိုးစပ်မှုတွေကြောင့် ကိုယ်အတတ်ကိုယ်စူးပြီး သဘာဝမကျတဲ့ ဆဲလ် (ကင်ဆာဆဲလ်တွေပေါ်လာရင် ဒုက္ခပေးတော့တာပေါ့) အဲဒီကင်ဆာဆဲလ်တွေဟာ (Out Of Contral) ထိန်းချုပ်မဲ့ ကြီးထွားပြီးရောဂါရတော့တာပါပဲ။

ဒါဟာ ဆဲလ်တစ်ခုရဲ့ ဗီဇပြောင်းလဲမှုကို နည်းနည်းဖြစ်ဖြစ်၊ အပြည့်အဝဖြစ်ဖြစ် သက်ရောက်မှုရှိလာရာက ရောဂါဝေဒနာခံစားရတာပါ။

(၅)ရာခိုင်နှုန်းကနေ (၁၀)ရာခိုင်နှုန်းအထိ ကင်ဆာဟာ မိဘကနေ မျိုးရိုးလိုက်နိုင်တဲ့ အခြေအနေမို့ ဒါဟာ ရာခိုင်နှုန်း အားဖြင့်တော့ နည်းပါတယ်။ ကင်ဆာဖြစ်ပြီဆိုရင် ရောဂါလက္ခဏာတွေလည်း ပြသလို Screening tests နဲ့လည်း စမ်းသပ်သိနိုင်ပါ



တယ်။ ဆေးပညာနဲ့ ခန့်မှန်းပြီးတဲ့အခါမှာ biopsy ခေါ် အသားစတစ်သျှူးကို ဓာတ်ခွဲခန်းမှာ စစ်ဆေးနည်းနဲ့လည်း အတည်ပြုနိုင်ပါတယ်။

ကင်ဆာကို အားပေးတာက ဆေးလိပ်သောက်ခြင်း၊ အသားစားကျူးခြင်း၊ အဆီစားများခြင်းတို့ဖြစ်ပြီး ကာကွယ်ပေးနိုင်တာက သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တွေ စားပေးခြင်းဖြစ်ပါတယ်။ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်ပြီး ကိုယ်အလေးချိန်လျှော့ချသင့်တယ်။ နေရောင်ထဲ ကြာကြာမနေသင့်ဘူး။ ကူးစက်ရောဂါကာကွယ်ဆေးတွေ ထိုးပေးခြင်းဖြင့် ကင်ဆာနဲ့ ဝေးဝေးနေနိုင်ပါတယ်။

ကင်ဆာကို အမျိုးမျိုးကုကြပါတယ်။ ဓာတ်ရောင်ခြည်နည်း၊ ဓာတုဗေဒနည်း (ကီမိုဆေးသွင်းခြင်း) ခွဲစိတ်ကုသနည်း စတာတွေပါ။

၂၀၁၂-ခုနှစ်မှာတော့ ကမ္ဘာမှာ ကင်ဆာရောဂါသည် ၁၄.၁သန်း ရှိလာပါတယ်။ ကင်ဆာကြောင့် ၈.၂သန်း သေဆုံးရပါတယ်။ လူသားတွေ သေဆုံးမှု စုစုပေါင်း ပမာဏရဲ့ ၃၄.၆ ရာခိုင်နှုန်းဟာ ကင်ဆာနဲ့ သေဆုံးရတာပါ။

မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ကင်ဆာဖြစ်ပွားမှုနှုန်း အများဆုံး နံပါတ်(၂)နေရာ ယူထားပါပြီ။

အမျိုးသားတွေမှာ အဖြစ်များတဲ့ ကင်ဆာတွေကတော့ အဆုတ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အစာအိမ်နဲ့ ဝမ်းဗိုက်ကင်ဆာ၊ အူလမ်းကြောင်းကင်ဆာတွေ ဖြစ်ပါတယ်။ အမျိုးသမီးများမှာတော့ ရင်သားကင်ဆာ၊ အူလမ်းကြောင်းကင်ဆာ၊ အဆုတ်ကင်ဆာနဲ့ လည်ချောင်းကင်ဆာအဖြစ် များပါတယ်။

ကလေးများမှာတော့ သွေးကင်ဆာနဲ့ ဦးနှောက်အကျိတ်ကင်ဆာတွေ အဖြစ်များပါတယ်။ ၂၀၁၂ခုနှစ် ကမ္ဘာမှာ (၁၅)နှစ်အောက် ကင်ဆာဖြစ်တဲ့ ကလေးငယ် စုစုပေါင်း ၁၆၅၀၀၀ရှိပါတယ်။

ကိုယ်ခန္ဓာလှုပ်ရှားမှုနည်းခြင်းနဲ့ အဝလွန်ခြင်းဟာ ကင်ဆာကြောင့် သေဆုံးမှုနဲ့ (၃၀)ရာခိုင်နှုန်းကနေ (၃၅)ရာခိုင်နှုန်းထိ ဆက်နွယ်မှု ရှိနေပါတယ်။ အဝလွန်ခြင်းဟာ ကိုယ်ခံအား (ခန္ဓာကိုယ်ရဲ့ ခံနိုင်ရည်)ကိုလည်း ကျဆင်းစေပါတယ်။ အစားလွန်ခြင်းဟာ ကျန်းမာရေးအတွက် လုံလောက်အောင် မစားခြင်းထက်တောင် အန္တရာယ်ပိုကြီးပါတယ်။

အသီးအနှံသီပ်မစားဘဲ အနီရောင်အသားတွေ (အမဲ၊ ဝက်၊ ဆိတ်) များများစားခြင်းဟာ ကင်ဆာကို လက်ယက်ခေါ်သလိုပါ။ ဒါကြောင့် အသက်(၂၅)နှစ်ကျော်ရင် ကင်ဆာအားပေးတဲ့ အစာတွေ လျှော့စားပြီး Unttioxidants တွေပါဝင်တဲ့ အသီးအနှံများကို များများစားသင့်ပါတယ်။



အင်တွေ အစားများရင် (အစာအိမ်ကင်ဆာဖြစ်ဖို့ များပါတယ်။ အရက်စွဲခြင်းနဲ့ aflatoding BI (ဖက်တီးအက်စစ်ကဖြစ်လာတတ်)တွေဟာ အသည်းကင်ဆာကို ဖြစ်စေတတ်ပါတယ်။ ကွမ်းစားခြင်းက ခံတွင်းကင်ဆာဖြစ်စေပါတယ်။

နိုင်ငံတွေ အလိုက်လည်း ကင်ဆာရောဂါတွေကွဲပြားပြီး မတူတတ်ပါဘူး။ ဥပမာ အင်များတဲ့ အစားအသောက်တွေကြောင့် ဂျပန်မှာ အစာအိမ်ကင်ဆာအဖြစ်များပါတယ်။ အမေရိကန်မှာတော့ အူမကြီးကင်ဆာအဖြစ်များပါတယ်။

ဗိုင်းရပ်စ်ပိုးတွေက ကင်ဆာဖြစ်ဖို့ အားပေးပါတယ်။

ကင်ဆာရောဂါဖြစ်ပွားစေတဲ့ အထဲမှာ ဟိုမုန်းဓာတ်ကလည်း ပါဝင်ပတ်သက်မှုရှိပါတယ်။ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ မျိုးဥကင်ဆာနဲ့ ဝှေးစေ့ကင်ဆာတွေ ဖြစ်ပါတယ်။ နောက်ပြီး သိုင်းရွိုက်ကင်ဆာနဲ့ အရိုးကင်ဆာတွေလည်း ပါဝင်ပါတယ်။

မျိုးရိုးဗီဇနဲ့ ပတ်သက်လို့ ကင်ဆာအကြောင်း သိသင့်တာက ရင်သားကင်ဆာရောဂါရှိတဲ့ မိခင်ရဲ့ သမီးဟာ ရောဂါမရှိတဲ့ မိခင်ရဲ့ သမီးထက် အက်စ်ထရိုဂျင်နဲ့ ပရိုဝက်စ်တီရုန်းဟိုမုန်းတွေ မြင့်တတ်ပါဝင်နေမှာ ဖြစ်ပါတယ်။ ဒါဟာ ရောဂါမရှိသေးဘူး

ဆိုရင်တောင် တစ်ချိန်ချိန်မှာ ဖြစ်လာနိုင်တဲ့ လက္ခဏာရပ် ဖြစ်ပါတယ်။

အာဖရိကန်အမျိုးသားတွေဟာ အမေရိကန်အမျိုးသမီးတွေထက် 'တက်စတိုစတီရုန်း'ပိုများပြီး ဆီးကျိတ်ကင်ဆာဖြစ်နိုင်ချေပိုပါတယ်။ အာရှတိုက်သားတွေကတော့ 'တက်စတိုစတီရုန်း' အနည်းဆုံးဖြစ်တဲ့အတွက် ဆီးကျိတ်ကင်ဆာဖြစ်နိုင်ချေလည်း အနည်းဆုံးပါ။

ဟိုမုန်းအပြောင်းအလဲအတွက် ကုသမှုခံယူဖူးတဲ့အမျိုးသမီးတွေဟာ ကင်ဆာဖြစ်နိုင်ချေ ပိုများပါတယ်။ လေ့ကျင့်ခန်းပုံမှန်ထက် ပိုလုပ်သူများမှာလဲ အဲဒီဟိုမုန်းပါဝင်မှုကို လျှော့နည်းစေတဲ့အပြင် ကင်ဆာဖြစ်နိုင်ချေကိုလည်း လျှော့ကျစေပါတယ်။

ကင်ဆာရောဂါရှာဖွေစမ်းသပ်နည်းတွေကတော့ သွေးစစ်ခြင်း၊ X-rays ဓာတ်မှန်ရိုက်ခြင်း၊ CT Snas ဖက်ခြင်းနဲ့ endqscopy ခန္ဓာကိုယ်တွင်း ကြည့်သည့် ကိရိယာဖြင့် စမ်းသပ်ခြင်းတို့ဖြစ်ပါတယ်။ အသားစတစ်သျှူးကို biopsy ဓာတ်ခွဲ စမ်းသပ်ခြင်းနဲ့လည်း ဆုံးဖြတ်လေ့ရှိပါတယ်။

ပတ်ဝန်းကျင် လေထုညစ်ညမ်းတဲ့ နေရာမှာနေသူများဟာ လေထုသန့်ရှင်းတဲ့ နေရာမှာနေသူများထက် ကင်ဆာရောဂါဖြစ်နိုင်ချေ ပိုများကာလည်း တွေ့ရှိရပါတယ်။



ကော်ဖီသောက်ခြင်းဟာ အသည်းကင်ဆာဖြစ်နိုင်ချေ လျှော့နည်းဖို့ အထောက်အကူပြုတာကိုလည်း တွေ့ရှိရပါတယ်။ အဆီနဲ့အချိုအဆိမ့်က ကောင်းကျိုးပေးတာ မတွေ့ရဘဲ၊ ကင်ဆာရောဂါအားပေးတဲ့အထဲမှာ ငါးမပါဝင်တာတွေ့ရပါတယ်။

ဗီတာမင်ကတော့ ကင်ဆာကို ကာကွယ်ပေးနိုင်စွမ်းမရှိပါဘူး။ ဒါပေမယ့် ဗီတာမင်ဒီလိုအပ်တာထက် နည်းပါးရင်တော့ ကင်ဆာဖြစ်နိုင်မှုကို တွန်းအားပေးကြောင်း သိရပါတယ်။

## သဘော်ရွက်ကင်ဆာကုထုံး

ဩစတြေးလျာ Australia တိုက် Gold Coast ဒေသမှာ နေထိုင်ကြသူများတွေဆီက စတင်ခဲ့တဲ့ ကုထုံးကတော့ သဘော်ရွက်အရည်နဲ့ ကင်ဆာရောဂါကုသတဲ့နည်းပါပဲ။

Harald W.Titze 'ဟာရီးဒဗလျူတိစ်'ရဲ့ စာအုပ်တစ်အုပ်မှာ သဘော်ပင်နဲ့ သဘော်ရွက်ကို ဆေးဘက်ဝင်တဲ့ အပင်လို့ ရေးသားခဲ့ပါတယ်။ သူ့စာအုပ်မှာတော့ သဘော်ရွက်ကြောင့် အသက်ရှင်ခဲ့ရတဲ့ ကင်ဆာရောဂါသည် အမြောက်အမြားရဲ့ အကြောင်းတွေကို ရေးထားတဲ့အပြင်၊ သဘော်ရွက်ကနေ အရည်ကို ဘယ်လိုထုတ်ယူရမယ်ဆိုတာ ပါဝင်ပါတယ်။

၁၉၇၈ ခုနှစ်က ထုတ်ဝေခဲ့တဲ့ အဲဒီစာအုပ်မှာ Stan Sheldon စတန်ရှယ်လ်ခွန်ဆိုသူက သဘော်ရွက်ပြုတ်ရည်ကို သောက်သုံးပေးခြင်းဖြင့် သူ့ရဲ့ကင်ဆာရောဂါကို အမြစ်ပြတ်အောင် ကုနိုင်ခဲ့တာ အကြောင်းကိုယ်တွေ့ပြောပြခဲ့ပါတယ်။

ခုချိန်ထိ အမေရိကန်နိုင်ငံမှာ သူ့ရဲ့ သဘော်ရွက်ကုထုံးကို သုတေသနလုပ်ခဲ့ကြပါတယ်။ သဘော်ရွက်၊ သဘော်ပင်မှာပါတဲ့ ဓာတုပစ္စည်းတွေကို ခွဲခြမ်းစိတ်ဖြာရင်း လက်တွေ့စမ်းသပ်ခဲ့ကြပါတယ်။

လက်တွေ့စမ်းသပ်တဲ့အခါမှာ တခြားကင်ဆာပျောက်ဆေးတွေထက် အဆပေါင်းများစွာ သဘော်ရွက်က ကင်ဆာရောဂါကို သက်သာစေတာတွေ့ရှိခဲ့ကြရကြောင်း အစီရင်ခံစာထွက်လာပါတယ်။

မစ္စတာရှယ်လ်ဒန်ကတော့ ဒီတွေ့ရှိချက်အပေါ် အံ့သြခြင်း အလျှင်မဖြစ်မိပါဘူးတဲ့။ သူ့မှာ အဆုတ်နှစ်ဘက်စလုံး ကင်ဆာဖြစ်နေခဲ့တာလို့ ပြောပါတယ်။ သေမှာလည်း အတော်ကို သေချာနေပါတယ်။

ဒါပေမဲ့ …

သူဟာ ထူးဆန်းတဲ့ကုထုံးဖြစ်တဲ့ သဘော်ရွက်ကုထုံးကို နောက်ဆုံးစမ်းသပ်ကြည့်လိုက်ပါတယ်။ (၂)လတိတိနေ့စဉ် သဘော်ရွက်အရည်ကို သောက်ပြီးတဲ့အခါ X-rays ဓာတ်မှန်ပြန်ရိုက်ကြည့်ပါတယ်။



သူဟို့ကပြောတယ်။

မင်းရဲ့ အဆုတ်နှစ်ဘက်စလုံးမှာ ဘာရောဂါလက္ခဏာမှ မတွေ့ရတော့ဘူးတဲ့။ ကျွန်တော်အဖို့ မယုံကြည်နိုင်လောက်အောင်တောင် ဖြစ်ခဲ့ရတာပါလို့ ပြောပါတယ်။ ရောဂါမရှိကြောင်း ဓာတ်မြင်ထင်ရှား တွေ့လိုက်ရဟာတောင် သမားတော်တွေခမျာ မယုံနိုင်ဖြစ်နေကြတာ တွေ့ရပါတယ်။ သူတို့က ခေါင်းကုတ်နေကြတယ်တဲ့ ပြီးတော့မှ အေး‥ မင်းရဲ့ သဘော်ရွက်ရည်ဘဲ ဆက်သောက်ပေါ့ကွာဟု ထူးထူးဆန်းဆန်းရိုက်ကြည့်ပြီး ပြောတယ်တဲ့။

သူ့နည်းကတော့ …

သဘော်ရွက်နဲ့ အရိုးတွေကို ရေစင်အောင်ဆေးတယ်။ နောက်ပြီး အိုးတစ်လုံးမှာ (၂)နာရီလောက်ကြာအောင် မီးအေးအေးနဲ့ ပြုတ်ပါတယ်။ ပြီးမှ စစ်ယူပြီး ပုလင်းထဲထည့်ဟားပါပဲ။

ရေခဲသေတ္တာထဲမှာ သိမ်းထားရင် သုံးလေးရက်ထိတော့ ခံတတ်ပါတယ်လို့ ဆိုပါတယ်။ အရည်တွေနဲ့ နောက်သွားရင်တော့ မသုံးပါနဲ့၊ သူကတော့ ထမင်းစားဇွန်းနဲ့ သုံးဇွန်းစီ တစ်နေ့ သုံးကြိမ်သောက်ခိုင်းပါတယ်။ ဆရာဝန်လက်လျှော့ထားတဲ့ ကင်ဆာဝေဒနာရှင်များတောင် ရောဂါပျောက်ကင်းတဲ့ သူရှိပါတယ်။

## ပဉ္စဝဂ္ဂီ ၅-ဦး

ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ။

## သီပေါမင်း နတ်ရွာစံချိန်

၁၉၁၆-ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် အိန္ဒိယပြည် ရတနာဂီရိမြို့၌ နတ်ရွာစံတော်မူသည်။

## ဒေါသထွက်ခြင်း အပြစ် ၅-ပါး

၁။ အများက မချစ် မနှစ်သက်ခြင်း။

၂။ ကိုယ်, စိတ် နှစ်ပါး မကြည်လင်ခြင်း။

၃။ ဘေးရန်များခြင်း။

၄။ တွေဝေ၍ သေရခြင်း။

၅။ သေပြီး အပါယ်လားခြင်း။

## ဗျူရိုကရေစီ

ပြင်သစ်ဘာသာ ဗျူရိုနှင့် ဂရိဘာသာ ကရာတိုင်ဆိုသော စကားနှစ်ရပ်အား ပေါင်းစည်းထားခြင်း ဖြစ်၏။ အဓိပ္ပာယ်မှာ ရုံးခန်းအတွင်းမှ အုပ်ချုပ်ခြင်း ဖြစ်၏။

## ပြိတ္တာဟူသည်

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကယ်ဟူသော အပါယ် လေးပါးတို့တွင် ပါဝင်သော လူ့လောကအတွင်း တောချုံ ပိတ်ပေါင်း၊ လှိုင်ခေါင်း၊ တောင်စောင်းတို့တွင် နေထိုင်သော ဆင်းရဲစွာ ခံစားနေရသော သတ္တဝါများ။



## ပြိတ္တာဘဝရောက်သူများ

ကိုယ်တိုင် အလှူ မလုပ်ခြင်း။

သူတစ်ပါး လှူသည်ကို တားမြစ်ခြင်း။

ဝန်တို မစ္ဆရိယ များခြင်း။

## ပြိတ္တာတို့၏ဘဝ

အနှစ်တစ်ရာ၊ တစ်ထောင်၊ ဘုရားတစ်ဆူနှင့် တစ်ဆူကြား ကာလတိုင်အောင် ထမင်းမစားရ၊ ရေမသောက်ရဘဲ ဆင်းရဲကြီး စွာ ခံစားရ၏။

## ပြိတ္တာတို့၏ ခန္ဓာကိုယ်

အသွေးအသားခန်းခြောက်၍ အရေမျှသာ ရှိခြင်း။

မလှပသော အဆင်းရှိခြင်း။

ကြောက်မက်ဖွယ် အဆင်းရှိခြင်း။

## ပြိတ္တာတို့၏ အဆင့်အတန်းအမျိုးမျိုး

၁။ တစ်ဦးတစ်ယောက်ကို ဝင်ပူးမှ စားရသောအမျိုး။

၂။ အနံ့ခံရုံနှင့် အာဟာရပြည့်သောအမျိုး။

၃။ ချက်ကြော်ပြီးမှ ကြိုက်တတ်သောအမျိုး။

၄။ အစိမ်းလိုက်စားချင်သော အမျိုး။

၅။ အရှင်လတ်လတ် တကျွတ်ကျွတ်မြည်အောင် ဝါးစားချင် သောအမျိုး။

၆။ သစ်ပင်ချုံပုတ်၌ နေရသောအမျိုး။

၇။ ကျောင်းပျက် ဇရပ်ပျက်၌ နေရသောအမျိုး။

၈။ သင်္ချိုင်း၌ နေရသောအမျိုး။

၉။ လူတို့ပတ်ဝန်းကျင်၌ နေရသောအမျိုး။

၁၀။ တော, တောင် ချောက်ကမ်းပါး၌ နေရသောအမျိုး။

၁၁။ ဘုံဗိမာန်၌ နေရသောအမျိုး။

၁၂။ တရားဓမ္မအသံ မကြားချင်သောအမျိုး။

၁၃။ ဘုရား, တရား, သံဃာနှင့် ပတ်သက်၍ ထွက်ပြေးရသော အမျိုး။

၁၄။ တရားသံကြား၍ ကျွတ်သွားသောအမျိုး။

၁၅။ သာဓုခေါ်သံကြောင့် အဆင့်အတန်း မြင့်သွားသော အမျိုး။

## ပြိတ္တာတို့၏စားပတ်နေရေး

ပြိတ္တာတို့သည် လူတို့စွန့်ပစ်ထားသော စားကြွင်း စားကျန်များကို ရှာဖွေကာ မဝ,တဝ စားသောက်ရ၏။ တချို့ ပြိတ္တာတို့သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အကောင်ပုပ်၊ ပြည်ပုပ်၊ သွေးပုပ်တို့ကို စားသောက်ကြရ၏။



## ပြိတ္တာတို့၏ ဘဝကူးပြောင်းပုံအချို့

တစ္ဆေ၊ သရဲ စသော ပြိတ္တာတို့ သေဆုံးသည့်အ ပိုးပေါက်ဖက်, ပိုးနံကောင်, မြွေ, ကင်းမြီးကောက်, ယု ကင်းခြေများ, ပုတ်သင်ညို, သမင်, ဖား, မိကျောင်း, လင်းပိုင် စိုင်, ဆတ်, ဖျံ စသည် ပြောင်းတတ်၏။

## ထုဇ္ဆေ

လူတို့ကို ခြောက်လှန့်တတ်သော ပြိတ္တာ ဟူသမျှ တစ္ဆေဟုခေါ်၏။

## တစ္ဆေခြောက်ခြင်း အကြောင်းများ

၁။ ကံ, နိမ့်၍ ခြောက်ခြင်း။

၂။ နောက်ချင်၍ ခြောက်ခြင်း။

၃။ ချစ်ခင်၍ ခြောက်ခြင်း။

၄။ အမျှအတန်းပေးလို၍ ခြောက်ခြင်း။

၅။ စားသောက်လို၍ ခြောက်ခြင်း။

၆။ ဥစ္စာပေးလို၍ ခြောက်ခြင်း။

၇။ မှာစရာရှိ၍ ခြောက်ခြင်း။

၈။ နှုတ်ဆက်လို၍ ခြောက်ခြင်း။

၉။ သားမယား စွဲလမ်း၍ ခြောက်ခြင်း။

၁၀။ တရားသံ မကြားလို၍ ခြောက်ခြင်း။

## အနံ့ပေးခြင်း

၁။ အပုပ်နံ့သည် အကူအညီတောင်းလို၍ ဖြစ်၏။

၂။ အမွှေးနံ့သည် လာရောက် နှုတ်ဆက်ခြင်းဖြစ်၏။

## ဖုတ်ဝင်ခြင်း

နာတာရှည်ရောဂါသည်များနှင့် လတ်တလောသေသူများကို ဝင်ရောက်ပူးကပ်၍ တိတ်ဆိတ်သော ညအခါများ၌ အစားအသောက်များကို ခိုးစားတတ်၏။ သား, ငါး ကြိုက်၏။

## ဥစ္စာစောင့်နှင့် ကျက်

ဥစ္စာစောင့်နှင့် ကျက်တို့သည် ပြိတ္တာအမျိုးအစား၌ ပါဝင်၏။ ဥစ္စာစောင့်တို့သည် အရွယ်သင့်၊ အဆင်းလှခြင်း၊ ရုပ်ချောအပြောကောင်းခြင်း သဘောရှိ၏။

ကျက်တို့သည် အလိမ္မာသုံးကာ ခြောက်တတ်သည်။ သူတို့အချင်းချင်း စုရုံးကာ တစ်စုတစ်ဝေးတည်း ရှာတည်၍ နေတတ်၏။ သူတို့တွင် လူတို့ကဲ့သို့ အကြီးအကဲ အုပ်ချုပ်သူရှိ၏။

ဥစ္စာစောင့်နှင့် ကျက်တို့သည် လူတို့က ဖိတ်ကြားလျှင် တရားနာခြင်း၊ အမျှဝေခြင်း၊ သာဓုခေါ်ခြင်းများကို ပြုလုပ်နိုင်၏။ အိပ်မက်ပေးနိုင်၏။ လူတို့အား ကိုယ်ထင်ရှားစွာပြ၍ စကားပြောနိုင်၏။ ရွှေ, ငွေပေးခြင်းဖြင့် လူတို့၏ ကျေးဇူးကို ဆပ်နိုင်၏။



ကျက်တို့သည် လူတို့အား အန္တရာယ် တစ်စုံတစ်ရာဖြစ်အောင် မလုပ်၊ နောက်ပြောင်ရုံသာ ခြောက်တတ်ကြ၏။

## မဟာသက္ကရာဇ်

ဘုရားမပွင့်ခင် ဘိုးတော် အဉ္ဇနမင်း တည်ထားသော သက္ကရာဇ်။

## သာသနာသက္ကရာဇ်

ဘုရားပရိနိဗ္ဗာန်ပြုပြီး၍ ပထမသင်္ဂါယနာ တင်သည့်နှစ်မှ စတင်ရေတွက်သောနှစ်။

## မြန်မာသက္ကရာဇ်

ပုပ္ပား စောရဟန်းမင်း လက်ထက် တည်ထားသော သက္ကရာဇ်။

## ခရစ်နှစ် (ဘီစီ)

ခရစ်မပေါ်မီ နှစ်။

## ခရစ်နှစ် (အေဒီ)

ခရစ်ပေါ်ပြီး နှစ်မှ စတင်ရေတွက်သည်။

## ပုဂံသာသနာ စ,ပေါ်ချိန်

အေဒီ(၁၀၄၄)ခုနှစ်တွင် ပုဂံအနော်ရထာမင်း နန်းတက်သော အချိန်၊ အနော်ရထာမင်းသည် အရည်းကြီးဘာသာကို

စက်ဆုပ်သောကြောင့် သထုံမှကြွလာသော "ဓမ္မဒဿီ" ဘွဲ့ခံ ရှင်အရဟံ၏ အကူအညီဖြင့် အရည်းကြီးများကို နှိမ်နင်းကာ သာသနာစတင်ခဲ့၏။

## ဗျာဒိတ်ရခြင်း အင်္ဂါ ၈-ပါး

၁။ လူသားစင်စစ် ဖြစ်ခြင်း။

၂။ ယောကျ်ား ဖြစ်ရခြင်း။

၃။ ဗျာဒိတ်ခံယူသော ဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သော အကြောင်းကံ ပါရှိခြင်း။

၄။ မြတ်စွာဘုရားကို ကိုယ်တိုင် ဖူးတွေ့ရခြင်း။

၅။ ဗျာဒိတ်ခံယူသောဘဝ၌ ရသေ့ရဟန်းဘဝ၌ ရှိခြင်း။

၆။ ဈာန်, အဘိညာဉ်နှင့် ပြည့်စုံခြင်း။

၇။ မြတ်စွာဘုရားအား လွန်ကဲသောကောင်းမှု ပြုလုပ်ခြင်း။

၈။ ဘုရားဖြစ်ချင်သောဆန္ဒ ကြီးမားခြင်း။

## မြတ်စွာဘုရားတိုင်း မတူခြင်း ၈-မျိုး

၁။ အသက်တမ်း ပမာဏ။

၂။ လုံးရပ် ပမာဏ။

၃။ အမျိုးအနွယ်။

၄။ တောထွက်သည့်အခါ စီးသည့်ယာဉ်။

၅။ ဗောဓိပင်။



၆။ ပလ္လင်တော်ပမာဏ။

၇။ ဒုက္ကစရိယာ ကျင့်ရာကာလ။

၈။ ရောင်ခြည်တော် ပမာဏ။

## ဗုဒ္ဓပွင့်ချိန်နှင့် မြန်မာပြည်အခြေအနေ

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဘီစီ(၅၈၄)တွင် ပွင့်တော်မူ၏။ ထိုအချိန်က မြန်မာနိုင်ငံသည် မွန်, ပျူ, ဗမာ, တိဗက်, စမာ, ထိုင်း, တရုတ်လူမျိုးတို့ဖြင့် ဖွဲ့စည်းထားသော ပဒေသရာဇ်မြို့ပြ ဖြစ်နေ၏။

## အရိမေတ္တေယျဘုရားနှင့် ပတ်သက်၍

| | |
|---|---|
| ခမည်းတော် | သုဗြဟ္မပုရောဟိတ်ပုဏ္ဏား |
| မယ်တော် | ဗြဟ္မဝတီပုဏ္ဏားမ |
| ဘုရားအလောင်းအမည် | အဇိတမင်းသား |
| ဖွားဘက်တော်အရေအတွက် | ၁၈ကုဋေ |
| နေပြည်တော်အမည် | ကေတုမတီနေပြည်တော် |
| ဖွားရာဒေသ | ဣတိပတနသမင်တော |
| ဘုရားလောင်းမိဖုရား | စန္ဒမုက္ခီ |
| သားတော်အမည် | ဗြဟ္မဝံသ |
| သက်တမ်း | ၁-သိန်း |
| ဘုရားရှင်နေမည့်သက်တမ်း | ၈-သောင်း |

| | |
|---|---|
| ဘုရားရှင်၏အရပ်တော် | အတောင် (၈၀) |
| ဘုရားရှင်၏မျက်တွင်းတော် | ၅-တောင် |
| ဘုရားရှင်၏ခံတွင်းတော် | ၅-တောင် |
| ဘုရားရှင်၏နှားရွက်တော် | ၅-တောင် |
| ဖဝါးတော်အလျား | ၁၀-တောင် |
| လက်ချောင်းအကြား | ၁-ထွာ |
| ခြေမျက်စိမှပဆစ်ဒူးအထိ | ၂၀-တောင် |
| ရိုးရိုးလူတို့၏အရပ် | ၇၀-တောင် |
| ဖွားစကလေးအရပ် | ၅-တောင် |
| ဒုက္ကရစရိယာကျင့်ရာကာလ | ၆-ရက် |
| လကျာ်ရံသာဝက | အရှင်သောက |
| လက်ဝဲရံသာဝက | အရှင်ပြဟ္မဒေဝ |
| အလုပ်အကျွေး | အရှင်သီဟ |

## ဘုရားရှင်အား ဖူးတွေ့ခွင့်ရလိုလျှင်

သရဏဂုံသုံးပါးစောင့်တည်ပါ။

ငါးပါးသီလစောင့်ထိန်းပါ။

လူကြီးမိဘကို ပြုစုလုပ်ကျွေးပါ။

လမ်းတံတားခင်းပါ။

ဗောဓိပင်အား ညောင်ရေသွန်းပါ။



## ဥပ္ပါဒသန္တိ ရွတ်ဖတ်ရခြင်းအကျိုး

၁။ ခပ်သိမ်းသော စည်းစိမ်ဥစ္စာကို ပေးတတ်၏။

၂။ ကိုယ်တွင်း ကိုယ်ပ၌ ကျရောက်သော ဘေးဥပဒ်အန္တရာယ်ကို ငြိမ်းစေ၏။

၃။ မြေဖုတ်ဘီးလူးဘေးကို တားမြစ်တတ်၏။

၄။ ဥပစ္ဆေဒကကံကြောင့် သေချိန်မရောက်မီ သေလွန်ခြင်းမှ လွတ်စေ၏။

၅။ စိတ်၏စိုးရိမ်ကြောင့်ကြခြင်း၊ ကိုယ်၏နာကျင်ခြင်းကို ပယ်ဖျောက်တတ်၏။

၆။ သူတစ်ပါးတို့၏ တန်ခိုးအာဏာစက်ကို ဖျက်ဆီးတတ်၏။

၇။ မင်း၏ရန်သူကို အထူးသဖြင့် အောင်နိုင်၏

၈။ အလိုမရှိသော ဘေးရန်ကို ပယ်ဖျောက်တတ်၏။

၉။ ငြိမ်သက်ချမ်းသာ၏။

## မဟာယာနဂိုဏ်း၏ ပဓာနလမ်းစဉ်

သာဝက ယာန

ပစ္စေက ဗုဒ္ဓယာန

ဗုဒ္ဓယာန

## မဟာယာနတို့၏ ထူးခြားချက်

မဟာယာနတို့သည် ထေရဝါဒကဲ့သို့ ဝိနည်း, စည်းကမ်းများကို အလေးမထား။ ဘုရားဆုပန်သော ဘုရားလောင်းများအတွက် ကျပ်တည်းကျဉ်းမြောင်းသော ဝိနည်းဥပဒေများ မလိုအပ်ဟု ယူဆကြ၏။

မဟာယာနတို့၏ ယုံကြည်ချက်အရ သက်ရှိ သတ္တဝါအားလုံးမှာ ဘုရားလောင်းများ ဖြစ်၏။ ပါရမီဖြည့်ကျင့်မှု အနအရင့်သာ ကွာခြား၍ အခြေခံကျင့်စဉ်ချင်း အတူတူဖြစ်၏။ နောက်ဆုံး၌ သတ္တဝါအားလုံး ကျွတ်တန်းဝင်၍ နိဗ္ဗာန်သို့ရောက်ကြမည်ဖြစ်၏။

## မဟာယာနထွန်းကားရာဒေသများ

တိဗက်၊ ဆစ်ကင်း၊ ဘူတန်၊ နီပေါ၊ မွန်ဂိုးလီးယား၊ တရုတ်၊ ဗီယက်နမ်၊ ကိုးရီးယား၊ ဂျပန်။

## အိန္ဒိယ၌ သာသနာကွယ်ပုံ

ရဟန်းတော်များသည် မိမိတို့၏ အဓိကကျသော ကျင့်စဉ်များကို မဆောင်ရွက်ခြင်း၊ ကျင့်သော်လည်း ကျင့်ဝတ်ကျင့်ထုံးများ လွဲမှားခြင်း။ စိတ်ကူးယဉ်အစွဲအလမ်းတို့ကို အခြေခံ၍ စိတ်ကူးယဉ်အစွဲအလမ်းအတိုင်း လုပ်ကိုင်ခြင်း။



အထူးသဖြင့် သိဒ္ဓိရှင်ဘဝ၊ စေတစ်လုံးပိုင်ရှင်ဘဝ၊ ဝိဇ္ဇာဘဝ၊ မှော်ဆရာဘဝ၊ ဗေဒင်ဆရာဘဝတို့ဖြင့် လောကီကျင့်ဝတ်များ ကျင့်ကြံမှုကြောင့် ဖြစ်၏။

## ဂိုဏ်း ၉-ဂိုဏ်း

၁။ သုဓမ္မာဂိုဏ်း

၂။ ရွှေကျင်ဂိုဏ်း

၃။ ဓမ္မာနုဓမ္မ မဟာဒွါရ နိကာယဂိုဏ်း

၄။ ဓမ္မဝိနယာ နုယောမမူလဒွါရနိကာယဂိုဏ်း

၅။ အနောက်ချောင်းဂိုဏ်း

၆။ ဝေဠုဝန်နိကာယဂိုဏ်း

၇။ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း

၈။ ဂဏဝိမုတ် ကူးတို့ဂိုဏ်း

၉။ ဓမ္မယုတ္တိ နိကာယ မဟာရင်ဂိုဏ်း

## ကျိုက်ထီးရိုးဆံတော်ရှင်

ဗုဒ္ဓသည် ဝါတော်(၈)ဝါတွင် "ဝပမတိ" ရဟန္တာ၏ လျှောက်ထားချက်အရ သုဝဏ္ဏဘူမိ (သထုံ)ပြည်သို့ ကြွရောက်ကာ ခုနစ်ရက်ပတ်လုံး တရားဟောပြကာ ရသေ့များအား ဆံတော်

ချီးမြှင့်ခဲ့၏။ ထိုဆံတော်များကို ဌာပနာတည်ထားသော စေတီဖြစ်၏။

## ကမ္ဘာ့လူဦးရေ

ကမ္ဘာပေါ်ရှိ မူလလူဦးရေသည် အလွန်နည်းပါး၏။ လူပေါ်လာပြီး နှစ်တစ်သန်းခန့်ကြာမှ ကမ္ဘာ့လူဦးရေ သန်း (၁၀၀၀)ခန့် ဖြစ်လာ၏။ (ခရစ်နှစ် - ၁၈၅၀)

နောက် ၇၅-နှစ်ကြာသော် (ခရစ်နှစ် - ၁၉၂၅) ကမ္ဘာ့လူဦးရေ သန်း (၂၀၀၀)ဖြစ်လာ၏။ နောက်ထပ် နှစ် ၄၀ ကြာသော် (ခရစ်နှစ် - ၁၉၆၂)တွင် ကမ္ဘာ့လူဦးရေ သန်း(၃၀၀၀) ဖြစ်လာ၏။

၂၀၀၄-ခုနှစ်တွင် လူဦးရေ သန်း (၆၀၀၀)ရှိ၏။

နှစ်ပေါင်း ၂၀၀-အတွင်း ကမ္ဘာ့လူဦးရေ လေးဆတိုးလာ၏။ စားရေး၊ သောက်ရေး ခက်ခဲသော ဒေသများတွင် လူဦးရေအများဆုံးဖြစ်၏။ ကမ္ဘာပေါ်ရှိ လူဦးရေ သုံးပုံ နှစ်ပုံသည် ဆင်းရဲ၏။

## ကမ္ဘာ့လူဦးရေတိုးနှုန်း

| | |
|---|---|
| တစ်နှစ်လျှင်ကမ္ဘာ့လူဦးရေတက်နှုန်း | ၇၈သန်းခန့် |
| တစ်နှစ်လျှင်တရုတ်နိုင်ငံလူဦးရေတက်နှုန်း | ၁၅သန်းခန့် |
| မြန်မာပြည်လူဦးရေ(၂၀၁၄) | ၅၀သန်း |



## ပြဿနာ ၂-ရပ်

၁။ စားဝတ်နေရေး။

၂။ မွေးဖွားနှုန်းများပြီး သေဆုံးမှုနည်းခြင်း။

## ဆရာကျင့်ဝတ်

၁။ အတတ်ပညာ သင်ပေးရမည်။

၂။ တရားသဖြင့် ဆိုဆုံးမရမည်။

၃။ အတတ်ပညာကို ဆရာစားမချန်ဘဲ၊ အကုန်အစင်သင်ပေးရမည်။

၄။ တပည့်တို့အပေါ် လူပေါင်းမမှားဖို့ ရန်နှင့် ကျရောက်လာမည့် ဘေးအန္တရာယ်ဟူသမျှကို ကာကွယ်ပေးရ

မ်းစောင့်

၅။ နောက်ထပ် ပညာဆည်းပူးနိုင်ရန် သင့်လျော်

ထံ၌ အပ်နှံပေးရမည်။

ျားကို အောင်မြင်

ရှက်နိုင်ရေး။

ပုဂံခေတ် အမျိုးသ

မြိတ်ဖြူ၊ ရှုဝံနီ

နှတ်သီး၊ နခါးပ၀ အရိုး ၃-မျိုး

တောင်ပြန်၊ ပုလဲ၀ ဘုရားရှင်တို့၏ အရိုးများသည်

၊"။

## မန္တလေးတည်နှစ်

"အုတ်, ကျစ်, ကျော်, အေး၊ မန္တလေး" အရ ၁၂၂၁-ခုနှစ်တွင် မန္တလေးမြို့တည်သည်။

## ခုနစ်စင်ကြယ်

ပေါက်ကြယ်၊ ဆိန်ကြယ်၊ ဘူကြယ်၊ ရှင်းကြယ်၊ ဒယ်ကြယ်၊ အိုးကြယ်၊ ကင်းကြယ်။

## ဟားဘတ်တက္ကသိုလ်၏ ဒေါက်တာဘွဲ့

၁၇၇၆-ခုနှစ်က အမေရိကန်ပြည်၏ ပထမဆုံးသမ္မတ ဂျော့(ချ်)ဝါရှင်တန်သည် အမေရိကန်ပြည် ဟားဘတ်တက္ကသိုလ်မှ ပထမဆုံး ပေးအပ်သည့် ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို ရရှိသောသူဖြစ်၏။

## ဗိုလ်ကြီးသင် ပညာရေးကျောင်းများ၏ ရည်ရွယ်ချက်

၏။ စား... အများဆုံးဖြစ်၂၀၀၀-မှစတင်၍ ကျေးလက်တောနေပြည်သူ ၏။ ၃ ရင်နှစ်သည်းချာ သားသမီးရတနာ

ကတ္တားလူဦးပျောက်ရေး။

တစ်နှစ်လျှင်ကမ္ဘာ့လူဦးရေတက်နှုန်းကို စိတ်ဝင်စားသော တစ်နှစ်လျှင်တရုတ်နိုင်ငံလူဦးရေတက်နှုလင်းရောင်အောက် မြန်မာပြည်လူဦးရေ(၂၀၁၄)



၃။ မိမိလူမျိုး, မိမိဘာသာ (စာပေ)ကို တစ်စိုက်မတ်မတ် ဦးတည်၍ အစဉ်သဖြင့် လိုက်နာထိန်းသိမ်းနိုင်ရေး။

၄။ ပြည်ပရန်ဘေး မယဉ်ကျေးသည့် ရှုပ်ထွေးသော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို မလိုက်စား၊ ယမ်းမမှား စေဘဲ မိမိတို့ကိုးကွယ်သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် ကောင်းမြတ်သည့် အရာများကို လေ့လာသင်ယူနိုင်ရေး။

၅။ ဗုဒ္ဓ၏လမ်းစဉ်ကို အမှီပြု၍ အမိမြန်မာနိုင်ငံတော်ကို ကျေးဇူးသစ္စာစောင့်သိသော လူကောင်းလူတော်များ ဖြစ်ပေါ်လာရေး။

၆။ နောင်အနာဂတ်ကာလတွင် ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးတို့ကို တက်တက်ကြွကြွ ထိန်းသိမ်းစောင့်ရှောက် ပြုလုပ်နိုင်စေရေး။

၇။ နိုင်ငံတော်မှချမှတ်ထားသော ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရေး။

## အရိုး ၃-မျိုး

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ အရိုးများသည် "ကွင်းဆက်"။

ပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့၏ အရိုးများသည်
"ချိတ်ဆက်"။
ရဟန္တာနှင့်တကွ လူသားအားလုံး၏ အရိုးများသည်
"တွေ့ဆက်"။

## ရပ်ပြစ် ၈-ပါး

၁။ ငရဲ၌ဖြစ်ခြင်း။
၂။ တိရစ္ဆာန်ဘဝ၌ ဖြစ်ခြင်း။
၃။ သရဲ, တစ္ဆေ, ပြိတ္တာ ဖြစ်ခြင်း။
၄။ အသက် အလွန်ရှည်သော "ဒီဃာယုနတ်" ဖြစ်ခြင်း။
၅။ ဘုရား, ရဟန္တာတို့ မရောက်သောအရပ်၌ ဖြစ်ခြင်း။
၆။ မိစ္ဆာဒိဋ္ဌိ ဖြစ်ခြင်း။
၇။ တရားအားထုတ်၍ ရနိုင်သောဉာဏ် မရှိခြင်း။
၈။ ဘုရားမပွင့်သောအခါ လူဖြစ်ခြင်း။

## ဗုဒ္ဓ ၃-မျိုး

၁။ သဒ္ဓါဓိက ဘုရား။
၂။ ပညာဓိက ဘုရား။
၃။ ဝိရိယာဓိက ဘုရား။

ပညာဓိက ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်၏။



သဒ္ဓါဓိက ဘုရားသည် ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်၏။

ဝီရိယာဓိကဘုရားသည် တစ်ဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်၏။

## ဝိပဿနာအားထုတ်မှု၏
## အတားအဆီး ၁၀-ပါး

၁။ ဩဘာသ - အရောင်အဝါအား နှစ်သက်မှု။
၂။ ပီတိ - အလွန်နှစ်သက်ခြင်း။
၃။ ပဿဒ္ဓိ - ထူးခြားစွာ ငြိမ်းအေးခြင်း။
၄။ အဓိမောက္ခ - လွန်စွာသက်ဝင်ယုံကြည်ခြင်း။
၅။ ပဂ္ဂဟ - မဆုတ်တန်း အားထုတ်မှု။
၆။ သုခ - ချမ်းသာခြင်း။
၇။ ဉာဏ - အဖြစ်အပျက်၏ အလွန်ထင်ရှားခြင်း။
၈။ ဥပဋ္ဌာန - သတိထင်လာခြင်း။
၉။ ဥပေက္ခာ - အထူးမရှုရဘဲ ဖြစ်,ပျက် မြင်လာခြင်း။
၁၀။ နိကန္တိ - သိမ်မွေ့သောတဏှာ ဖြစ်လာခြင်း။

မှတ်ချက်။ ရှေ့ (၉)ပါးသည် အကုသိုလ်တရားမဟုတ်၊ ဖြစ်,မြဲ သဘောတရားသည် "နိကန္တိ"သာ အထူးသတိပြုရ၏။

## ကမ္ဘာ့အကြီးဆုံး ကျွန်းကြီး ၃-ခု

ဂရင်းလန်းကျွန်း၊ ဘိုနီယိုကျွန်း၊ နယူးဂီနီကျွန်း။

## ကျောက်တန်း ရေလယ်ဘုရား

သာသနာသက္ကရာဇ် ၂၃၀-ခုတွင် သီဟိုဠ်ကျွန်း ဝိဇယ မင်းသား ဘောဂသေန၊ နရသေန၊ နရသီဟသေနတို့သည် ဘိုးလှူးရန်ကြောင့် ပြေးရာမှ တည်ထားခြင်းဖြစ်၏။

အမြင့် ၇-တောင်ရှိသည်။

ပါဒမင်း (၁၁)မင်းဆက်မြောက် သွဗ္ဗနာဂမင်းသည် သက္ကရာဇ် (၄၀၀)တွင် သီရိလင်္ကာမှ ရဟန္တာရှစ်ပါးနှင့် တိုင်ပင်၍ ဓာတ်တော် မွေတော်တို့ကို ဌာပနာထား၏။

## ရခဲခြင်း ၅-မျိုး

၁။ ဘုရားရှင် ပွင့်တော်မူသောအခါကို ရခဲခြင်း။

၂။ လူ့ဘဝကို ရခဲခြင်း။

၃။ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်အဖြစ်ကို ရခဲခြင်း။

၄။ ရဟန်းဘဝကို ရခဲခြင်း။

၅။ သူတော်ကောင်းတရားကို ကြားနာရခဲခြင်း။

## ဥစ္စာ ၄-မျိုး

၁။ ရွှေပြောင်း၍မရသော တိုက်တာ၊ ခြံမြေ၊ လယ်ယာတို့ကို **ထာဝရဥစ္စာ**။



၂။ ရွှေပြောင်း၍ရသော ရွှေ, ငွေ, ဆင်, မြင်းစသည်တို့ကို **ဇင်္ဂမဥစ္စာ**။

၃။ အသက်မွေးဝမ်းကျောင်းအတွက် တတ်မြောက်ထားသော အတတ်ပညာမှန်သမျှကို **အင်္ဂသမဥစ္စာ**။

၄။ ဒါန, သီလ, ဘာဝနာ ဟူသော ကုသိုလ်တရားများသည် **အနုဂါမိကဥစ္စာ**။

## ပစ္စေကဗုဒ္ဓ

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့သည် သစ္စာလေးပါးကို ကိုယ်တိုင်လည်းသိသလို သူတစ်ပါးကိုလည်း သိအောင် ဟောပြောနိုင်၏။

ပစ္စေကဗုဒ္ဓဘုရားရှင်တို့သည် သစ္စာလေးပါးကို ကိုယ်တိုင်သာသိပြီး သူတစ်ပါးသိအောင် မဟောပြောနိုင်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင် တစ်ဆူဖြစ်ဖို့အတွက် အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၏။

ပစ္စေကဗုဒ္ဓ ဘုရားရှင်ဖြစ်ဖို့အတွက် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၏။

## ဟေဟိဘိက္ခုရဟန်း

ဟေဟိဘိက္ခု (ရဟန်း လာလော့) အခေါ်ခံရသော ရဟန်း ဖြစ်ဖို့ -

၁။ ဘုရားရှင်တစ်ဆူဆူရဲ့ သာသနာတော်မှာ သီလရှိတဲ့ ရဟန်းတစ်ပါးပါးအား ပရိက္ခရာရှစ်ပါး လှူခဲ့ဖူးခြင်း။

၂။ မြတ်စွာဘုရားရှင် လက်ထက်မှာပင် ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့် ပြည့်စုံရပါမည်။

"ဟေ ဘိက္ခု" စကားအား သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တွေသာ သုံးနှုန်းခွင့်ရှိ၏။

မြတ်စွာဘုရား လက်ထက်၌ "ဟေ ဘိက္ခု" ရဟန်းပေါင်း (၂၈၆၄၁)ပါး ရှိ၏။

ဥပမာ - အရှင်သာရိပုတ္တရာ။

## ပရိက္ခရာ ၈-ပါး

၁။ ခါးဝတ်သင်းပိုင်

၂။ အပေါ်ရုံကောသီ

၃။ ဒုကုဋ်နှစ်ထပ်သင်္ကန်းကြီး

၄။ သပိတ်

၅။ ခေါင်းရိတ်ဓား

၆။ အပ်နှင့်အပ်ချည်

၇။ ခါးပန်းကြိုး

၈။ ရေစစ်



## ကြိုတင်မသိနိုင်ခြင်း ၅-ပါး

၁။ ဇီဝိတ = ဘယ်အသက်အရွယ်မှာ သေမည်။

၂။ ဗျာဓိ = ဘယ်အနာရောဂါနှင့် သေမည်။

၃။ ကာလ = ဘယ်အချိန်သေမည်။

၄။ ဒေဟနိက္ခေပနံ = ဘယ်သင်္ချိုင်းမှာ သင်္ဂြိုဟ်မည်။

၅။ ဂတိ = ဘယ်ဘုံဘဝရောက်မည်။

## သရဏဂုံတည်ခြင်း အကျိုး ၅-ပါး

၁။ ဘေးအမျိုးမျိုးမှ ကင်းလွတ်ခြင်း။

၂။ ကြောက်လန့်ခြင်း၊ ပူပန်ခြင်းတို့မှ ကင်းလွတ်ခြင်း။

၃။ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းမှ ကင်းဝေးခြင်း။

၄။ အပါယ်လေးပါး မကျရောက်ခြင်း။

၅။ စိတ်၏ ညစ်နွမ်းမှုများ ပပျောက်ခြင်း။

## သရဏဂုံပျက်ခြင်း အကြောင်း ၂-ပါး

၁။ အသက်သေ၍ သရဏဂုံပျက်ခြင်း။ (အကုသိုလ်မဖြစ်)

၂။ ဘုရား တရား သံဃာမှတစ်ပါး အခြားသောအရာများကို ကိုးကွယ်ခြင်း။ (အကုသိုလ်ဖြစ်)

## သရဏဂုံညစ်နွမ်းခြင်း ၃-ပါး

၁။ ရတနာသုံးပါး၏ ဂုဏ်ရည်သတ္တိနှင့် ကောင်းကျိုးများ သေချာမသိခြင်း အညာဏ။

၂။ ရတနာသုံးပါးဟာ တကယ်အားကိုးလောက်တာ ဟုတ်ရဲ့လားဟူ၍ ရတနာသုံးပါးအပေါ် ယုံမှားသံသယဖြစ်လာခြင်း **သံသယ**။

၃။ ရတနာသုံးပါးအပေါ် မှားယွင်းသော ယုံမှားသံသယပေါ်ခြင်း **မိစ္ဆာဉာဏ**။

## ရဟန်းတို့မစားသင့်သော အသားကြီး ၁၀-မျိုး

လူသား၊ ဆင်သား၊ မြင်းသား၊ ခွေးသား၊ မြွေသား၊ ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝက်ဝံသား၊ အောင်းသား။

## ဥပုသ်စောင့်တယ်ဆိုတာ

မိမိစိတ်မှာ ဖြစ်ပေါ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာအညစ်အကြေးများ မဖြစ်အောင်၊ မဝင်အောင် စိတ်ကောင်း နှလုံးကောင်းဖြစ်အောင် အခိုက်အတန့်အားဖြင့် သီလတရားဖြင့် နေထိုင်ခြင်းကို "ဥပုသ်စောင့်တယ်"ဟု ခေါ်သည်။

## စစ်မှန်သော မိဘကျေးဇူးဆပ်နည်း

၁။ သဒ္ဓါတရားမရှိသေးတဲ့ မိဘကို သဒ္ဓါတရားနှင့် ပြည့်စုံစွာ နေတတ်အောင် ဖန်တီးပေးရခြင်း။



၂။ သီလတရား မရှိသေးတဲ့ မိဘကို သီလတရားနှင့် ပြည့်စုံစွာ နေတတ်၊ ထိုင်တတ်၊ ကျင့်ကြံတတ်အောင် ဖန်တီးပေးရခြင်း။

၃။ နှမြောတွန့်တိုတဲ့ မိဘကို အလှူဒါနနဲ့ ပြည့်စုံအောင် ဖန်တီးပေးရခြင်း။

၄။ ပညာဉာဏ် မရှိသေးတဲ့ မိဘကို ပညာဉာဏ်နှင့် ပြည့်စုံအောင် ဖန်တီးပေးရခြင်း။

## ရေစက်ချတယ်ဆိုတာ

၁။ သွန်းလောင်းချလိုက်သော ရေအပေါ်၌ တွယ်တာမှု မရှိသကဲ့သို့ လှူဒါန်းထားသော ဝတ္ထုပစ္စည်းအပေါ်၌ ခင်တွယ်စွဲငြိမှုမရှိကြောင်းကို သိစေခြင်း။

၂။ အလှူရှင်၏ စိတ်သန္တာန်၌ အလှူခံပုဂ္ဂိုလ်နှင့် ရည်စူးသော ပုဂ္ဂိုလ်တို့သည် ဤရေ သကဲ့သို့ အေးချမ်းစွာဖြင့် လှူဖွယ်ဝတ္ထုကို သုံးဆောင်ခံစား အကျိုးများစေခြင်း။

## မိုင်းထောင်စင်၏ အစိတ်အပိုင်းများ

မောင်းခွက်၊ မောင်းတုံး၊ ကျည်ပွေ့၊ ခါးကိုင်၊ ခါးသက်၊ လက်တန်း၊ လက်ညှပ်။

## မြဝတီ

မြဝတီမြို့ကို သက္ကရာဇ် (၁၁၀) ခုနှစ်တွင် သုမနမင်း တည်သည်။ သုမနမင်း၏သမီးတော် မြစန္ဒီ နာမည်မှ မြဝတီဟု အဆင့်ဆင့် ပြောင်းလဲ၊ ၁၉၃၅-ခုနှစ်မှစတင်၍ မြဝတီဟု စခေါ်။

## မန္တလေးမြို့ရိုး

မန္တလေးမြို့ရိုးတံခါးတွင် တံခါး ၁၂-ခု၊ ပြအိုးပြဿဒ် ၄၈-ခု၊ သုရဲခို ၃၃၆၀၊ နန်းရိုးပတ်လည် ငါးမိုင်နှင့် တစ်ဖာလုံ ရှိ၏။

## ဦးပိန်တံတား

မန္တလေးတိုင်း၊ အမရပူရမြို့ရှိ တောင်သမန်အင်းကို ဖြတ်၍ ဆောက်လုပ်ထားခြင်း ဖြစ်၏။

ဦးပိန်သည် အမရပူရမြို့တည် နန်းတည် ဘိုးတော်ဘုရား ၏ လက်ထက်က မြို့ဝန် ဘိုင်ဆပ် စာရေး တောင်သမန်ရွာသား ဖြစ်၏။

ဦးပိန် ဆောက်လုပ်ခဲ့သဖြင့် ဦးပိန်တံတားဟု အမည်တွင် သည်။

တိုင်ပေါင်း ၁၀၈၆-တိုင်၊ အခန်းပေါင်း ၄၈၂-ခန်း၊ ဖောင်ကြောင်း ၉-ကြောင်း၊ ဇရပ် ၄-ခု ရှိ၏။



## ကမ္ဘာ့ပထမဆုံးသတင်းစာ

၁၅၆၆-ခုနှစ်က အီတလီပြည် ဗင်းနစ်မြို့တွင် ထုတ်ဝေ သော သတင်းစာဖြစ်သည်။ ထိုသတင်းစာကို အီတလီအစိုးရက ပုံနှိပ်ပြီး ဂေဇက်တာခေါ် အီတလီပိုက်ဆံတစ်ပြားဖြင့် ဝယ်ယူ ရသည်။

## သတိပဋ္ဌာန်၏ အကျိုးတရားများ

၁။ စိတ်စင်ကြယ် သန့်ရှင်းခြင်း။

၂။ စိုးရိမ်ပူဆွေးမှုသောကနဲ့ ဝမ်းနည်းငိုကြွေးမှု ပရိဒေဝ မရှိခြင်း။

၃။ ကိုယ်ဆင်းရဲခြင်းဒုက္ခနဲ့ စိတ်ဆင်းရဲမှု ဒေါမနဿ ချုပ်ငြိမ်း ခြင်း။

၄။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိခြင်း

၅။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

## မယ်တော်မာယာသက်တမ်း

နာမကရဏ မင်္ဂလာပွဲပြုပြီး နှစ်ရက်အကြာ မဟာ သက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့်ကျော် (၇)ရက် သောကြာနေ့ တွင် ကွယ်လွန်သည်။

## ဥပေက္ခာ (၁၀)ပါး

၁။ အာရုံခြောက်မျိုး အကောင်း အဆိုး မှန်သမျှကို ကိလေသာ အစွန်းမထွက်စေဘဲ သိရုံလေး အညီအမျှရှုခြင်း **ဆဠင်္ဂုပေက္ခာ**။

၂။ သတ္တဝါအားလုံး ကိုယ်ကံနဲ့ ကိုယ်ပဲလို့ နှလုံးသွင်းဆင်ခြင် ခြင်း **ဗြဟ္မဝိဟာရုပေက္ခာ**။

၃။ ဝိပဿနာ စိတ် စေတသိက်တွေကို အညီအမျှဖြစ်စေတဲ့ **ဗောဇ္ဈင်္ဂုပေက္ခာ**။

၄။ သမာဓိနှင့် ဝီရိယ အချိုးအစားညီမျှခြင်း **ဝီရိယုပေက္ခာ**။

၅။ ရုပ်နာမ်သင်္ခါရတွေအပေါ် မချစ်, မမုန်းဘဲ အညီအမျှထား သော **သင်္ခါရုပေက္ခာ**။

၆။ အကောင်းလည်း မဟုတ်၊ အဆိုးလည်း မဟုတ်ဘဲ ကြား ဝေဒနာကို ခံစားခြင်း **ဝေဒနုပေက္ခာ**။

၇။ မမြဲ, မကောင်း, မပိုင် သဘောတွေကို လိုက်ရှုစမ်းမနေ တော့ဘဲ ရုပ်နာမ်ဖြစ်ပျက်ကို သိရုံပဲသိနေတဲ့ **ဝိပဿနုပေက္ခာ**။

၈။ ယှဉ်ဖက် စိတ် စေတသိက်တွေကို ညီမျှအောင် ပြုပေးခြင်း **တတြမဇ္ဈတ္တုပေက္ခာ**။



၉။ တတိယဈာန်နဲ့ ယှဉ်တွဲပြီး အာရုံကို လျစ်လျူရှုတဲ့ **ဈာနုပေက္ခာ**။

၁၀။ စတုတ္ထဈာန်နှင့် ယှဉ်တွဲပြီး ထက်ဝန်းကျင်ကို စင်ကြယ်နေတဲ့ **ပါရိသုဒ္ဓုပေက္ခာ**။

## ဝိပဿနာဥပေက္ခာ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ သဘောတရား ဘယ်အာရုံနဲ့ပဲကြုံကြုံ ချစ်ခြင်း အစွန်း တစ်ဖက် လည်း မရောက်၊ မုန်းခြင်း အစွန်းတစ်ဖက်လည်း မရောက်၊ သိရုံမျှ အလယ်အလတ်သဘောမှာပဲ စိတ်တည်တံ့၊ ခိုင်မာနေတဲ့ သဘော၊ စိတ်ကြည်လင် ငြိမ်းခြင်းသဘောကို ဝိပဿနာဥပေက္ခာ။

## တံမြက်စည်းလှဲရခြင်း အကျိုး ၅-ပါး

၁။ မိမိစိတ် ကြည်လင်ခြင်း။
၂။ သူတစ်ပါးတို့၏စိတ်ကို ကြည်လင်စေခြင်း။
၃။ နတ်တို့ ချစ်ခြင်း။
၄။ သူတစ်ပါးတို့ကြည်ညိုခြင်းကို ဖြစ်စေကာ ကောင်းမှု ကုသိုလ်ကို မြုပ်နှံခြင်း။
၅။ နတ်ပြည် ရောက်ခြင်း။

## ကောင်းမှုမဟုတ်သော အလုပ် ၅-မျိုး

၁။ အရက်အလုပ်။
၂။ ကခြေသည်, သဘင်သည်, ဇာတ်ပွဲအလုပ်။
၃။ မိန်းမအလုပ်။
၄။ နွားမအပေါင်း အလယ်၌ နွားလားဥသဘအလုပ်။
၅။ ပန်းချီဆေးရေးအလုပ်။

## မေတ္တာအကျိုး (၁၁)မျိုး

၁။ ချမ်းသာစွာဖြင့် အိပ်စက်ရခြင်း။
၂။ ချမ်းသာစွာဖြင့် နိုးထခြင်း။
၃။ အိပ်မက်ဆိုးများ မမက်ခြင်း။
၄။ လူတို့၏ ချစ်ခင် မြတ်နိုးခြင်း။
၅။ နတ်တို့၏ ချစ်ခင် မြတ်နိုးခြင်း။
၆။ နတ်တို့သည် စောင့်ရှောက်ခြင်း။
၇။ မီးဘေး, အဆိပ်ဘေး, တစ်ပါးသူတို့ရဲ့ လုပ်ကြံခြင်း။ အန္တရာယ်များ မဝင်ခြင်း။
၈။ စိတ်ကြည်လင်ခြင်း။
၉။ ရုပ်ကြည်လင်ခြင်း။
၁၀။ မတွေမဝေ သေရခြင်း။
၁၁။ သေသည့်အခါ ကောင်းသောဘုံဘဝသို့ ကျရောက်ခြင်း။



## ကေနင်ငရဲကျမယ့်သူ ၃-ယောက်

၁။ မြင့်မြတ်သော အကျင့်များကို မကျင့်ဘဲ ကျင့်သည်ဟု ဝန်ခံပြောကြားသူ။
၂။ မြင့်မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ရဟန္တာစသော သူတော်ကောင်းများကို အပြစ်တင် စွပ်စွဲနှိမ့်ချသောသူ။
၃။ "ကာမဂုဏ်တရားတို့သည် အပြစ်မရှိ" ဟု ဆိုကာ ကာမဂုဏ်တရားတို့၌ မှိဝဲသူ။

## ကြွေး ၅-မျိုး

ဥစ္စာကြွေး၊ ရန်ကြွေး၊ ချစ်ကြွေး၊ နှုတ်ကြွေး၊ ဝဋ်ကြွေး။

## အပါယ် ၄-ဘုံ

ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ။

## လူတော် နှစ်ယောက်

သူတစ်ပါးကျေးဇူး သိတတ်သူ။
သူတစ်ပါးကျေးဇူး သိပြီး ပြန်ဆပ်သူ။

## ကြီးထွားမှု အမြန်ဆုံးသစ်ပင်

ကြီးထွားမှု အမြန်ဆုံးအပင်မှာ ဝါးပင်များဖြစ်ပြီး ဝါးမျိုးစိတ်များသည် တစ်နာရီလျှင် ၀.၀၀၀၀၂ မိုင်နှုန်းဖြင့် တစ်ရက်လျှင် ၃၅ လက်မ ကြီးထွားသည်။

## မြန်မာ့မီးရထားအစ

မြန်မာပြည်တွင် မီးရထားကို ၁၈၇၇-ခုနှစ်မှ စတင်၍ အင်္ဂလိပ်အရင်းရှင်တို့သည် ရောဝတီမီးရထားကုမ္ပဏီ တည်ထောင်ကာ မီးရထား စတင်ပြေးဆွဲခဲ့သည်။

## ခရုသင်းရောဂါ ၆-မျိုး

လက်မှစ၍ဖြစ်သော ခရုသင်းသရဖူ။
ခြေမှစ၍ဖြစ်သော ခရုသင်းဆပ်သွား။
ရင်ဘတ်မှစ၍ဖြစ်သော ခရုသင်းပြသာဒ်။
ကျောမှစ၍ဖြစ်သော ခရုသင်းကြာဖတ်။
မျက်နှာမှစ၍ဖြစ်သော ခရုသင်းကြောင်ပန်း။
လည်ပင်းမှစ၍ဖြစ်သော ခရုသင်းမိုးညွှင်း။

## ကမ္ဘာ့အကြီးဆုံးရေအိုင်

ကမ္ဘာပေါ်ရှိ အကြီးဆုံးရေအိုင်မှာ ရုရှားရှိ ကပ်(စ)ပီယန်ရေအိုင်ဖြစ်ပြီး စတုရန်းကီလိုမီတာ ၃၉၅၀၀၀ ကျယ်ဝန်းသည်။

## ကမ္ဘာ့အမြင့်ဆုံးရေတံခွန်

ကမ္ဘာပေါ်ရှိ ရေကျအမြင့်ဆုံးရေတံခွန်မှာ (Veneznela) ဗင်နီဇွဲလားပြည်ရှိ (Angelh Falls) အိမ်ဂျိလ်လား ရေတံခွန်ဖြစ်သည်။ ပေ ၃၂၁၅ မြင့်သည်။



## ကမ္ဘာ့ပထမဆုံး နေ့စဉ်ထုတ်သတင်းစာ

ကမ္ဘာပေါ်တွင် ပထမဆုံး နေ့စဉ်ထုတ်သတင်းစာကို သက္ကရာဇ် ၁၇၀၂-ခုနှစ်တွင် အင်္ဂလန်ပြည်၊ လန်ဒန်မြို့တွင် ထုတ်ဝေသော ဒေးလီကူးရန့် အမည်ရှိ သတင်းစာဖြစ်သည်။

## မြန်မာပြည်၏ ပထမဆုံး နေ့စဉ်ထုတ်သတင်းစာ

မြန်မာပြည်၏ ပထမဆုံးနေ့စဉ်ထုတ် သတင်းစာကို ၁၈၃၆-ခုနှစ်၊ မတ်လ ၃-ရက်နေ့တွင် အင်္ဂလိပ်ဘာသာဖြင့် စတင်ထုတ်ဝေသော မော်လမြိုင်သတင်းစာ ဖြစ်၏။

## အဇာသတ်မင်းမျိုး

အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကိုသတ်၍ ခရစ်မတိုင်မီ (၄၅၉)ခုနှစ်တွင် နန်းတက်ခဲ့သလို။

အဇာတသတ်မင်း၏သား ဥဒယမင်းသားသည် ခရစ်မတိုင်မီ (၄၉၁)ခုနှစ်တွင် ခမည်းတော်ကိုသတ်၍ နန်းတက်ခဲ့သည်။

## ယုံကြည်ခြင်း ၃-မျိုး

၁။ ဘုရားကို တကယ် ယုံကြည်ခြင်း။
၂။ တရားကို တကယ် ယုံကြည်ခြင်း။
၃။ သံဃာကို တကယ် ယုံကြည်ခြင်း။

၄။ ကောင်းကံ မကောင်းကံကို တကယ် ယုံကြည်ခြင်း။

၅။ ရှေးအတိတ်ဘဝကနေ ဒီပစ္စုပ္ပန်ဘဝကို လာခဲ့ရတာ ဖြစ်တာကြောင့် အတိတ်ဘဝကို ထောက်စ,ပြီး ဒီပစ္စုပ္ပန်ဘဝဟာ အမှန်တကယ်ရှိတယ်လို့ ယုံကြည်ခြင်း။

၆။ ကောင်းကျိုး, မကောင်းကျိုးကို တကယ် ယုံကြည်ခြင်း။

၇။ ဒီပစ္စုပ္ပန်ဘဝကို ထောက်ဆရင် နောင်တမလွန်ဘဝဆိုတာလည်း အမှန်တကယ် ရှိတယ်ဆိုတာ ယုံကြည်ခြင်း။

## သက်တမ်းမပြည့်ခင်
## နတ်များ သေခြင်းအကြောင်း

အပျော်လွန်ပြီး နတ်သြဇာ စားရမည့်အချိန်မှာ မစားတဲ့အတွက်ကြောင့် လည်းကောင်း။

ဒေါသအလွန်ကြီးသည့်အတွက်လည်းကောင်း သက်တမ်းမပြည့်ခင် အသေဆိုးနဲ့ သေကြရတယ်။

## ဘေးကြီး ၄-မျိုး

(က) သေပြီးတဲ့နောက် ကျချင်ရာဘုံကျ၊ ရောက်ချင်ရာဘုံရောက်ဆိုတဲ့ ဝိနိပါတဘေး။



(ခ) ကိုးကွယ်မှု ဘုရားမှား၊ ဆရာမှားသော နာနာသတ္တဥလ္လောကနဘေး။

(ဂ) မကောင်းမှု အကုသိုလ်ပြုခြင်း ဒုစ္စရိကဘေး။

(ဃ) အပါယ်လေးပါးသို့ ကျရောက်ခြင်း အပါယ်ဘေး။

## ဝိပဿနာကို အားထုတ်သင့်ကြောင့် ၃-ပါး

၁။ ၃၁-ဘုံအတွင်း ကူးသွား ကျင်လည်ရတဲ့အခါ ဉာဏ်မျက်စိအလင်းရဖို့အတွက် ဝိပဿနာကို ပွားများအားထုတ်သင့်ပါတယ်။

၂။ ဝေနေယျ သတ္တဝါတွေအပေါ်မှာ ထားတော်မူတဲ့ မြတ်စွာဘုရားရဲ့ မေတ္တာတော်၊ ကရုဏာတော်တွေကို လေးစားသောအားဖြင့်လည်းကောင်း၊ ကျေးဇူးတော်ကို ပေးဆပ်သောအားဖြင့်လည်းကောင်း ဝိပဿနာတရားကို ပွားများအားထုတ်သင့်ပါတယ်။

၃။ ပုထုဇဉ်တိုင်း ကြုံတွေ့နိုင်တဲ့ ဘေးကြီး လေးမျိုးမှ လွတ်မြောက်ဖို့အတွက် ဝိပဿနာတရားကို ပွားများ အားထုတ်သင့်ပါတယ်။

## ပဉ္စာနန္တရိယကံ ၅-မျိုး

၁။ အမိ သတ်တဲ့ ကံ၊

၂။ အဖ သတ်တဲ့ ကံ၊

၃။ ရဟန္တာ သတ်တဲ့ ကံ၊

၄။ ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုတဲ့ ကံ၊

၅။ သံဃာ အသင်းခွဲတဲ့ ကံ၊

## မိစ္ဆာတရား ၅-ပါး

၁။ သံသရာဘေးကို ကောင်းစွာမမြင်ခြင်း။

၂။ မဂ်ဖိုလ်ရနိုင်လောက်သော ခေတ်ကာလ မဟုတ်ဟု မှတ်ထင်ခြင်း။

၃။ ပါရမီကို စောင့်ခြင်း။

၄။ ယခုကာလရှိ သူတို့အား တရားမရနိုင်သော (ဒွိဟိတ်) ပုဂ္ဂိုလ်များဟု မှတ်ထင်ခြင်း။

၅။ အဓိပတိ ဖြစ်ကြသော ရှေးဆရာတော်ကြီးများပင် မဖြစ်နိုင်၊ တရားမရနိုင်ဟု လုံ့လဆန္ဒကို စွန့်လွှတ်ခြင်း။

## စကားအရာ အင်္ဂါ ၄-တန်

၁။ ကောင်းသော အကျိုးရှိသော စကားကို ပြောဆိုခြင်း။

၂။ တရားနှင့်ညီသော စကားကို ပြောဆိုခြင်း။

၃။ ချစ်ခင် နှစ်သက်ဖွယ်စကားကို ပြောဆိုခြင်း။

၄။ မှန်ကန်သောစကားကို ပြောဆိုခြင်း။



## ကိလေသာ (၁၀)ပါး

၁။ သက်ရှိကိုဖြစ်စေ, သက်မဲ့ကိုဖြစ်စေ တပ်မက်စွဲလမ်းခြင်း **လောဘ**။

၂။ စိတ်ဆိုးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ အာဃာတထားခြင်း **ဒေါသ**။

၃။ အမှန်ကို မသိခြင်း **မောဟ**။

၄။ ငါသိ, ငါရှိ, ငါတတ်သည်ဟု ထောင်လွှား တက်ကြွခြင်း **မာန**။

၅။ ငါရှိတယ်၊ သူရှိတယ်၊ ယောကျ်ား မိန်းမ ရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်ဟု အယူမှားခြင်း **ဒိဋ္ဌိ**။

၆။ ငါဟူသည် အရင်ကဖြစ်ခဲ့သလား၊ အခုလည်း ဖြစ်ဆဲလား၊ နောက်လည်း ဖြစ်ဦးမှာလား ဟူ၍ မဆုံးဖြတ်နိုင်ခြင်း **ဝိစိကိစ္ဆာ**။

၇။ စိတ်၏ လေးလံထိုင်းမှိုင်းခြင်း၊ ဝိပဿနာတရား ရှုပွားနာကြားလျှင် ခဏနှင့် ငိုက်မြည်းလာခြင်း **ထိန**။

၈။ တရားထဲ၌ အာရုံမရောက်ဘဲ စိတ်ပျံ့လွင့်နေခြင်း **ဥဒ္ဓစ္စ**။

၉။ အကုသိုလ်တရားမှ မရှက်ခြင်း **အဟိရိက**။

၁၀။ အကုသိုလ်တရားမှ မကြောက်ခြင်း **အနောတ္တပ္ပ**။

## ဆိုက်ပရက်(စ)နိုင်

ဆိုက်ပရက်(စ)နိုင် နိုင်ငံသည် အင်္ဂလိပ်လက်အောက်မှ ၁၉၆၀-ပြည့်နှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့တွင် လွတ်လပ်သော သမ္မတနိုင်ငံ ဖြစ်လာသည်။

## တူရကီသမ္မတနိုင်ငံ

၁၉၂၂-ခုနှစ်မှ စတင်၍ တူရကီနိုင်ငံသည် ဘုရင်အုပ်စိုးသောစနစ်မှ သမ္မတနိုင်ငံ ဖြစ်လာသည်။

## ကမ္ဘာ့ပထမဆုံးပုံနှိပ်စာအုပ်

ကမ္ဘာတွင် ပထမဆုံး ပုံနှိပ်ထုတ်ဝေသော စာအုပ်မှာ (INFERNO) အင်ဖာနို ခေါ် ငရဲပြည်အကြောင်းစာအုပ်ဖြစ်၏။

## တံစဉ်အမျိုးအစားများ

| | |
|---|---|
| ၁။ ယောက်ျားကြီးရိတ်တံစဉ် | (အသွား ၃၅၀ မှ ၃၆၀) |
| ၂။ ယောက်ျားငယ်ရိတ်တံစဉ် | (အသွား ၃၂၀) |
| ၃။ မိန်းမကြီးရိတ်တံစဉ် | (အသွား ၃၀၀) |
| ၄။ မိန်းမငယ်ရိတ်တံစဉ် | (အသွား ၂၇၀) |
| ၅။ မြက်ရိတ်တံစဉ် | (အသွား ၂၀၀) |



## စစ်ကိုင်းမြို့ တည်ထောင်ချိန်

စစ်ကိုင်းမင်းသည် စစ်ကိုင်းမြို့ကို သက္ကရာဇ် ၁၁ ခုနှစ်က စတင်တည်ထောင်သည်။

## မော်လီမာတင်

၁၉၂၉-ခုနှစ်က မော်လီမာတင် ဆိုသူသည် သေပြီးေ
သူကို အသက်သွင်းရန် ကြိုးစားခဲ့သည်၊ မအောင်မြင်ခဲ့ပေ။
သည် ၁၉၃၈-ခုနှစ်၌ သေဆုံးခဲ့သည်။

## ကမ္ဘာ့ဒုတိယအကြီးမားဆုံး ခေါင်းလောင်း

ကမ္ဘာပေါ်ရှိ ခေါင်းလောင်းများအနက် ဒုတိယအကြီးမ
ဆုံး ခေါင်းလောင်းမှာ ရုရှားပြည် မော်စကိုမြို့တွင် တည်ရှိ
(၁၂၇)တန် လေး၏။

## ရှူဝံကြွယ်

ရှူဝံကြွယ်သည် မြောက်ဝင်ရိုးစွန်း တည့်တည့်ထိပ်တွင်
ရှိပြီး ၄င်းကြွယ်ကို ခရီးသည်တို့၏ လမ်းညွှန်ကြွယ်တံခွန်အဖြစ်
အသိအမှတ်ပြုကြသည်။

## တိရစ္ဆာန်အချို့၏ ကိုယ်အပူချိန်

| | |
|---|---|
| ခွေး | ၉၈-၉၄ မှ ၁၀၀။ |
| မြင်း | ၉၈-၉၆ မှ ၁၀၀။ |

| | |
|---|---|
| ကျွဲ,နွား | ၁၀၀ မှ ၁၀၂။ |
| သိုး,ဆိတ် | ၁၀၃ မှ ၁၀၄။ |
| ဝက် | ၁၀၂ မှ ၁၀၄။ |
| ကြက် | ၁၀၆ မှ ၁၀၈။ |
| ဆင် | ၉၇ မှ ၉၉။ |

## ဓုတင်အဓိပ္ပာယ်

ကိလေသာတို့ကို ဖျက်ဆီးတတ်သောကြောင့် ဓုတင်။

## ပံသကူ ဓုတင်

ဒါယကာ၊ ဒါယိကာမတို့ လှူအပ်သော သင်္ကန်းကို မဝတ်ဘဲ သုသာန်၊ လမ်းဘေး၊ တောချုံ စသည်တို့၌ လူတို့ စွန့်ပစ်ထားသော သင်္ကန်း, အဝတ်တို့ကို ချုပ်, စပ်ပြီး ဝတ်ရုံ သုံးစွဲရသော အကျင့်။

## တိစီဝရိတ် ဓုတင်

သင်းပိုင်၊ ကေသီ၊ ဒုကုဋ် ဟုဆိုအပ်သော သင်္ကန်း သုံးထည်ဖြင့်သာ နေထိုင်, ဝတ်ရုံ, သုံးစွဲရသော ရဟန်း၏ အကျင့်။



## ပိဏ္ဍပါတ် ဓုတင်

ဆွမ်းခံ၍ရသော လာဘ်လာဘမှတစ်ပါး အခြားတစ်ပါး ရသော လာဘ်လာဘတို့ကို မခံယူခြင်း၊ အမြဲတမ်း ဆွမ်းခံစားရသော အကျင့်။

## သပဒါန ဓုတင်

အိမ်မကျော်ဘဲ အစဉ်အတိုင်း ဆွမ်းခံကြွသောအကျင့်။

## ဧကာသနိတ် ဓုတင်

တစ်နေရာတည်း၊ တစ်ထိုင်တည်း၊ တစ်ကြိမ်တည်း ဆွမ်း ခံစားသောအကျင့်။

## ပတ္တပိဏ် ဓုတင်

သပိတ်တစ်ခုတည်း၌ စားရသောအကျင့်။ (ဟင်းခွက်များစွာဖြင့် မစားရ)

## ခလုပစ္ဆာ ဓုတင်

ဂိလာနတို့၏ အကြွင်းအကျန်၊ ဝိနည်းမိုရ်ပုဂ္ဂိုလ်တို့၏ အကြွင်းအကျန်ကို မစားသောအကျင့်။

(သာမန်ရဟန်းတို့သည် ဆွမ်းစားစဉ် 'တော်ပြီ'' ဟု သတ်မှတ်ပြီးက အခြားစားသောက်ဖွယ်ရာတို့ကို မစားသောက်ရ၊

စားသောက်လျှင် အာပါတ်သင့်၏။ ထိုရဟန်းတို့သည် 'တော်ပြီ' ဟု သတ်မှတ်ပြီးမှ ဂိလာနနှင့် ဝိနည်းမိုရ်ပုဂ္ဂိုလ်တို့၏ အကျန်ကို စားကာ အာပါတ်မသင့်)

## အာရညိကင်္ဂရှတင်

မြို့၊ ရွာတို့နှင့် အနည်းဆုံး တစ်မိုင်ထက်ဝေးသော တောကျောင်း၌ နေသောအကျင့်။

## ရုက္ခမူလင်္ဂရှတင်

သစ်ပင်အောက်၌ နေသောအကျင့်။

## အဗ္ဘောကာသိကင်္ဂရှတင်

လွင်တီးခေါင်၌ နေသောအကျင့်။

## သုသာန် ရှတင်

လူသေပစ်ရာ သုသာန်သင်္ချိုင်းတို့၌ နေသောအကျင့်။

## ယထာသန္တ ရှတင်

သက်ဆိုင်ရာကျောင်းမှ အုပ်ချုပ်သူတို့ ချမှတ်ထားသော နေရာ၌သာ နေလေ့ရှိသောအကျင့်။

## နိသဇ္ဇရှတင်

မအိပ်သောအကျင့်။ (လဲလျောင်း၍ နေခြင်း)



## အကျွာဘနီ စစ်တပ်

ဝါးတစ်စည်းလျှင် အလုံး (၆၀)ဖြင့် ချည်ကာ ဝါးအစည်းပေါင်း (၆၀)ကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် လုပ်နိုင်စွမ်းလောက်သော စစ်တပ်ကို အကျွာဘနီတပ်။

## အာမေဋိတ်သင်ခြင်း ၉-မျိုး

၁။ ကြောက်၍ အာမေဋိတ်သင့်ခြင်း။

၂။ ဒေါကအမျက်ထွက်၍ အာမေဋိတ်သင့်ခြင်း။

၃။ ချီးမွမ်းတဲ့အခါ အာမေဋိတ်သင့်ခြင်း။

၄။ အဆောင်တလျင် ပြုမိတဲ့အခါ အာမေဋိတ်သင့်ခြင်း။

၅။ အံ့ဩတဲ့အခါ အာမေဋိတ်သင့်ခြင်း။

၆။ အသစ်အဆန်းမြင်တဲ့အခါ အာမေဋိတ်သင့်ခြင်း။

၇။ ဝမ်းသာရွှင်လန်းတဲ့အခါ အာမေဋိတ်သင့်ခြင်း။

၈။ စိုးရိမ်ပူဆွေး ငိုကြွေးတဲ့အခါ အာမေဋိတ်သင့်ခြင်း။

၉။ ကြည်ညိုတဲ့အခါ အာမေဋိတ်သင့်ခြင်း။

## သူတော်ကောင်းတရား ၄-ပါး (သာဝုနရ)

၁။ မိမိအပေါ်ပြုထားသော သူတစ်ပါးကျေးဇူးကို ပြန်ဆပ်ခြင်း။

၂။ ပြန်မဆပ်နိုင်လျှင် စိတ်ဖြင့်ပင် မပြစ်မှားခြင်း။

၃။ ကိုယ်ဖြင့် ကာယကံမြောက်အောင် အဆွေခင်ပွန်းတို့အား ပြစ်မှားမှု မရှိခြင်း။

၄။ မိန်းမတို့၏ ယုတ်မာသောအလိုကို မလိုက်ခြင်း။

### မြတ်စွာဘုရား၏ ပထမဆုံးဩဝါဒ

မကောင်းမှုကို ရှောင်ခြင်း။

ကောင်းမှုကို ဆောင်ခြင်း။

စိတ်နှလုံး ဖြူစင်ခြင်း။

### မြတ်စွာဘုရား၏ အသံအင်္ဂါ ၈-ပါး

၁။ သန့်ရှင်းသည်။

၂။ သာယာသည်။

၃။ သိလွယ်သည်။

၄။ နာချင်စဖွယ်ရှိသည်။

၅။ ဖရိုဖရဲ မကွဲအက်သည်။

၆။ လုံးဝန်းသည်။

၇။ နက်နဲသည်။

၈။ ပဲ့တင်ထပ်သည်။

### မိန်းမအမှုအရာ ၆-မျိုး

၁။ ချစ်သူအနီးသို့သွားသောအခါ အကြည်အရှု အသွားအလာ တို့၌ ဖောက်ပြန်ခြင်းအမှု။



၂။ အလွန်နူးညံ့ သိမ်မွေ့သောပုံစံဖြင့် မျက်လုံး မျက်ခုံးစသည်တို့၏ အမူအရာနှင့်တကွ လက်ခြေအင်္ဂါတို့ကို ထားခြင်းအမှု။

၃။ ချစ်သူ၏ အမူအရာကို အတုလိုက်လုပ်ခြင်းအမှု။

၄။ မွေ့လျော် ပျော်ပါးမှု ဖြစ်စေဖို့ မသိမသာမထင်ရှားသော အမှု။

၅။ မွေ့လျော်ပျော်ပါးခြင်း ဖြစ်စေဖို့ သိသာထင်ရှားသော အမူအရာ ပြခြင်းအမှု။

၆။ ပြုံးရယ် ရွှင်လန်းခြင်းကြောင့်ဖြစ်သော လုပ်မိလုပ်ရာ ယောင်မှား ချွတ်ယွင်း တန်ဆာဆင်ခြင်းအမှု။

### ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ

ပထမအကြိမ် ၁၉၈၈ ဂျပန်နိုင်ငံ

ဒုတိယအကြိမ် ၂၀၀၀ ထိုင်းနိုင်ငံ

တတိယအကြိမ် ၂၀၀၂ ကမ္ဘောဒီယားနိုင်ငံ

စတုတ္ထအကြိမ် ၂၀၀၄ မြန်မာနိုင်ငံ

### ရည်ရွယ်ချက်

၁။ ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်ထွန်းကားလာစေရန်။

၂။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာအချင်းချင်း ထိန်းသိမ်း စောင့်ရှောက်ကြရန်။

၃။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိ အခြေခံသော ဗုဒ္ဓဘာသာဝင်များ ထွန်းကားပြန့်ပွားစေရန်။

၄။ ကမ္ဘာ့လူထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီး ဖြစ်ထွန်းအကျိုးပြုစေရန်အတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီ ဆောင်ရွက်နိုင်ရန်။

၅။ ဗုဒ္ဓ၏ တရားတော်များ မူရင်းမပျက် နိုင်ငံတကာ၌ ပြန့်ပွားထွန်းကားစေရန်။

## (၃၇)မင်း နတ်သမိုင်း

**ကျား/မ**

| | |
|---|---|
| ယောကျ်ား | ၂၆ယောက် |
| မိန်းမ | ၁၀ယောက် |

**သေဆုံးပုံ**

| | |
|---|---|
| အသေဆိုးနှင့် | ၂၂ယောက် |
| ဖျားနာနှင့် | ၁၁ယောက် |
| ဘိန်း၊ အရက်နှင့် | ၂ယောက် |
| နူနာနှင့် | ၁ယောက် |



**မျိုးနွယ်**

| | |
|---|---|
| ဘုရင်နှင့် မင်း | ၉ယောက် |
| မိဖုရား | ၄ယောက် |
| မင်းသားမင်းနွယ် | ၈ယောက် |
| အမတ်နှင့် မင်းမှူးထမ်း | ၁၁ယောက် |
| ကုန်သည် ဆင်းရဲသား | ၄ယောက် |

**ရှင်/ရဟန်း/လူ**

| | |
|---|---|
| ရှင်ရဟန်း | ၃ယောက် |
| လူ | ၃၃ယောက် |

**ခေတ်ကာလ**

| | |
|---|---|
| ပုဂံခေတ် | ၂၂ယောက် |
| ပင်းယခေတ် | ၁ယောက် |
| အင်းဝခေတ် | ၉ယောက် |
| တောင်ငူခေတ် | ၅ယောက် |

**မှတ်ချက်။** ပုဂံခေတ်တွင် အနော်ရထာဘုရင်က သိကြားမင်းပါ ထည့်ရေးသဖြင့် ၃၇မင်းဖြစ်သည်။

## အတိတ်

နောင်အနာဂတ်ကာလ၌ ဖြစ်မည်ကို ကြိုတင်၍ ဟောပြောနိုင်ခြင်းကို အတိတ်ဟုခေါ်၏။

## နိမိတ်

ဖြစ်လတ္တံ့သော် အနာဂတ် အရေးအကြောင်းများနှင့် ပတ်သက်၍ ကြိုတင်ပြောဆိုခြင်း, ဖိတ်ကြားခြင်းကို နိမိတ်ဟုခေါ်၏။

## တဘောင်

နောက်ခေတ်ကာလ၌ မည်သို့ မည်ပုံဖြစ်မည်ကို ကြိုတင်ပြောထားခြင်းကို တဘောင်ဟုခေါ်၏။

## စနည်း

မည်သို့ မည်ပုံဖြစ်မည်၊ လိုက်နာရမည်တို့ကို ပြဆိုခြင်း၊ ဖြစ်လာမည်အဖြစ်ကို ခံယူရန်ပြခြင်း၊ အမှတ်တမဲ့ပြောဆိုသော စကားတို့ကို အဓိပ္ပာယ်ဖတ်ရသောနည်းကို "စနည်း" ဟုခေါ်၏။

## သတ္တိ

ကိုယ်ကာလ ထိခိုက် နာကျင်ရမှာ၊ သေရမှာတို့ကို မကြောက်လန့်၊ ထိုသို့ မကြောက်အမဲ့ကင်းခြင်းကို သတ္တိ။

## ဗျတ္တိ

စိတ်ဓာတ် ခိုင်မာ၍ အခက်အခဲ ကျော်လွှန်နိုင်သော ခွဲ၊ တိုက်ခိုက်နိုင်သော ဉာဏ်၊ အောင်မြင်နိုင်သော လုံ့လ၊ ဤသုံးခု ပေါင်းစည်းထားမှုသည် ဗျတ္တိ။



## ဝါဒ ၃-မျိုး

၁။ **သဘာဝဝါဒ=** သဘာဝနှင့်ပတ်သက်သော ကေန်ဝါဒ၊ (Natural Determinism)

၂။ **ဣဿရကာရဏဝါဒ=** ထာဝရဘုရားနှင့် ပတ်သက်သော ကေန်ဝါဒ။ (Theistic Determinism)

၃။ **ပုဗ္ဗကမ္မဝါဒ=** ကံတရားနှင့်ပတ်သက်သော ကေန်ဝါဒ။ (Kurmic Determinism)

## ဂတိ ၅-မျိုး

၁။ သေပြီးသည့်အခါ ကုသိုလ်ကောင်းမှု အရှိန်အဟုန်ကြောင့် နတ်ပြည်၊ ဗြဟ္မပြည်ရောက်ခြင်း **ဒေဝဂတိ။**

၂။ သေပြီးသည့်အခါ လူ့ဘဝကို တစ်ဖန်ပြည်ရောက်ခြင်း **မနုဿဂတိ။**

၃။ သေပြီးသည့်အခါ အကုသိုလ်အမျိုးမျိုးကြောင့် ဆင်းရဲဒုက္ခရောက်ရသော ငရဲဘုံကို **နိရယဂတိ။**

၄။ သေပြီးသည့်အခါ တိရစ္ဆာန်ဘဝသို့ ကျရောက်တတ်သော **တိရစ္ဆာနဂတိ။**

၅။ သေပြီးသည့်အခါ မကျွတ်မလွတ် စွဲလမ်းခြင်းကြောင့် ဖြစ်သော သရဲ, တစ္ဆေ, ပြိတ္တာဘဝ စသည်တို့ကို **ပေတဂတိ။**

## သိင်္ဂါရ, ရသ

ချစ်သူနှစ်ဦးတို့၏ ချစ်ခင် နှစ်သက် စုံမက်ခြင်းကြောင့် ဖြစ်သော ပျော်ရွှင် ကြည်နူးဖွယ်ရာ ချစ်ခြင်းသဘောတရား။

## လေ ၆-မျိုး

၁။ အထက်သို့ ဆန်တတ်သောလေ။

၂။ အောက်သို့ စုန်သောလေ။

၃။ ဝမ်း၌ တည်သောလေ။

၄။ လူ၏အနီး တည်သောလေ။

၅။ ထွက်သက် ဝင်သက်လေ။

၆။ အင်္ဂါကြီးငယ်ကို ပျောက်သောလေ။

## သိကြားမင်း၏ အသုံးအဆောင်များ

ဝေဇယန္တာပြသာဒ်၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာရထား၊ မာတလိရထားထိန်း၊ ဧရာဝဏ်ဆင်၊ ပဏ္ဍုကမ္ဗလကျောက်ဖျာ၊ နန္ဒာရေကန်၊ နန္ဒာဝန်ဥယျာဉ်၊ မိဿကဥယျာဉ်၊ စိတ္တလကဥယျာဉ်၊ ဖရုသကဥယျာဉ်၊ ဝရဇိန်လက်နက်၊ ဂန္ဓဗ္ဗနတ် ကချေသည်၊ ဝိမာန ဗိမာန်၊ နတ်သြဇာ။

## နတ်ကြီး ၄-ပါး

၁။ ဓတရဋ္ဌနတ်မင်း၊

၂။ ဝိရူဠှကနတ်မင်း၊



၃။ ဝိရူပက္ခနတ်မင်း၊

၄။ ကုဝေရနတ်မင်း။

## နက္ခတ် ၂၇-လုံး

၁။ အဿဝဏီ နက္ခတ်၊

၂။ ဘရဏီ နက္ခတ်၊

၃။ ကြတ္တိကာ နက္ခတ်၊

၄။ ရောဟိဏီ နက္ခတ်၊

၅။ မိဂသီ နက္ခတ်၊

၆။ အဒြ နက္ခတ်၊

၇။ ပုနဗ္ဗုသျှ နက္ခတ်၊

၈။ ဖုသျှ နက္ခတ်၊

၉။ အသလိကာ နက္ခတ်၊

၁၀။ မာဃ နက္ခတ်၊

၁၁။ ပြုပ္ပဖလဂုနီ နက္ခတ်၊

၁၂။ ဥတ္တရဖလဂုနီ နက္ခတ်၊

၁၃။ ဟသတ နက္ခတ်၊

၁၄။ စိတြ နက္ခတ်၊

၁၅။ သွာတိ နက္ခတ်၊

၁၆။ ဝိသာခါ နက္ခတ်၊

၁၇။ အနုရာဓာ နက္ခတ်၊
၁၈။ ဇေဋ္ဌ နက္ခတ်၊
၁၉။ မူလ နက္ခတ်၊
၂၀။ ပြုဗ္ဗာသရ နက္ခတ်၊
၂၁။ ဉတ္တရာသရ နက္ခတ်၊
၂၂။ ရေဝတီ နက္ခတ်၊
၂၃။ သရဝဏ် နက္ခတ်၊
၂၄။ ဓနိဋ္ဌ နက္ခတ်၊
၂၅။ သတာသိသျှ နက္ခတ်၊
၂၆။ ပြုပ္ပသဒြ နက္ခတ်၊
၂၇။ ဉတ္တရာဘာသဒြ နက္ခတ်၊

## ဂြိုဟ် ၉-လုံး

၁။ သူရာ = တနင်္ဂနွေဂြိုဟ်
၂။ စန္ဒ = တနင်္လာဂြိုဟ်
၃။ အင်္ဂါရ = အင်္ဂါဂြိုဟ်
၄။ ဗုဓ = ဗုဒ္ဓဟူးဂြိုဟ်
၅။ ဇီဝ = ကြာသပတေးဂြိုဟ်
၆။ သုက္က = သောကြာဂြိုဟ်
၇။ အသနိ = စနေဂြိုဟ်



၈။ ရာဟု = ရာဟုဂြိုဟ်
၉။ ကေတု = ကိတ်ဂြိုဟ်

## ဘဝနိကန္တိက လောဘဇော

သတ္တဝါတို့သည် အမိဝမ်း၌ ပဋိသန္ဓေ တည်ပြီးနောက် ပထမဆုံးဖြစ်သော စိတ်။ ထိုစိတ်ကို 'ဘဝနိကန္တိက လောဘဇော' စိတ်ဟုခေါ်၏။

ကောင်းသောဘဝ ရောက်ရောက်၊ မကောင်းတဲ့ဘဝ ရောက်ရောက် ထိုရောက်ရှိ (ရရှိ)သော ဘဝကို စွဲလမ်းနှစ်သက်သော စိတ်ဖြစ်၏။

## လောဘ၏ စွဲလမ်းမှု ၃-မျိုး

၁။ အသက် ဝိညာဉ်
၂။ ခန္ဓာကိုယ် အသွေးအသား
၃။ ပစ္စည်းဥစ္စာ ငွေကြေး

## မျက်လုံး၏ အကုသိုလ်

မျက်စေ့ကို စောင့်စည်းမှုမရှိ၊ အသိနှင့် သတိကပ်၍ မကြည့်သောသူအား မတရားသဖြင့် လိုချင်တပ်မက်မှု အဘိဇ္ဈာ၊ နှလုံးမသာယာခြင်း ဒေါမနဿတရားတို့ ဝင်တတ်၏။

## သူတော်ကောင်းတို့ ပြုသောဒါန

ရတနာသုံးပါးကို ကြည်ညိုခြင်း၊
အလှူခံပုဂ္ဂိုလ်ကို ရိုသေခြင်း၊
လိုအပ်သောအရာကို လှူခြင်း၊
လှူပြီးသော ဝတ္ထုပစ္စည်းအပေါ်၌ ကပ်ငြိမှုမရှိခြင်း၊
မိမိအလှူအတွက် သူတစ်ပါးတို့ မထိခိုက်ခြင်း။

## သူတော်ကောင်း အလှူနှင့် တန်ပြန် အကျိုးတရားများ

၁။ ရတနာသုံးပါးကို ယုံကြည်သော သဒ္ဓါတရားဖြင့် လှူသူသည် ရုပ်ရည်ချောမော၏။
၂။ ရိုသေစွာ လှူသူသည် ဩဇာအာဏာကြီးမား၏။ သူ၏ စကားကို အခြားသူတို့နားထောင်၏။
၃။ လိုအပ်သောအချိန်၌ လှူသူသည် ကိုယ်အလိုရှိသော အချိန်၌ အကျိုးပြန်ရ၏။
၄။ လှူပြီးသော ပစ္စည်းအပေါ်၌ မကပ်ငြိခြင်းသည် အကောင်းဆုံး အသုံးအဆောင် ပစ္စည်းတို့ကို ရရှိ၏။
၅။ သူတစ်ပါးတို့အား မထိခိုက်ဘဲ လှူသောသူသည် မိမိပစ္စည်းများအားလည်း ရန်သူမျိုးငါးပါးမှ မထိခိုက်၊ မဖျက်ဆီးနိုင်ပေ။



## အလှူခံပုဂ္ဂိုလ် ၁၄-ယောက်

၁။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်
၂။ ပစ္စေကဗုဒ္ဓါ
၃။ အရိယာပုဂ္ဂိုလ် (၈)ယောက်
၄။ ကိလေသာကင်းအောင် ကျင့်သောရသေ့
၅။ သီလရှိသော လူသူတော်ကောင်း
၆။ သီလမရှိသော လူမိုက်
၇။ တိရစ္ဆာန်။

**မှတ်ချက်။** တိရစ္ဆာန်တစ်ကောင်ကို ပေးလှူလျှင် ဘဝတစ်ရာ ချမ်းသာ၏။ လူမိုက်ကိုပေးလှူလျှင် ဘဝတစ်ထောင် ချမ်းသာ၏။ လူသူတော်ကောင်းကို ပေးလှူလျှင် ဘဝတစ်သောင်း ချမ်းသာ၏။ ရသေ့ကိုပေးလှူလျှင် ဘဝ ကုဋေ တစ်သိန်းချမ်းသာ၏။ ကျန်ပုဂ္ဂိုလ်များကို လှူဒါန်းလျှင် ရေတွက်၍ မရနိုင်သော ဘဝပေါင်းများစွာ ချမ်းသာ၏။

## အလှူပေးစဉ် ထိခိုက်ခြင်း ၃-မျိုး

၁။ ဒါမျိုးအလှူကို ငါတစ်ဦးတည်း လှူနိုင်၏။ သူတစ်ပါးတို့ မလှူနိုင်ဘူးဆိုသော မာနထောင်သော အလှူ။

၂။ ခိုးဝှက် လိမ်ညာ လှည့်စားရသော ပစ္စည်းများဖြင့် လှူဒါန်းသောအလှူ။

၃။ တိရစ္ဆာန်တို့အား သတ်ဖြတ်၍ လှူဒါန်းသောအလှူ။

## ပါဏာတိပါတကံ ထိုက်သော အင်္ဂါ ၅-ချက်

၁။ သတ္တဝါမှန်း သိခြင်း။

၂။ သတ္တဝါဟူသော အမှတ်လုံ့လရှိခြင်း။

၃။ သေစေလိုသော်စိတ်ရှိခြင်း။

၄။ သေဖို့ရန် လုံ့လပြုခြင်း။

၅။ သေသွားခြင်း။

## သူတစ်ပါးအသက် သတ်သူများသည်

ကိုယ်လက်အင်္ဂါ ချို့တဲ့ခြင်း။

အသားအရည် မည်းပြာခြင်း။

အားအင်ချည့်နဲ့ခြင်း။

လေးလံထိုင်းမှိုင်းခြင်း။

အခြေအရံ ပျက်ခြင်း။

အနာရောဂါများခြင်း။

သူတစ်ပါးသတ်တာ ခံရခြင်း။



## အဒိန္နာဒါနသင့်သော အင်္ဂါ ၅-ချက်

သူတစ်ပါးဥစ္စာဖြစ်ခြင်း၊

သူတစ်ပါးဥစ္စာဟု သိခြင်း၊

ခိုးယူလိုသောစိတ်ရှိခြင်း၊

ခိုးယူဖို့ရန် ကိုယ်,နှုတ်ဖြင့် လုံ့လပြုခြင်း၊

ခိုးယူခြင်း။

## သူတစ်ပါးဥစ္စာ ခိုးသူများသည်

ဆင်းရဲခြင်း၊

အလိုရှိတာ မရခြင်း၊

ရရှိသောဥစ္စာကို ရန်သူမျိုးငါးပါးက ဖျက်ဆီးခြင်း၊

အစာရေစာ ငတ်ပြတ်ခြင်း၊

ဥစ္စာပစ္စည်း နည်းပါးခြင်း။

## ကာမေသုမိစ္ဆာစာရ သင့်သော အင်္ဂါ ၄-ချက်

မှီဝဲလိုစိတ်ရှိခြင်း၊

လုံ့လပြုခြင်း၊

သာယာခြင်း၊

မိန်းမဖြစ်ခြင်း၊

## ကာမေသုမိစ္ဆာစာရ၏ အပြစ်များ

လူမုန်းများခြင်း၊
ရန်သူများခြင်း၊
ပစ္စည်းဥစ္စာ ရှားပါးခြင်း၊
ဆင်းရဲခြင်း၊
ဣန္ထေသိက္ခာမဲ့ခြင်း၊
မိန်းမဖြစ်ရခြင်း၊
စိုးရိမ်စွာနေရခြင်း၊
ချစ်သူနှင့် ကွေကွင်းရခြင်း။

## မသွားလာအပ်သော မိန်း ၂၀

၁။ မိခင်အုပ်ထိန်းသောမိန်းမ၊
၂။ ဖခင်အုပ်ထိန်းသောမိန်းမ၊
၃။ မိဘနှစ်ပါးအုပ်ထိန်းသောမိန်းမ၊
၄။ မောင်ကြီး မောင်ငယ် အုပ်ထိန်းသောမိန်းမ၊
၅။ အစ်မ, ညီမ အုပ်ထိန်းသောမိန်းမ၊
၆။ ဆွေမျိုး အုပ်ထိန်းသောမိန်းမ၊
၇။ အမျိုးအနွယ် အုပ်ထိန်းသောမိန်းမ၊
၈။ တရားကျင့်ဖော် အုပ်ထိန်းသောမိန်းမ၊



၉။ ကိုယ်ဝန်တည်ကတည်းက မှတ်သား သိမ်းဆည်းထားသော မိန်းမ၊
၁၀။ ဤမိန်းမထံ မသွားရဟု မင်းမိန့်ထုတ်ထားသော မိန်းမ၊
၁၁။ ဥစ္စာဖြင့် ဝယ်ယူထားသော မိန်းမ၊
၁၂။ အလိုတူ၍ ပေါင်းသင်းနေသော မိန်းမ၊
၁၃။ ဥစ္စာစည်းစိမ် အပ်နှင်း၍ ပေါင်းသင်းသောမိန်းမ၊
၁၄။ လက်ထပ်ပေါင်းသင်းသော မိန်းမ၊
၁၅။ အဝတ်တန်ဆာဆင်၍ ပေါင်းသင်းသောမိန်းမ၊
၁၆။ အလုပ်မခိုင်းဘဲထားသော မိန်းမ၊
၁၇။ မယားပြုခံရသော မိန်းမ၊
၁၈။ မယားပြုခံရသော အလုပ်သူမ၊
၁၉။ သုံ့ပန်း မိန်းမ၊
၂၀။ ခေတ္တငှားသော မိန်းမ။

## မုသားဝါဒသင့်သော အင်္ဂါ ၄-ချက်

၁။ မဟုတ်မမှန်သော အကြောင်းဖြစ်ခြင်း၊
၂။ ပြောလိုစိတ်ရှိခြင်း၊
၃။ ပြောလည်း ပြောခြင်း၊
၄။ ပြောသည့်စကားကို တစ်ဖက်သားက နားလည်ခြင်း။

## မုသားပြောသူ၏ အပြစ်များ

စကားမပီခြင်း၊
သွားများ မညီခြင်း၊
ပါးစပ်မှ အပုပ်နံ့ထွက်ခြင်း၊
အသားအရည် ခြောက်ကပ်ခြင်း၊ ဖောက်ပြန်ခြင်း၊
ဣန္ဒြေ ဖောက်ပြန်ခြင်း၊
ဩဇာအာဏာ မရှိခြင်း၊
နှုတ်ထွက်စကား ကြမ်းခြင်း၊
လျှပ်ပေါ်လော်လီခြင်း၊
တည်ကြည်မှု မရှိခြင်း။

## မကောင်းမှုပြုသူအတွက် ဘေး ၄-မျိုး

သူတစ်ပါး စွပ်စွဲကဲ့ရဲ့ခြင်းဘေး။
ထောင်ကျခြင်းစသော ဒဏ်သင့်ခြင်းဘေး။
မိမိကိုယ်ကို မိမိ စွပ်စွဲကဲ့ရဲ့ခြင်းဘေး။
အပါယ်လေးဘုံသို့ ကျခြင်းဘေး။

## ကြည်ညိုခြင်း ၃-မျိုး

သူစိမ်းက ကြည်ညိုခြင်း၊
မိသားစုက ကြည်ညိုခြင်း၊
မိမိကိုယ်မိမိ ကြည်ညိုခြင်း။



## ဒုစရိုက်စကား ၄-မျိုး

လိမ်ညာပြောခြင်း - မုသာဝါဒ။
ကုန်းတိုက်ခြင်း - ပိသုဏာဝါစာ။
ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုခြင်း - ဖရုသဝါစာ။
လောကီ လောကုတ္တရာ အကျိုးမရှိသောစကားကို ပြောဆိုခြင်း-သမ္ဖပ္ပလာပ။

## သုရာမေရယသင့်သော အင်္ဂါ ၄-ချက်

အရက်တစ်မျိုးမျိုးဖြစ်ခြင်း၊
သောက်စားလိုသော စိတ်ရှိခြင်း၊
သောက်ဖြစ်အောင် လုံ့လပြုခြင်း၊
သောက်ခြင်း။

## အရက်သောက်သူ၏ အပြစ်များ

မိမိရမည့်အခွင့်အရေးများကို မသိခြင်း၊
ပျင်းရှိခြင်း၊
မေ့ခြင်း၊
ရူးသွပ်ခြင်း၊
အရက်အကြောက်ကင်းမဲ့ခြင်း၊
မကောင်းမှု ပြုလွယ်ခြင်း။

## ဦးနှောက်ပျက်စီးသည့် လက္ခဏာများ

မှတ်ဉာဏ်ထိခိုက်ခြင်း၊
စိတ်ထိခိုက်လွယ်ခြင်း၊
အသိဉာဏ်ထိခိုက်ခြင်း၊
စိတ်ဖောက်ပြန်ခြင်း။

## ဂုဏ်တော်ပွားရကျိုး ၁၇-မျိုး

၁။ မိမိခန္ဓာကိုယ် အတွင်းသန္တာန်သည် စေတီအိမ်နှင့် တူသည် ဖြစ်၍ သူတစ်ပါးတို့၏ ရှိခိုးမှုကို ခံယူထိုက်ခြင်း။
၂။ စိတ်ဓာတ် ရဲရင့်တည်ကြည်ခြင်း။
၃။ သေခါနီး၌ မတွေမဝေသေရ၍ သေသည်၏အခြားမဲ့၌ နတ်ရွာသုဂတိသို့ ရောက်ရခြင်း။
၄။ ဘုရားနှင့်တွေ့ခွင့်ရက သစ္စာလေးပါးတရားကို သိလွယ်တတ်လွယ်သောသူ ဖြစ်ခြင်း။
၅။ အမျိုးမြတ်ခြင်း။
၆။ သူတစ်ပါးတို့၏ အရိုအသေပြုမှု ခံရခြင်း။
၇။ ချီးမွမ်းထိုက်သော ကိုယ်အင်္ဂါနှင့် ပြည့်စုံခြင်း။
၈။ အဆင်းလှခြင်း။
၉။ ကိုယ်အနံ့ ကြိုင်သင်းခြင်း။



၁၀။ ခံတွင်းအနံ့ မွှေးပျံ့ခြင်း။
၁၁။ ကြီးကျယ်သောဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၂။ နက်နဲသောဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၃။ ထက်မြက်သောဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၄။ လျင်မြန်သောဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၅။ ရွှင်လန်းသောဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၆။ ဆန်းကြယ်သောဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၇။ စကားကောင်းကို ဆိုနိုင်ခြင်း။

## မေတ္တာတရားကောင်းရန် အင်္ဂါ ၈-ပါး

၁။ မိမိမှာဖြစ်သော မေတ္တာစိတ်ကိုပျက်ပြယ်မသွားရအောင် တရိုတသေ ဂရုတစိုက်ထားရခြင်း- **အာသေဝိတ။**
၂။ ရှိပြီးသားမေတ္တာစိတ်ကို လျော့မသွားစေဘဲ ပို၍တိုးပွားလာအောင်လုပ်ခြင်း- **ဘာဝိတ။**
၃။ မေတ္တာကို တစ်ခါတစ်လေသာမက အကြိမ်ကြိမ်ပွားများစေခြင်း - **ဗဟုလီကတ။**
၄။ မေတ္တာကို စီးစရာယာဉ်ကဲ့သို့ သဘောထားပြီး မိမိသွားရာ၌ အမြဲတမ်းမေတ္တာဖြင့်သွားခြင်း - **ယာနီကတ။**
၅။ မေတ္တာကို ငါ၏တည်ရာမှီရာဟု စိတ်ထဲမှာ စွဲထားခြင်း- **ဝတ္ထုကတ။**

၆။ မေတ္တာရှေ့ရှုသောစိတ်ဖြင့် နေခြင်း - **အနုဒ္ဒိက**။

၇။ မိမိပတ်ဝန်းကျင်ကို မေတ္တာစိတ်ဖြင့် ဝိုင်းဝန်းထားခြင်း- **ပရိစိတ**။

၈။ မေတ္တာဖြင့် အားထုတ်ခြင်း - **သုသမာရဒ္ဓ**။

## သေခြင်းတရားကို ဆင်ခြင်ခြင်းအကျိုး

ကုသိုလ်ကောင်းမှုကို အချိန်မဆွဲဘဲ ပြုဖြစ်ခြင်း။

အကုသိုလ်တရားတို့ကို မပြုဖြစ်တော့ခြင်း။

သေမှာမကြောက်တော့ခြင်း။

နတ်ရွာဂတိသို့ ရောက်ရခြင်း။

## ကြေးစည်

ကြေးစည်သည် ဃနတူရိယာဟုခေါ်သည့် တစ်ခဲနက်စည်များတွင် အပါအဝင်ဖြစ်သော တူရိယာတစ်မျိုးဖြစ်၏။ ကြေးကိုမူတည်ကာ ပြုလုပ်ထားသဖြင့် ''ကြေးစည်''ဟုခေါ်၏။

## ကျန်းမာရေးအတွက် အဓိက ၉-ချက်

၁။ လေကောင်းလေသန့် ရှူပါ။

၂။ ရေကောင်း ရေသန့် သောက်ပါ။



၃။ ကျန်းမာရေးနှင့်ညီသည့် အစာကိုစားပါ။

၄။ အိပ်ရေးဝ,အောင် အိပ်ပါ။

၅။ ကျန်းမာရေးနှင့်ညီညွတ်စွာ ဝတ်စားဆင်ယင်ပါ။

၆။ ကိုယ်ခန္ဓာအနေအထား မှန်ကန်အောင်နေပါ။

၇။ ဣရိယာပုထ် မျှတအောင်နေပါ။

၈။ သန့်ရှင်းစင်ကြယ်စွာ နေပါ။

၉။ စိတ်ကြည်လင် ရွှင်လန်းစွာနေပါ။

## ဗျသနတရား ၅-ပါး

၁။ မိမိဆွေမျိုးများ သေကြေ ပျက်စီး ဝေးကွာစွာနေရခြင်း - **ဉာတိဗျသန**။

၂။ ရှာဖွေစုဆောင်းထားသော ပစ္စည်းများ ရန်သူမျိုးငါးပါးကြောင့် ပျက်စီး၊ ကုန်ခန်းသွားခြင်း - **ဘောဂဗျသန**။

၃။ အနာရောဂါများ နှိပ်စက် ဖျက်ဆီးခြင်း - **ရောဂါဗျသန**။

၄။ သီလမလုံခြုံခြင်း ပျက်စီးခြင်းကို - **သီလဗျသန**။

၅။ ကိုးကွယ်မှုမှားခြင်း - **ဒိဋ္ဌိဗျသန**။

## ကျည်းကန်ရှင်ကြီး

ကုန်းဘောင်ခေတ်တွင် ပေါ်ထွက်ခဲ့သော စာဆိုပညာရှင်ကြီးဖြစ်၏။ ပခုက္ကူခရိုင် မြိုင်မြို့နယ် လက်တောဆယ်ရွာ

အပါအဝင် ကျည်းကန်ရှာ၌ သက္ကရာဇ် (၁၁၁၉)ခုနှစ်တွင် ဖွားမြင်၏။ ငယ်အမည် မောင်နု။

ရှင်ဘွဲ့ ရှင်နန္ဒမေဓ ဖြစ်၏။

ကိုရင်ကြီးအဖြစ် စာပေကျမ်းဂန်များကို ပြုစုခဲ့သောကြောင့် မြန်မာစာပေဂန္ထဝင်တွင် "ကျည်းကန်ရှင်ကြီး"ဟု ထင်ရှား၏။

## အလှအမျိုးမျိုး

၁။ နေမင်းသည် နေ့အခါမှာပဲ လင်းသောကြောင့် နေ့အခါမှသာ လှပ၏။

၂။ လမင်းသည် ညအခါမှာပဲ သာသောကြောင့် ညအခါမှသာ လှပ၏။

၃။ ရှင်ဘုရင်သည် မင်းမြောက်တန်ဆာငါးပါး ဝတ်စားဆင်ယင်မှသာလျှင် လှ၏။

၄။ ရဟန္တာသည် ဈာန်ဝင်စားသည့်အခါမှ လှ၏။

၅။ မြတ်စွာဘုရားသည် အချိန်တိုင်း လှ၏။

## ကျိုင်း

'ကျိုင်း'မှာ မြန်မာမင်းများလက်ထက် ဘုရင် မိဖုရားနှင့် မင်းညီမင်းသားတို့၏ အဆောင်အယောင်တစ်မျိုးဖြစ်၏။ ဘုရင်က



ချီးမြှောက် သူကောင်းပြုခံသူတို့တွင် ဘုရင်အမိန့်အရ 'ကျိုင်း'ကို သုံးစွဲခွင့်ရ၏။

မြန်မာ မင်းခမ်းမင်းနားကိစ္စများတွင် မြင့်မြတ်သော ဂုဏ်ထူးနှင့် အခွန်အာဏာကို ညွှန်းသည် အဆောင်အယောင်ဖြင့် 'ကျိုင်း'ကို သုံးကြ၏။ 'ကျိုင်း'မှာ အရိုးရှည်တပ်ထားသော ခမောက်သဏ္ဌာန် ဖြစ်၏။

## ကျိုင်း ၃-မျိုး

၁။ အထွက်ကို ရွှေချထားသော ကျိုင်း။

၂။ အထွက်ရွှေနှင့် အအုံ၊ အရွက်၊ အရိုးတို့ကို အနီသုတ်ထားသော ကျိုင်း။

၃။ ကျိုင်းဖြူတွင် အထွက် အနီ အနက် သုတ်ထားသော ကျိုင်း။

## တန်ခိုး ၅-မျိုး

၁။ သီလတန်ခိုး။

၂။ ပညာတန်ခိုး။

၃။ ဂုဏ်တန်ခိုး။

၄။ တရားတန်ခိုး။

၅။ ကောင်းမှုတန်ခိုး။

## ကျိုက်ခေါက်စေတီ

မဟာသက္ကရာဇ် ၁၁၁-ခုနှစ် ဆောင်းရာသီတွင် ဂဝံပတိမထေရ်၏ လျှောက်ထား တောင်းပန်ချက်အရ မြတ်စွာဘုရားသခင်သည် သုဝဏ္ဏဘူမိသို့ ကြွလာရာတွင် သီဟဒီပကျွန်း (သန်လျင်ကျွန်း)မှ ရသေ့ကြီးတိဿ ရရှိသော ဆံတော်နှစ်ဆူအနက် တစ်ဆူဖြင့် တည်ထားသောစေတီဖြစ်၏။

ကျိုက်ခေါက်စေတီကို ဇေယျာသနမင်း၊ သိကြားမင်းနှင့် ရသေ့ခေါက်(တိဿ)တို့ သုံးဦး တည်ထားခြင်းဖြစ်၏။ ရှေးအခါက ကျိုက်ခေါက်ကုန်းကို မြတ်စွာဘုရားရှင် ရွှေဟင်္သာမင်းဘဝက နားခိုခဲ့ဖူးသဖြင့် "ဥတ္တရာယဂံကုန်း"ဟု ခေါ်၏။

## တည်မြဲခြင်း ၄-မျိုး

၁။ အလောင်းတော်ဘဝက သစ္စာအဓိဋ္ဌာန် ပြုခဲ့သော ဘုရားလောင်းငုံမင်း၏ နေရာသည် ဘယ်တော့မှ မီးမလောင်ပါဘူး။

၂။ ဃဋိကာရရဲ့အိမ်ဟာ ဘယ်တော့မှ မိုးမစိုပါဘူး။

၃။ ဘုရားလောင်း မျောက်မင်း ဘဝက ကျူတောဟာ အဆစ်မရှိပါဘူး။

၄။ လမင်းမှာရှိတဲ့ ယုန်ရုပ်ဟာ ဘယ်တော့မှ မပျက်ပါဘူး။



## ကျုံး

ရှေးမြန်မာဘုရင်တို့သည် မြို့တော်အတွင်းသို့ ရန်သူများ အလွယ်တကူ မဝင်ရောက်နိုင်စေရန် မြို့ရိုးတံတိုင်း၏ အပြင်ဘက်တွင် ပတ်လည်ဝန်းရံ၍ ပြုလုပ်ထားသော အတားအဆီးများကို 'ကျုံး'ဟု ခေါ်ပါသည်။

## ကျုံး ၃-မျိုး

၁။ ရန်သူ စစ်သည် ဆင်၊ မြင်းတို့ အလွယ်တကူ မကူးခက်နိုင်အောင် ကျယ်ပြန့်စွာပတ်၍ တူးဖော်ထားသော **ရေကျုံး**။

၂။ ရန်သူ စစ်သည် ဆင်၊ မြင်း၊ ရထားတို့ ဖြတ်ကူးလျှင် နစ်ကျွံအောင် တူးဆွရေသွင်း၍ ရွှံ့ညွန်များဖြစ်အောင် စီမံထားသော စီမံထားသော **ညွန်ကျုံး**။

၃။ ရေမတင် ညွန်မတင်သော မြေလွတ်တွင် ရန်သူ၏ စစ်သည်၊ ဆင်၊ မြင်း၊ ရထားတို့ ဖြတ်ကျော်လျှင် ထိခိုက်ပြိုလဲလေအောင် ဆူးချွန်၊ ငုတ်ချွန်၊ ကြောင့်၊ ခလုတ်၊ တွင်းချိုင့် စသည်တို့ဖြင့် စီမံထားသော **အခြေတင်ကျုံး**။

## အလှူ ၃-မျိုး

၁။ မလှူချင်ဘဲနဲ့ လှူတာရယ်။

၂။ လှူချင်လို့ လှူတာရယ်။

၃။ မလှူရရင် မနေနိုင်လို့ လှူတာရယ်။

## ကြီးထွားမှု အမြန်ဆုံးပန်းပင်

ကြီးထွားမှုအမြန်ဆုံး ပန်းပင်မှာ Liliaceae မျိုးစုထဲမှ Hesperoyucca whipplei ဖြစ်သည်။ ၄င်းပန်းပင်သည် တစ်နေ့လျှင် (၁၀)လက်မနှုန်းဖြင့် ကြီးထွား၏။

## အင်အားအကြီးမားဆုံးငလျင်

၁၉၃၀ ပြည့်နှစ်၊ မေလ (၅)ရက်နေ့၌လှုပ်သော အင်အား ပမာဏ ၇ဒသမ၃ ရှိသည့် ပဲခူးငလျင်ကြီးသည် မြန်မာပြည် အောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော ငလျင်များအနက် အကြီးမားဆုံး ဖြစ်၏။ လူဦးရေ (၅၀၀၀)ကျော် သေ၏။

မြန်မာပြည်အတိုင်းအတာနှင့် ၁၉၁၂-ခုနှစ်က ဖြစ်ပွား ခဲ့သော ပြင်ဦးလွင် ငလျင်သည် အကြီးမားဆုံးဖြစ်၏။

## တရားတော် ၆-ပါး

၁။ အလှူအတန်းအကြောင်း ပြောဟောသော ဒါနကထာ။
၂။ အကျင့်သီလအကြောင်း ပြောဟောသော သီလကထာ။
၃။ နတ်ပြည်ရောက်ကြောင်း ပြောဟောသော သဂ္ဂကထာ။
၄။ ကာမဂုဏ်၏အပြစ်များကို ပြောဟောသော ကာမာနံ အာဒီ နဝကထာ။



၅။ ကာမဂုဏ်တရားတို့၏ ငြီးငွေ့မှုကို ပြောဟောသော နေက္ခ မေအာနိသံသကထာ။
၆။ သစ္စာလေးပါးအကြောင်းကို ပြောဟောသော စတုသစ္စ ကထာ။

## ကျန်စစ်သား၏အမည်များ

တြိဘုဝန ဒိတျ ဓမ္မရာဇမင်း။
ထီးလှိုင်မင်း။
ထီးလှိုင်ရှင်။
ကျန်စစ်သား။

## ကိုယ်ကျင့်ပျက်သူအတွက် အပြစ် ၅-မျိုး

၁။ စီးပွားဥစ္စာ ပျက်စီးခြင်း။
၂။ မကောင်းသတင်း ထွက်ခြင်း။
၃။ ပရိသတ်ကြား ရဲရဲဝံ့ဝံ့ မနေတတ်ခြင်း။
၄။ အသေဆိုးနှင့် သေရခြင်း။
၅။ သေပြီး အပါယ်လေးပါး ကျရောက်ခြင်း။

## မဂ္ဂင် ၈-ပါး

၁။ သမ္မာဒိဋ္ဌိ = အမှန်အတိုင်း မြင်တာ၊
၂။ သမ္မာသင်္ကပ္ပ = အမှန်အတိုင်း တွေးတော၊ ကြံဆတာ၊

၃။ သမ္မာဝါစာ = အမှန်အတိုင်း ပြောတာ၊

၄။ သမ္မာကမ္မန္တ = အမှန်အတိုင်း လုပ်တာ၊

၅။ သမ္မာဇါယာမ = အမှန်အတိုင်း ကြိုးစားတာ၊

၆။ သမ္မာအာဇီဝ = အမှန်အတိုင်း အသက်မွေးတာ၊

၇။ သမ္မာသတိ = အမှန်အတိုင်း အမှတ်ရတာ၊

၈။ သမ္မာ သမာဓိ = အမှန်အတိုင်း တည်ကြည်တာ။

## စကြဝတေးမင်းရဲ့ ပတ္တမြားရတနာ

ထိုရတနာသည် ရွှံ့ရေအိုင်အတွင်းသို့ ပစ်ချလိုက်ပါက အနယ်တွေ အမှုန်တွေ ချက်ချင်းအောက်မှာထိုင်ကျသွားခြင်း၊ ရေပေါ်က ဒိုက်တွေ မှော်တွေ ချက်ချင်းရှင်းသွားခြင်း၊ ပူနေတဲ့ ရေဟာ အေးမြသွားခြင်းဆိုတဲ့ အစွမ်းသတ္တိတွေရှိ၏။

## ကျိုက္ကမီဘုရား

ကျိုက္ကမီဘုရားသည် သီဟိုဠ်(ယခု သီရိလင်္ကာ)ကျွန်းမှ ဒေဝါနံ ပိယတိဿ မင်းကြီးက အဓိဋ္ဌာန်ဖြင့် မျှောလိုက်သော ရုပ်ပွားတော်လေးဆူမှ သင်္ကန်းတုံးခံသော ရုပ်ပွားတော်ဖြစ်၏။

ကေဒသစေတီရင်ပြင်သို့ သာသနာနှစ် (၂၃၇)ခုနှစ် နတ်တော်လဆန်း (၁၅)ရက်နေ့တွင် ကြွရောက်တော်မူ၏။



## စကြဝတေးမင်း၏ ရတနာ ၇-ပါး

စကြာရတနာ၊ ဆင်ဖြူတော်ရတနာ၊ မြင်းဖြူတော်ရတနာ ပတ္တမြားရတနာ၊ ဇနီးမယားရတနာ၊ သူဌေးရတနာ၊ သားကြီး ဩရသရတနာ။

## နေရာ ၆-မျိုး

အလွန်ဝေးတဲ့နေရာ၊ အလွန်နီးတဲ့နေရာ၊ လေညာအရပ်၊ ကုန်းမြင့်နေရာ၊ ရှေ့တည့်တည့်နေရာ၊ နောက်တည့်တည့်အရပ်။

**မှတ်ချက်။** ။ မိမိထက် အသက်၊ သိက္ခာ၊ ဂုဏ်ကြီးသည့် သူများနှင့် ဆက်ဆံသည့်အခါ ဤခြောက်ပါးနှင့် လွတ်တဲ့နေရာမှာ နေရ၏။

## ကျော်အောင်စံထားဆရာတော်

ပထမကျော်အောင်စံထား ဆရာတော် အရှင်ဉာဏဝရ၊

ဒုတိယကျော်အောင်စံထား ဆရာတော် အရှင်ဂုဏောစာရ၊

တတိယကျော်အောင်စံထား ဆရာတော် အရှင်ဝိဝရ၊

စတုတ္ထကျော်အောင်စံထား ဆရာတော် အရှင်ကဝိန္ဒ။

## ထူးခြားသောစာပေပညာရှင်များ

ဝန်ကြီးပဒေသရာဇာ၊ ရာဇဝင်ဆရာဦးကုလား၊ အရှင် ဥက္ကံသမာလာ၊ ဒုတိယကျော်အောင်စံထားဆရာတော်။

ှ်ချက်။ ။ မြန်မာသက္ကရာဇ် ၁၁၆၀-ပြည့်နှစ်တွင်
်၏။

## မြတ်စွာဘုရား သတ္တဝါတို့အား ကြည့်ချိန်

နံနက်စောစောကာလမှာ တစ်ကြိမ်၊
နေ့လယ်မှာ တစ်ကြိမ်၊
ညနေချမ်းအခါမှာ တစ်ကြိမ်၊
ညဦးယံကာလမှာ တစ်ကြိမ်၊
ပစ္ဆိမယံမှာ တစ်ကြိမ်။

## ရတနာဆိုတာ

၁။ စိတ်ထဲမှာ ရှိသေ လေးမြတ်, နှစ်သက်အပ်သော **စိတ္တီကတရတနာ။**

၂။ တန်ဖိုးကြီးမားသော **မဟဂ္ဃရတနာ။**

၃။ နှိုင်းယှဉ်တုပစရာရှားသော **အတုလရတနာ။**

၄။ တွေ့ရခဲ၊ မြင်ရခဲသော **ဒုလ္လဘဒဿနရတနာ။**

၅။ မြင့်မြတ်သူတို့သာ သုံးဆောင်ခွင့် ခံစားခွင့်ရသော **အနောမသတ္တပရိဘောဂရတနာ။**



## ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ပေါ်ပုံ

၁။ ရှေးအခါက ရာသီဥတု ပူနွေးသဖြင့် မြေပြင်အနှံ့ ရွှံ့ညွန်ပျောင်းများနှင့် အပင်ငယ်များ ထူထပ်စွာ ပေါက်သဖြင့် တွားသွားကောင်များ ကျက်စားကြ၏။

၂။ အချိန်ကြာလာသည်နှင့်အမျှ ကမ္ဘာမြေပြင် ပြောင်းလဲမှုကြောင့် တောင်နှင့်ချိုင့်ဝှမ်းများ ပေါ်လာသဖြင့် အစာရှားပါးသောကြောင့် အချို့အိုင်များ တွားသွားကောင်တို့ အလုအယက်စားသောက်ကြရ၏။

၃။ ထိုအခါ အချင်းချင်းရန်ဖြစ်ကြ၏။

၄။ ရန်ဖြစ် သေဆုံးသွားသော တွားသွားကောင်တို့သည် ရေအောက်တွင် နွန်းမြေများဖုံးအုပ်၍ လေအသလပ်မခံရသဖြင့် အရိုးတို့သည် ကျောက်အဖြစ် ပြောင်းကုန်၏။

၅။ အချိန်ကြာလာသောအခါ အရိုးများ တစ်ဖန်ပြန်ပေါ်လာ၏။ ထိုအရိုးများကို ကျောက်ဖြစ်ရုပ်ကြွင်းဟုခေါ်၏။

## နတ်တို့ မတ်တတ်ရပ် တရားနာခြင်းအကြောင်း

လူတို့၏အနံ့ကို မခံနိုင်သောကြောင့် လည်းကောင်း၊ ချက်ချင်းလာပြီး ချက်ချင်း လွယ်ကူစွာ ပြန်နိုင်ခြင်းကြောင့် လည်းကောင်း။

လူတို့သည် ပင်ပန်း ညောင်းညာမှုကြောင့် ထိုင်ခြင်းကို ပြုသော်လည်း နတ်တို့သည် ပင်ပန်းမှုမရှိသောကြောင့် မထိုင်ဘဲ ရပ်နိုင်ခြင်း။

မြတ်စွာဘုရားနှင့်တကွ အဂ္ဂသာဝက၊ မဟာသာဝက စသော တပည့်သံဃာတော်များအား အရိုအသေပေးလိုခြင်း။

မတ်တတ်ရပ်ခြင်းသည် အရိုအသေပေးခြင်း တစ်မျိုး ဖြစ်သောကြောင့် မတ်တတ်ရပ်၍ တရားနာရပါသည်။

## အောင်မြင်ရေးနည်းလမ်းများ

ထကြွလုံ့လ ဝီရိယ အားကြီးခြင်း။

သတိ ကောင်းခြင်း။

ကာယကံ၊ ဝစီကံ၊ မနောကံတို့၌ အပြစ်ကင်းစွာ နေခြင်း။

အလုပ်တစ်ခုကို ဆင်ခြင်သုံးသပ်ပြီးမှ လုပ်ခြင်း။

ကိုယ်၊ နှုတ်၊ စိတ် သုံးပါးကို စောင့်စည်းစွာနေခြင်း။

တရားသဖြင့် အသက်မွေးခြင်း။

## ကျောက်ကပ်

ကျောက်ကပ်သည် ကျောကုန်းရိုး၏ ခါးပိုင်း တစ်ဖက် တစ်ချက်တွင် ကပ်လျက်တည်ရှိ၏။ ရေတွင် ကျောက်ကပ်သည်



ပဲနောက်စေ့သဏ္ဌာန် ရှိ၏။ ပမာဏအားဖြင့် အလျား ၄လက်မခွဲ၊ အကျယ် ၂လက်မခွဲရှိပြီးလျှင် တစ်လက်ခွဲခန့် ထူ၏။ အလေးချိန် အားဖြင့် ကိုးကျပ်သားရှိ၏။

ကျောက်ကပ်သည် ကျောရိုးရှိသော သတ္တဝါတို့၏ ကိုယ် အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်၏။

## သဒ္ဓါတရားအားကြီးသူရဲ့ ဆန္ဒ

သီလရှိသော ရဟန်းတော်များကို ဖူးမြော်လိုခြင်း။

သူတော်ကောင်းတရား အမြဲနာကြားလိုခြင်း။

စွန့်ကြဲပေးကမ်း လှူဒါန်းနေရတာကို မွေ့လျော်ခြင်း။

## သဒ္ဓါတရားရှိသူ၏ အင်္ဂါ

ကိုယ်ကျင့်သီလ စောင့်ထိန်းတယ်။

တရားနှင့်စပ်သော ဗဟုသုတလိုက်စားတယ်။

မိတ်ကောင်း ဆွေကောင်းနဲ့ ပေါင်းသင်းတယ်။

ဆိုဆုံးမလွယ်ကူတယ်။

အတူနေ အတူကျင့်ပုဂ္ဂိုလ်တွေအပေါ် ကူညီတယ်။

အဆင့်မြင့်တရားတွေကို လိုချင်တယ်။

ကုသိုလ်ကိစ္စတို့၌ ဝီရိယကြီးမားတယ်။

ရှာနိရအောင် ကျင့်နိုင်တယ်။

ပုဗ္ဗေနိဝါသ အဘိညာဉ်နဲ့ အတိတ်ကို မြင်အောင် လုပ်နိုင်တယ်။

ဒိဗ္ဗသက္ခု အဘိညာဉ်နဲ့ သတ္တဝါတွေကို စုတိ၊ ပဋိသန္ဓေကို သိအောင်ကြိုးစားတယ်။

အာသဝက္ခယအဘိညာဉ်နဲ့ ကိလေသာ အာသဝေါတွေကုန်ခန်းအောင် အားထုတ်နိုင်တယ်။

**အောင်မြင်ခြင်း စက် ၄-ပါး**

၁။ သင့်တင့် လျောက်ပတ်သော အရပ်၌ နေထိုင်ခြင်း - **ပတိရူပဒေသဝါသစက်။**

၂။ သူတော်ကောင်းများနှင့် ပေါင်းသင်း နေထိုင်ခြင်း- **သပ္ပုရိသူပနိဿယစက်။**

၃။ ကိုယ်, စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ခြင်း - **အတ္တသမ္မာပဏိဓိစက်။**

၄။ ရှေးက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း - **ပုဗ္ဗေစကတပုညတာစက်။**

**ကျောက်စာ**

ရှေးလူများသည် အကြောင်းအရာတစ်ခုခုကို ပျောက်ပျက်မသွားရအောင် မှတ်သားလိုလျှင် ကျောက်တိုင်၊ ကျောက်တုံးများတွင် ရေးထိုး၍ ထားခြင်းမှ စတင်ဖြစ်ပေါ်လာ၏။



**ဗြိတိသျှ နေမဝင်အင်ပါယာ၏**
**စစ်ဆင်ရေး ၃-ပါး**

၁။ သာသနာပြုခြင်း (Missionary)

၂။ ကုန်သယ်စေလွှတ်ခြင်း (Marketing)

၃။ စစ်တပ်အသုံးပြုခြင်း (Military)

**နတ်တို့၏အသက်အရွယ်**

နတ်သားအသက် (၂၀) အရွယ်။

နတ်သမီးအသက် (၁၆) နှစ်အရွယ်။

**နတ်တို့၏ သေခါနီးထင်တတ်သော နိမိတ် (၅)မျိုး**

၁။ ပန်ဆင်ထားတဲ့ နတ်ပန်းပွင့်တွေ ညှိုးနွမ်းလာခြင်း။

၂။ ဝတ်ဆင်ထားတဲ့ နတ်ဝတ်တန်ဆာတွေ ညစ်နွမ်းလာခြင်း။

၃။ လက်ကတီးကြားမှ ချွေးတွေထွက်လာခြင်း။

၄။ ကိုယ်အရေအဆင်း မလှမပ ဖြစ်လာခြင်း။

၅။ မိမိနေတဲ့ နတ်ဗိမာန်မှာ မပျော်တော့ခြင်း။

**စုတေမည့်နတ်သားကို အခြားနတ်တို့ကမှာပုံ**

လူ့ဘုံ၌ ပဋိသန္ဓေနေပါ။

သဒ္ဓါတရားကောင်းတဲ့သူ ဖြစ်အောင်လုပ်ပါ။

သောတာပန် အရိယာအဖြစ်နဲ့ နတ်ပြည်ပြန်လာပါ။

## တယ်လီဖုန်းအများဆုံးနိုင်ငံ

ဆွီဒင်နိုင်ငံဟာ ကမ္ဘာပေါ်မှာ တယ်လီဖုန်းအများဆုံး နိုင်ငံဖြစ်ပါတယ်။ လူ (၁၀)ယောက်တွင် (၇)ယောက် တယ်လီဖုန်း ရှိ၏။ အဲဒီနှုန်းဟာ ကမ္ဘာ့ပျမ်းမျှ စံချိန်နှုန်းထက် ငါးဆပိုမိုမြင့်မား ပါတယ်။

ဆွီဒင်နိုင်ငံမှာ ပြည်တွင်းနဲ့နိုင်ငံတကာအတွက် အကောင်းဆုံး တယ်လီဖုန်းစနစ် ရှိပါတယ်။

## မဟာသမယနေ့

မြတ်စွာဘုရားသည် ရဟန္တာအပါး (၅၀၀)နှင့် စကြာဝဠာ တိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား နယုန်လပြည့် နေ့ ညချမ်း မှောင်ရီပျိုးစ,အချိန်၌ 'မဟာသမယ'သုတ်ကို ဟော တော်မူသည်မှ အစပြု၍ 'မဟာသမယနေ့'ဟုခေါ်တွင်စေခဲ့။

## မေတ္တာပွားရခြင်းအကျိုး

တစ်နေ့လျှင် သုံးခါ အိုးတစ်ရာဖြင့် ထမင်း, ဟင်းများ ချက်ကျွေး လှူတာထက်စာရင် နွားနို့တစ်ညှစ်စာ အချိန်မျှလောက် သုံးကြိမ် သုံးခါ မေတ္တာပွားတာက ပိုပြီးကျေးဇူးများပါတယ်။



## စင်္ကြံလျှောက်ခြင်း အကျိုး ၅-ပါး

၁။ ခရီးအဝေးကို မပင်မပန်း သွားနိုင်ခြင်း။

၂။ ကမ္မဋ္ဌာန်းဒဏ်ကို ခံနိုင်ရည်ရှိခြင်း။

၃။ ရောဂါဝေဒနာများ သက်သာပျောက်ကင်းခြင်း။

၄။ အစားအစာ ကြေညက်ခြင်း။

၅။ သမာဓိအား ကောင်းခြင်း။

## ပညာမတတ်ခြင်းအကြောင်း ၅-ပါး

၁။ သင်သည့်ပညာ၌ ယုံကြည်မှု မရှိခြင်း။

၂။ ရောဂါများခြင်း။

၃။ ဟန်ဆောင်၍ သင်ခြင်း။

၄။ ပျင်းရိခြင်း။

၅။ ဉာဏ်ထိုင်းခြင်း။

## ရုပ်မြင်သံကြားစက် အများဆုံးနိုင်ငံ

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်၌ ရုပ်မြင်သံကြားစက် အများဆုံးရှိသောနိုင်ငံဖြစ်သည်။ လူဦးရေ (၁၀၀၀)တွင် (၈၄၄) ယောက်က ရုပ်မြင်သံကြားစက်ရှိ၏။ စက်ပေါင်း ၂၄၃သန်းရှိ၏။ လူတစ်ယောက်ဟာ တစ်နှစ်ကို ရုပ်မြင်သံကြား အစီအစဉ် (၁၅၁၅) နာရီ ကြည့်ပါတယ်။

## ဘဝဆက်တိုင်း လင်မယားနှစ်ယောက် ဆုံတွေ့ချင်လျှင်

တူညီတဲ့ ယုံကြည်ချက် ရှိရမယ်။
လင့်ဝတ္တရား၊ မယားဝတ္တရားကို နှစ်ယောက်စလုံး လိုက်နာရမယ်။
စွန့်ကြဲ ပေးကမ်းခြင်း တူညီရမယ်။
တူညီတဲ့ ပညာဉာဏ် ရှိရမယ်။

## ကြီးပွားကြောင်း လိုအပ်ချက်များ

ကိုယ်ကျန်းမာ စိတ်ချမ်းသာခြင်း။
ကိုယ်ကျင့်တရား ကောင်းခြင်း။
ပညာရှိတို့ရဲ့ ဩဝါဒကို နာခံခြင်း။
ဗဟုသုတ များခြင်း။
ဖြောင့်မတ်ခြင်း။
တက်တက်ကြွကြွ စိတ်ရှိခြင်း။

## တာဝန်နှင့် ဝတ္တရား

မလွဲမသွေ ပြုရမည့်အရာကို တာဝန်။
ပြုလိုက ပြု၊ မပြုလိုက် နေခွင့်ရှိသော အရာကို ဝတ္တရား။



## ကွယ် သုံးကွယ်

ဘုရားကို စေတီကွယ်၊
တရားကို ပိဋကတ်ကွယ်၊
သံဃာကို ဘုန်းကြီးကွယ်။

## နဋ္ဌဇာတာ

နေ့ရက်အချိန်ကာလ ပျောက်သည်ကို မွေးဖွားရာ ဒေသ၊ ပုဂ္ဂိုလ် ပယောဂ အခြေအနေတို့ကို ဖြည်းဖြည်းချင်း မေးမြန်းစိစစ်၍ (၁၂)ရာသီစက်တွင် စက်အလိုက်၊ လက်ထပ်၍ တစ်လက်ပြီး တစ်လက် တွက်ချက် အဖြေထုတ်ရသောနည်းတည်း။

## အောင်မြင်သူရဲ့ လက္ခဏာများ

ဗဟုသုတ ရှိ၏။
သစ္စာရှိ၏။
ကတိမြဲ၏။
ပြောဆိုပွင့်လင်း၏။
နှမြောခြင်းကင်း၏။

## အောင်မြင်မှုရဲ့ အကြောင်းအရာများ

| | |
|---|---|
| I=Intelligence | ဉာဏ် |
| D=determinatio | ဆုံးဖြတ်ချက် |

E=energy ဝီရိယ

A=assiduity ဇွဲစပ်သေချာမှု

L=Lucke ကံ

## အသောကမင်း၏ နာမည်များ

အသောကဓမ္မရာဇာ၊

အသောကမင်းတရား၊

သီရိဓမ္မာသောကမင်း။

## မြတ်စွာဘုရား မြန်မာနိုင်ငံ ကြွတော်မူချိန်

မြတ်စွာဘုရားရှင်သည် မြန်မာနိုင်ငံ မွန်ပြည်နယ်သို့ သထုံ အရှင်ဂဝံပတိမထေရ်၏ ပင့်လျှောက်ချက်ကြောင့် ဗုဒ္ဓရှင်တော်သည် မဟာသက္ကရာဇ် ၁၁၁-ခုနှစ်၊ တန်ဆောင်မုန်းလ၊ သက်တော် (၄၃)နှစ်၊ သိက္ခာတော် (၈)ဝါအရတွင် သုဝဏ္ဏဘူမိ မြသပိတ်တောင်သို့ ကောင်းကင်ခရီးဖြင့် ကြွလာ၏။

## စေတီတော် ၄-မျိုး

၁။ ဓာတုစေတီ (ဘုရားရှင်ခန္ဓာမှ ဖြစ်ပေါ်လာသော ဓာတ်တော်များ)

၂။ ပရိဘောဂစေတီ (ဘုရားရှင်၏ သင်္ကန်းတော်၊ တောင်ဝှေးတော် စသော အသုံးအဆောင်များ)



၃။ ဥဒ္ဒိဿစေတီ (ဘုရားရှင်၏ ပုံတော်အတိုင်း ရည်မှန်းတည်ဆောက်ထားခြင်း)

၄။ ဓမ္မစေတီ (ဘုရားရှင် ဟောကြားသော ဒေသနာတော်များ)

**မှတ်ချက်။** ။ ဓာတုစေတီကို အချို့နေရာ၌ ဘုရားရှင်ကိုယ်တော်မှ ဖြစ်လာသည်ဖြစ်သောကြောင့် သာရီရိကစေတီဟု ခေါ်သေး၏။

## ဆုတောင်းခန့်ပျို့အရှင်

ဘွဲ့ - ရှင်မဟာသီလဝံသ

ငယ်မည် - မောင်ညို

မိဘအမည် - ဦးကြည်+ဒေါ်ဒွေး

မွေးသက္ကရာဇ် - ၈၁၅-ခုနှစ်

ဇာတိ - မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ မြို့လုလင်ရွာ။

## မိဘတို့မျှော်လင့်ချက် ၅-ပါး

၁။ ငါတို့ငယ်ငယ်တုန်းက ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က စပြီးတော့ ကျွေးမွေးပြုစု စောင့်ရှောက်လာခဲ့တဲ့ တို့သား

တို့သမီးတွေဟာ တို့အသက် အရွယ်ကြီးရင့်လို့ အိုမင်းလာတဲ့ အချိန်မှာလည်း ငါတို့ကို တစ်ခေါက်ပြန်ပြီးတော့ ဒီလိုပဲ ကျွေးမွေးပြုစု စောင့်ရှောက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

၂။ ငါတို့ရဲ့ လုပ်ငန်းဆောင်တာ ကိစ္စတွေကို တို့သား တို့သမီးတွေက ငါတို့မလုပ်နိုင်တော့တဲ့ အချိန်ကြရင် ငါတို့ ကိုယ်စား ဆက်ပြီးတော့ လုပ်ကြလိမ့်မယ်။

၃။ ငါတို့ရဲ့ အမျိုးအနွယ် အဆက်ကိုလည်း မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

၄။ ငါတို့ရဲ့ လောကီအမွေ၊ လောကုတ္တရာ အမွေတွေကို ကောင်းစွာခံယူကြလိမ့်မယ်။

၅။ ငါတို့ တမလွန်ဘဝ ကူးပြောင်းသွားတဲ့အခါမှာလည်းပဲ ငါတို့ကို ကုသိုလ် အမျှအတန်းတွေ ပေးဝေကြလိမ့်မယ်။

## အင်တာနက် အများဆုံးနိုင်ငံ

ကနေဒါနိုင်ငံသည် ကမ္ဘာပေါ်၌ အင်တာနက်သုံးစွဲမှု အများဆုံးနိုင်ငံဖြစ်၏။ လူ (၁၀၀၀)တွင် (၄၂၈)ယောက် အင်တာနက် သုံးစွဲ၏။ ခိုင်မာတဲ့ ပညာရေးစနစ်ကြောင့် အင်တာနက် သုံးစွဲသူ များလာခြင်းဖြစ်၏။



ကနေဒါနိုင်ငံ၏ စာတတ်မှုနှုန်း ၉၇%။

ကနေဒါနိုင်ငံ၏ အင်တာနက်သုံးစွဲနှုန်း ၄၃%။

## ဘိက္ခုနီ သာသနာကွယ်ရခြင်းအကြောင်း

၁။ ဘိက္ခုရဟန်းများက ဘိက္ခုနီမ ရှိမှုကို မလိုလားခြင်း။

၂။ ရဟန်းယောကျ်ားအဖြစ်ထက် ရဟန်းမအဖြစ် ပြုလုပ်၍ ပိုမိုခက်ခဲခြင်း။

၃။ သိက္ခာပုဒ်များခြင်း၊ ကြပ်တည်းခြင်း။

၄။ ရဟန်းမတို့ သိက္ခာ၏ လွယ်ကူစွာပျက်စီးနိုင်ခြင်း။

၅။ ဒါယကာ ဒါယိကာမများ၏ အားပေး ချီးမြှောက် ထောက်ပံ့မှု နည်းပါးခြင်း။

၆။ သံဃာဂိုဏ်း အသီးသီးကွဲပြား၍ ထေရဝါဒ ပင်မ သာသနာ အားနည်းခြင်း။

၇။ သတ္တန္တရ၊ ဒုဗ္ဘိက္ခရ စသော ကပ်ဆိုးကြီးများနှင့် တွေ့ကြုံရာဝယ် ဘိက္ခုသံဃာက စောင့်ရှောက်မှု မပြုနိုင်ခြင်း။

## ကျွန်းကြီး ၄-ကျွန်း

* ပုဗ္ဗဝိဒေဟ (အရှေ့ကျွန်း)

ဇမ္ဗူဒီပ (တောင်ကျွန်း)

ဥတ္တရကုရု (မြောက်ကျွန်း)

အပရဂေါယာန (အနောက်ကျွန်း)

**အမျိုး ၄-ပါး**

ခတ္တိယကုလ = မင်းမျိုး

ဗြဟ္မဏကုလ = သူတော်ကောင်းမျိုး

ဝေဿကုလ = ကုန်သည်မျိုး

သုဒ္ဒကုလ = သူဆင်းရဲမျိုး

**ဘုရားလောင်း သန္ဓေတည်မည့်မိခင်၏ အင်္ဂါ**

၁။ လော်လီခြင်း၊ မာန်မူခြင်း စသော အယုတ်တရားတို့ မရှိခြင်း။

၂။ သီလမြဲခြင်း။

၃။ ဘုရားလောင်းမွေးဖွားပြီးနောက် ခုနစ်ရက်သာ အသက်ရှည်ခြင်း။

**ဆဲလ်ဖုန်းအများဆုံးနိုင်ငံ**

ဖင်လန်နိုင်ငံဟာ ဆဲလ်ဖုန်း အများဆုံးနိုင်ငံဖြစ်ပါတယ်။ လူ (၁၀၀) မှာ (၇၅) ရာခိုင်နှုန်းဟာ ဆဲလ်ဖုန်းကို အသုံးပြုပါတယ်။ ဖင်လန်နိုင်ငံဟာ ကမ္ဘာ့မြောက်ဘက်အကျဆုံး နိုင်ငံဖြစ်ပြီး စက်မှုနည်းပညာ တည်ဆောက်မှု ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံလည်း ဖြစ်ပါတယ်။



**ဘုရားဂုဏ်တော် ၉-ပါးနှင့် ပွားရခြင်းအကျိုး**

၁။ အရဟံ - ဂုဏ်တော် ပွားများလျှင် ဘေးရန်ကင်းခြင်း၊ ကျန်းမာခြင်း၊ လာဘ်လာဘပေါများခြင်း စသော အကျိုးတရားများ ရပါတယ်။

၂။ သမ္မာသမ္ဗုဒ္ဓ - ဂုဏ်တော် ပွားများလျှင် စိတ်ရွှင်လန်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ စားမေးပွဲအောင်ခြင်းစသော အကျိုးတရားများကို ရရှိပါတယ်။

၃။ ဝိဇ္ဇာစရဏသမ္ပန္န - ဂုဏ်တော် ပွားများလျှင် အသက်မွေးမှု ပညာများ တတ်မြောက်၍ အလုပ်အကိုင် အဆင်ပြေပါတယ်။

၄။ သုဂတ - ဂုဏ်တော် ပွားများလျှင် စကားစစ်ထိုးခြင်း၊ အမှုအခင်းများ၊ အရောင်းအဝယ် အရေးတကြီးကိစ္စပြောဆိုခြင်းစသည့် အကျိုးများရရှိပါတယ်။

၅။ လောကဝိဒူ - ဂုဏ်တော် ပွားများလျှင် လောကအရေး၊ လူမှုရေးရာ အဖြာဖြာနှင့် လူကောင်းလူကဲများကို ရှင်းရှင်းလင်းလင်း သိနိုင်ခြင်းအကျိုးများ ရရှိပါတယ်။

၆။ အနုတ္တရောပုရိသ ဓမ္မသာရထိ - ဂုဏ်တော် ပွားများလျှင် နတ်များချစ်ခြင်း၊ လူပုံအလယ်တွင် ဂုဏ်သတင်းကျော်စော

ခြင်း၊ ချီးမြှောက်ခံရခြင်း စသော အကျိုးများ ရရှိနိုင်ပါတယ်။

၇။ သတ္တာဒေဝမနုဿာန - ဂုဏ်တော်ကို ပွားများလျှင် နတ်၊ လူ့ဘ၀ ထက်မြက်ပြင်းထန်၍ ဆိုတိုင်းရ၊ ကြံတိုင်းအောင်မြင်ခြင်း စသော အကျိုးများကို ရရှိပါတယ်။

၈။ ဗုဒ္ဓ - ဂုဏ်တော် ပွားများလျှင် ဘေးဆိုး၊ ရန်ဆိုး၊ ကြမ္မာဆိုး အမျိုးမျိုးမှ လွတ်ကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံသည့် ကောင်းကျိုးများကို ရရှိပါတယ်။

၉။ ဘဂဝါ - ဂုဏ်တော်ကို ပွားများလျှင် ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီးမားခြင်း အကျိုးများကို ရရှိပါတယ်။

## ဖုန်းပြောချိန်နှင့် ကမ္ဘာလုညံခရီးသည်

ခရစ်နှစ် ၂၀၀၀ပြည့်နှစ်တွင် နိုင်ငံတကာဖုန်းပြောမှု၊ အလ္လာပသလ္လာပ၊ ထွေရာလေးပါး စကားပြောချိန်မှာ မိနစ်ပေါင်း ၁၀ ဘီလီယံရှိခဲ့ရာ ၁၉၇၅-ခုနှစ်ကထက် ၂၅-ဆ ပိုမိုမြင့်တက်ခဲ့၏။

၁၉၅၀-ပြည့်နှစ်က နိုင်ငံ႑ကာ ကမ္ဘာလှည့်ခရီးသည် ပေါင်း ၂၅-သန်းသာရှိရာ ခရစ် ၂၀၀၀ပြည့်နှစ်တွင် သန်း (၇၀၀) ရှိ၏။



## မိန်းမအများဆုံးလူ

အီစမာန် ဘုရင်ကြီးသည် မိန်းမအယောက် (၃၀၀၀) ကျော် ယူထားပေမယ့် သူ သေဆုံးသည့်အချိန်ထိ မိန်းမ အားလုံးကို ပေါင်းသင်းနိုင်ခြင်း မရှိပေ။

## ဗုဒ္ဓ၏ ကြည့်ခြင်းကြီး ၅-ပါး

၁။ သန္ဓေယူရမည့် အချိန်ကို ကြည့်ခြင်း ကာလ။
၂။ သန္ဓေယူရမည့် ကျွန်းကို ကြည့်ခြင်း ဒီပ။
၃။ သန္ဓေယူရမည့် အရပ်ကို ကြည့်ခြင်း ဒေသ
၄။ သန္ဓေယူရမည့် အမျိုးကို ကြည့်ခြင်း ကုလ။
၅။ သန္ဓေယူရမည့် မိခင်၏အသက်အပိုင်းအခြားကို ကြည့်ခြင်း မာတု အာယု ပရိစ္ဆေဒ။

## ပထမသင်္ဂါယနာတင်ခြင်း

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီး သုံးလနှင့် လေးရက်မြောက်သောနေ့၌ အရှင်မဟာကဿပ ကြီးမှူးသော ရဟန္တာအရှင်မြတ် အပါး(၅၀၀)တို့သည် အဇာတသတ်မင်း၏ အကူအညီဖြင့် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်စရည်းပင်ရောက် ရာ လိုဏ်ဝ၌ ပထမသင်္ဂါယနာ တင်တော်မူပါသည်။

## ဒုတိယသင်္ဂါယနာတင်ခြင်း

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၁၀၀) ကြာသောအခါ အရှင်မဟာကဿပထေ ကြီးမှူးသော ရဟန္တာအရှင်မြတ် အပါး(၇၀၀)တို့သည် ကာလသောကမင်းကြီး၏ အကူအညီဖြင့် ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာ တင်တော်မူပါသည်။

## တတိယသင်္ဂါယနာတင်ခြင်း

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၂၃၅) နှစ် ကြာသောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် ကြီးမှူးသော ရဟန္တာအရှင်မြတ် အပါး(၁၀၀၀)တို့သည် အသောကမင်းတရားကြီး၏ အကူအညီဖြင့် ပါဋလိပုတ်ပြည်၌ တတိယသင်္ဂါယနာကို နှုတ်တက်အာဂုံ ပြန်ဆိုကာ တင်တော်မူပါသည်။

## စတုတ္ထသင်္ဂါယနာတင်ခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၄၅၀) ကြာသောအခါ အရှင်ဓမ္မရက္ခိတ မထေရ်ကြီးမှူးသော ရဟန္တာအရှင်မြတ် အပါး(၅၀၀)တို့သည် ဝဋ္ဋဂါမဏိမင်း၏ အကူ



အညီဖြင့် သီဟိုဠ်ကျွန်းရှိ မာတုလဇနပုဒ် အသောကလိုဏ်ဂူ တော်မြတ်၌ စတုတ္ထသင်္ဂါယနာအဖြစ် ပေထက်အက္ခရာဖြင့် တင်တော်မူပါသည်။

## ပဉ္စမသင်္ဂါယနာတင်ခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီး နှစ်ပေါင်း (၂၄၁၅)နှစ် ကြာသောအခါ အရှင်ဇာဂရမထေရ် ကြီးမှူးသော သံဃာတော် အပါး(၂၄၀၀)တို့သည် မင်းတုန်းမင်းတရားကြီး၏ အကူအညီဖြင့် မန္တလေးတောင်ခြေ၌ ကျောက်ထက်အက္ခရာဖြင့် ပဉ္စမသင်္ဂါယနာ အဖြစ် တင်တော်မူပါသည်။

## ဆဋ္ဌသင်္ဂါယနာတင်ခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း (၂၄၉၈)နှစ် ကြာသောအခါ အရှင်ရေဝတမထေရ် ကြီးမှူးသော သံဃာတော် အပါး(၂၅၀၀)တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အကူအညီဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်မြေ မဟာပါသာဏ လိုဏ်ဂူတော်၌ စက်တင်ပုံနှိပ်မှုဖြင့် ဆဋ္ဌသင်္ဂါယနာတင်တော်မူပါသည်။

## အနာရောဂါဖြစ်ခြင်း ၈-ပါး

၁။ သည်းခြေကြောင့်၊
၂။ သလိပ်ကြောင့်၊

၃။ လေကြောင့်၊

၄။ သည်းခြေ၊ သလိပ်၊ လေ သုံးခုပေါင်းကြောင့်၊

၅။ ဥတုကြောင့်၊

၆။ အနေအထိုင်၊ အစားအသောက် မညီမျှမှုကြောင့်၊

၇။ သူတစ်ပါးလုံ့လ ပယောဂကြောင့်၊

၈။ အတိတ်ကံအကျိုးပေးကြောင့်။

## အသက်ရှည်ကြောင်း ၆-မျိုး

၁။ ရေစစ်လှူဒါန်းခြင်း၊

၂။ ဆေးလှူဒါန်းခြင်း၊

၃။ ကျောင်းလှူဒါန်းခြင်း၊

၄။ တံတားဟောင်း၊ လမ်းဟောင်း စတဲ့ အဟောင်း အပျက် ပြုပြင်ခြင်းအလှူ၊

၅။ ငါးပါးသီလ စောင့်ထိန်းခြင်း၊

၆။ ရှစ်ပါးသီလ ကျင့်သုံးခြင်း။

## ကျန်းမာဖို့အတွက်

ဆွမ်းလှူရခြင်း၊

ရေလှူရခြင်း၊



သတ္တဝါများအား ဘေးမဲ့လွှတ်ခြင်း၊

တံမြက်စည်းလှည်းခြင်း၊

ကာမဂုဏ်ကိစ္စ မလွန်ကဲခြင်း။

## ရဟန်းအာပတ် ၇-ပါး

၁။ ပါရာဇိကအာပတ်၊

၂။ သံဃာဒိသိသ် အာပတ်၊

၃။ ထုလ္လစ္စည်းအာပတ်၊

၄။ ပါစိတ်အာပတ်၊

၅။ ပါဋိဒေသနီအာပတ်၊

၆။ ဒုက္ကဋ်အာပတ်၊

၇။ ဒုဗ္ဘာသိအာပတ်။

## ပညာတတ် မောင်နမ ၅-ယောက်

၁။ သစ္စာ၊

၂။ လောလာ၊

၃။ အာဝေရိကာ၊

၄။ ပဋိစ္ဆာဒါ၊

၅။ သစ္စာပရိဗိုဇ်။

## မင်းမြောက်တန်ဆာ ၅-ပါး

၁။ သန်လျက်၊

၂။ ထီးဖြူ၊
၃။ သင်းကျစ်၊
၄။ ခြေနင်း၊
၅။ စာမရီသားမြီးယပ်။

## တိုင်းပြည်အင်္ဂါ ၇-ပါး

၁။ ပြည့်ရှင်မင်း
၂။ မှူးမတ်
၃။ မဟာမိတ်မင်း
၄။ ဘဏ္ဍာကျီကျ
၅။ ခံတပ်ကတုပ်
၆။ နိုင်ငံနယ်ပယ်
၇။ စစ်သည်ဗိုလ်ပါ။

## ဘိက္ခုနီမပြုရန် အင်္ဂါ ၈-ပါး

၁။ ဝါတစ်ရာရပြီးသော ဘိက္ခုနီမသည် ယနေ့မှ ပဥ္စင်းဖြစ်သော ရဟန်းငယ်လေးအား ရှိခိုးခြင်း၊ ခရီးဦး ကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း အမှုကို ပြုရမည်။

၂။ ဘိက္ခုနီမသည် ရဟန်းယောကျ်ားရှိသော ကျောင်း၌သာ ဝါဆိုရမည်။



၃။ ဘိက္ခုနီမသည် (၁၅)ရက်တစ်ခါ ရဟန်းသံဃာထံမှ ဥပုသ် မေးမြန်းခြင်း၊ အဆုံးအမဩဝါဒခံရန် ချဉ်းကပ်ရမည်။

၄။ ဘိက္ခုနီမသည် ဝါကျွတ်သောအခါ၌ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဖက်သောသံဃာကြား၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း ဟူသော သုံးဌာနဖြင့် ပဝါရဏာပြုရမည်။

၅။ ဘိက္ခုနီမသည် သံဃာဒိသိသ် အာပါတ်ကို ကျူးလွန်ခဲ့သော် နှစ်ဖက်သောသံဃာကြား၌ ပက္ခမာနတ် ကျင့်ရမည်။

၆။ ဘိက္ခုနီမပြုရန် နှစ်နှစ်ပတ်လုံး တရား ခြောက်ပါးကျင့်သုံးပြီး သိက္ခာရှိသော သိက္ခာမာန်အား နှစ်ဖက်သော သံဃာက ပဥ္စင်းခံပေးရမည်။

၇။ ဘိက္ခုနီမသည် ရဟန်းယောကျ်ားအား ဘာအကြောင်းနှင့်မျှ ပရိယာယ်ဖြင့်ပင် မဆဲရ။

၈။ ရဟန်းတို့အပေါ်၌ ရဟန်းမတို့ ပြောဆိုခွင့်မရှိ။

## ရွှေဘိုမြို့ အမည် ၅-မျိုး

၁။ မုဆိုးဖိုမြို့၊
၂။ ကုန်းဘောင်မြို့၊

၃။ ရတနာသိန်မြို့၊
၄။ ရန်ကြီးအောင်မြို့၊
၅။ ရွှေဘိုမြို့။

## လူ့ပွက်ကိစ္စများ မတိုင်အပ်သူ ၅-ယောက်

၁။ မိန်းမလိုက်စားသူ၊
၂။ အရက်သမား၊
၃။ အလိုကြီးသောသူ၊
၄။ ဒေါသကြီးသူ၊
၅။ မလိမ္မာသူ။

## ခင်ပွန်းကြီး ၁၀-ပါး

၁။ မြတ်စွာဘုရား
၂။ ပစ္စေကဗုဒ္ဓ
၃။ ရဟန္တာ
၄။ လက်ယာရံအဂ္ဂသာဝက
၅။ လက်ဝဲရံ အဂ္ဂသာဝက
၆။ မိခင်
၇။ ဖခင်
၈။ ဆရာ
၉။ မိမိအပေါ် ကျေးဇူးရှိသူ
၁၀။ တရားဟောမွေကထိက။



## ပညာရှိတို့ ပျက်စီးခြင်း ၃-ပါး

၁။ ယုတ်မာကောက်ကျစ်သူကို ပညာသင်ပေးခြင်း။
၂။ မကောင်းသောမိန်းမကို ပေါင်းသင်းခြင်း။
၃။ သူယုတ်မာနှင့် ပေါင်းသင်းခြင်း။

## အိမ်ထောင်ဖက်ရွေးနည်း

- တနင်္ဂနွေ သားသမီးနှင့် သော်ကြာ သားသမီး။
- အင်္ဂါ သားသမီးနှင့် ကြာသပတေး သားသမီး။
- တနင်္လာသားသမီးနှင့် ရာဟု သားသမီးတို့သည် စီးပွားတတ်၏။
- စနေ သားသမီးနှင့် ကြာသပတေး သားသမီး။
- သောကြာသားသမီးနှင့် တနင်္လာသားသမီး။
- တနင်္ဂနွေသားသမီးနှင့် ဗုဒ္ဓဟူးသားသမီး။
- ရာဟုသားသမီးနှင့် အင်္ဂါသားသမီးတို့သည် စီးပွားပျက်၏။
- တနင်္ဂနွေသားသမီး အချင်းချင်းယူက အသက်ရှည်၏။
- တနင်္လာသားသမီး အချင်းချင်းယူက ဥစ္စာပေါ၏။
- အင်္ဂါသားသမီး အချင်းချင်းယူက သောကများ၏။
- ဗုဒ္ဓဟူးသားသမီး အချင်းချင်းယူက ပူပန်ရ၏။

- ကြာသပတေးသားသမီး အချင်းချင်းယူက ချမ်းသာသုခနှင့် ပြည့်စုံ၏။
- သောကြာ သားသမီး အချင်းချင်းယူက ကောင်းကျိုးပေး တတ်၏။
- စနေသားသမီး အချင်းချင်းယူက စီးပွားပျက်၏။

## ဂီတ ၆-မျိုး

၁။ ဘသင်သည်တွေ၊ ကချေသည်တွေ၊ ဇာတ်သမားတွေ ဆိုကြတဲ့ လောကီသီချင်းများကို **နာဋဂီတ**။

၂။ လေချွန်သံကဲ့သို့ တေးဂီတတွေ၊ တီးလုံးတီးကွက်တွေ ချည်းသက်သက် တီးကြ၊ ဆိုကြတာကို **ဒန္တဂီတ**။

၃။ ရှည်လျားအောင် အသံကို တမင်ဆွဲငင်၍ ရွတ်ဆိုရတဲ့ သီချင်းများကို **အာယတကဂီတ**။

၄။ သူတော်ကောင်းကြီးတွေ တရားထူး တရားမြတ်တွေရလို့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့် သီဆိုလိုက်တာကို **သာရင်္ဂဂီတ**။

၅။ လေယူလေသိမ်းများဖြင့် တရားဟောခြင်းကို ဓမ္မ **ဘာဏကဂီတ**။

၆။ ပါဠိတော်ကြီးများကို အသံနေ အသံထားများဖြင့် ရွတ်ဖတ်မှုကို **သာရအညဂီတ**။



## မသိခြင်း ၅-မျိုး

၁။ ဇီဝိတ = မိမိတို့ ဘယ်အသက်အရွယ်မှာ သေရမည်ကို ကြိုတင်၍ မသိနိုင်ခြင်း။

၂။ ဗျာဓိ = မိမိတို့ ဘယ်ရောဂါနှင့် သေရမည်ကို ကြိုတင်၍ မသိနိုင်ခြင်း။

၃။ ကာလ = မိမိတို့ ဘယ်အချိန်မှာ သေရမည်ကို ကြိုတင်၍ မသိနိုင်ခြင်း။

၄။ ဒေဟနိက္ခေပန = ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်သုသာန် မှာ သေရမည်ကို ကြိုတင်၍ မသိနိုင်ခြင်း။

၅။ ဂတိ = သေပြီးသည့်နောက် ဘယ်ဘုံ၊ ဘယ်ဘဝရောက် မည်ကို ကြိုတင်၍ မသိနိုင်ခြင်း။

## နောင်တ, ရကြောင်း ၁၀-ပါး

၁။ ငယ်စဉ်က ပညာ မသင်ခဲ့ခြင်း။

၂။ ဥစ္စာ မရှာခဲ့ခြင်း။

၃။ ကောက်ကျစ်စဉ်းလဲစွာဖြင့် မေတ္တာဖြင့် ချစ်ခင်သူကို ကွဲအောင် လုပ်ခြင်း။

၄။ သူတစ်ပါးတို့အသက်ကို သတ်ခြင်း။

၅။ သူတစ်ပါးမယားအား မေထုန်မှီဝဲခြင်း။

၆။ ပစ္စည်းရှိလျက် မလှူခဲ့ရခြင်း။

၇။ ပညာရှိသူတော်ကောင်းတို့ထံ တရားမနာခြင်း။

၈။ မိခင် ဖခင်တို့အား မလုပ်ကျွေးခြင်း။

၉။ ကံငါးပါးကို ပြစ်မှားခြင်း။

၁၀။ မြတ်သောတရားမွေကို မလေ့လာ မကျင့်ကြံခြင်း။

## ဂြိုဟ်နှင့် အစိပ္ပာယ်

တနင်္ဂနွေဂြိုဟ်သည် ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ သနားခြင်း၊ ရတနာသုံးပါး ကြည်ညိုလေးစားခြင်း။

တနင်္လာဂြိုဟ်သည် ရဲရင့်ခြင်း စသောသတ္တိဂုဏ်။

ကြာသပတေးဂြိုဟ်သည် ရဲရင့်ခြင်း စသောဂုဏ်။

စနေဂြိုဟ်၊ အင်္ဂါဂြိုဟ်သည် ကာမဂုဏ်၌ ပျော်မွေ့ခြင်း၊ မိုက်မဲခြင်း၊ ရမ္မက်ကြီးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ ပျော်ပါးခြင်း၊ မိန်းမအလိုရှိခြင်း။

သောကြာဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်သည် ရာဇဂုဏ်, တီးမှုတ်ခြင်း၊ ကခုန်မြူးတူးခြင်း၊ ပျော်ပါးခြင်း၊ မိန်းမအလိုရှိခြင်းတို့၌ မွေ့လျော်၏။

## အလုပ်ရှင်ဝတ္တရား ၅-ပါး

၁။ အလုပ်သမားမိသားစု စားလောက်အောင် လခပေးခြင်း။



၂။ အလုပ်သမားအင်အားနှင့် ညီမျှသောအလုပ်ကိုသာ ခိုင်းခြင်း။

၃။ နေမကောင်းက ကုသပေးခြင်း။

၄။ အလုပ်သမား မစားနိုင်၊ မစားဖူးသော အစာအာဟာရများကို ကျွေးမွေးခြင်း။

၅။ အနားယူခွင့် ပျော်ရွှင်ခွင့်ပေးခြင်း။

## အလုပ်သမားဝတ္တရား ၅-ပါး

၁။ အိပ်ရာမှ စောစောထ၍ အလုပ်ချိန် နောက်မကျခြင်း။

၂။ နောက်ကျမှ အိပ်ရာဝင်ကာ အလုပ်ကို ပြီးပြတ်အောင် လုပ်ခြင်း။

၃။ အလုပ်ရှင်ပေးမှ ယူခြင်း။

၄။ ခိုင်းသမျှကို စေ့စပ်သေချာစွာ လုပ်ရခြင်း။

၅။ အလုပ်ရှင်၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ရပြောရခြင်း။

## မိတ်ဆွေဝတ္တရား ၅-ပါး

၁။ ပေးကမ်း ချီးမြှင့်ခြင်း။

၂။ တန်းတူ ရည်တူ ဆက်ဆံခြင်း။

၃။ အကျိုးစီးပွား ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်း။

၄။ ယဉ်ကျေးချိုသာသောစကားကို ပြောဆိုခြင်း။

၅။ ကတိသစ္စာရှိခြင်း။

## မိတ်ဆွေတု ၄-ယောက်

၁။ အယူသာရှိ၍ အပေးမရှိသော မိတ်ဆွေ။
၂။ အပြောသာရှိ၍ လက်တွေ့မကူညီသော မိတ်ဆွေ။
၃။ မိမိအကြိုက်လိုက်ပြောသော မိတ်ဆွေ။
၄။ အသောက်အစား လောင်းကစား စသော မိမိ ပျက်စီးကြောင်းတို့ကို အားပေးသော မိတ်ဆွေ။

## မိတ်ဆွေစစ် ၄-ယောက်

၁။ မိမိအကျိုးကို ဆောင်ရွက်သော မိတ်ဆွေ။
၂။ အေးအတူ ပူအမျှ မိတ်ဆွေ။
၃။ ကောင်းရာကို ညွှန်ပြသော မိတ်ဆွေ။
၄။ ချစ်ခင်နှစ်သက်သော မိတ်ဆွေ။

## ကမ္ဘာကို သင်္ဘောဖြင့် ပထမဆုံးပတ်သူ

ပေါ်တူဂီသင်္ဘောသား ဖာဒီနန်မာကျယ်လန်(Ferdinand Magellan 1480-1521)သည် သင်္ဘော ငါးစင်း လူ(၂၇၀)နှင့်အတူ စပိန်ပြည်မှစတင်၍ အတ္တလန္တိတ်သမုဒ္ဒရာကိုကျော်၍ တောင်အမေရိကတိုက်သို့ သွားကာ ကမ္ဘာကို သင်္ဘောဖြင့် ပတ်ခဲ့၏။

အခက်အခဲ အမျိုးမျိုးဖြင့် သေကြေပျက်စီးကာ စပိန်နိုင်ငံသို့ သုံးနှစ်ကြာမှ သင်္ဘောတစ်စင်းနှင့် ပြန်ရောက်၏။



## ဘုရားရှင်တို့ ပရိနိဗ္ဗာန်ပြုခြင်း ၃-ပါး

၁။ ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ ကိလေသာ ချုပ်ငြိမ်းကုန်ခန်းခြင်း ကိလေသာပရိနိဗ္ဗာန်။
၂။ ကုသိနာရုံ၌ ခန္ဓာတော်ငြိမ်း ခန္ဓာဇာတ်သိမ်းခြင်း ခန္ဓပရိနိဗ္ဗာန်။
၃။ ဘုရားရှင်၏ သာသနာတော်ကွယ်သောအခါ ဘုရားရှင်၏ ဓာတ်တော် မွေတော်အားလုံးတို့ စုရုံး၍ ဗောဓိပင်မဏ္ဍိုင်နေရာ၌ အလုံးစုံ တေဇောဓာတ် လောင်ကျွမ်းကွယ်ပျောက်ကုန်ခြင်း ဓာတုပရိနိဗ္ဗာန်။

## ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ အင်္ဂါ ၅-ပါး

၁။ ဘုရားကို ယုံကြည်ခြင်း။
၂။ ဘုရား၏တရားတော်ကို ယုံကြည်ခြင်း။
၃။ ဘုရား၏တပည့်သား သံဃာကို ယုံကြည်ခြင်း။
၄။ ကောင်းကံ, ဆိုးကံ ခေါ် ကံတရားတို့ကို ယုံကြည်ခြင်း။
၅။ ကံတရားတို့၏ ကောင်းကျိုး, ဆိုးကျိုးကို ယုံကြည်ခြင်း။

## စေတီနှင့် ပုထိုးတော်များ

မုခ်ပေါက် လိုက်ဝင်မပါသော ရွှေတိဂုံ၊ ရွှေစည်းခုံ၊ ပြည်ရွှေဆံတော်၊ ရွှေမောဓော စသည့်ဘုရားများကို စေတီ။

မုခ်ပေါက် လိုဏ်ဂူပါသော ပုဂံ သဗ္ဗညု၊ အာနန္ဒာ ဘုရားများကို ပုထိုးတော်။

၃၁-ဘုံ

| | |
|---|---|
| လူဘုံ | ၁၁ဘုံ |
| နတ်ဘုံ | ၁၆-ဘုံ |
| ဗြဟ္မာဘုံ | ၄-ဘုံ |

## မဂ်ဖိုလ် နိဗ္ဗာန် မရထိုက်သောသူ ၁၆-ယောက်

၁။ တိရစ္ဆာန်
၂။ ပြိတ္တာ
၃။ အယူမှားသူ
၄။ ကောက်ကျစ်စဉ်းလဲသူ
၅။ အမိကိုသတ်သူ
၆။ အဖကိုသတ်သူ
၇။ ရဟန္တာကိုသတ်သူ
၈။ သံဃာကို အသင်းခွဲသောသူ
၉။ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုသူ
၁၀။ ရဟန်းအသွင်ကို ခိုးသူ



၁၁။ တိတ္ထိဘောင်၌ နေသူ
၁၂။ ဘိက္ခုနီမ ဖျက်ဆီးသူ
၁၃။ သံဃာဒိသိတ် အာပါတ်သင့်သောရဟန်း
၁၄။ ပဏ္ဍုတ်
၁၅။ ဥဘတောဗျည်း
၁၆။ ခုနစ်နှစ်အောက် အသက်ငယ်သူ။

## သောတာပန် ၄-မျိုး

၁။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အတော်များများ ပယ်ခွာစွန့်နိုင်သော စူဠသောတာပန် ပုဂ္ဂိုလ်။
၂။ သောတာပတ္တိမဂ် ရပြီးနောက် ခုနစ်ကြိမ် ခုနစ်ဘဝသာ ပဋိသန္ဓေ နေခွင့်ရရှိသော သတ္တက္ခတ္တုပရမ သောတာပန်။
၃။ သောတာပတ္တိမဂ် ရပြီးနောက် နှစ်ဘဝမှ ခြောက်ဘဝအတွင်းသာ ကစ်ခုသော အမျိုးမြတ်သော ပုဂ္ဂိုလ်တို့ထံ၌သာ ပဋိသန္ဓေ နေသော ကောလံကောလ သောတာပန်။
၄။ သောတာပတ္တိမဂ် ရပြီးနောက် တစ်ဘဝသာ လူ့ပြည်၌ ပဋိသန္ဓေနေသော ဧကဗီဇ သောတာပန်။

## ဗေဒင် ၄-ပုံ

၁။ နေ, လတို့၏ သွားရာလမ်းကို ဆယ့်နှစ်ရာသီခွင်ပြု၍ မည်သည့်ရာသီခွင်၌ မည်သည့်ဂြိုဟ် ရပ်တန့်နေသည်ကို ကြည့်ပြီးလျှင် အသ်ာ၊ လိဗ္ဗာ၊ ကြိုင်း၊ နဝင်းစသည်တို့ ဖြင့် ဝေဖန်၍ အကောင်းအဆိုးတို့ကို ဟောသော သာမ ဗေဒင်။

၂။ မိမိတို့အပေါ်၌ ရောက်ခဲ ရောက်လတ္တံ့ ဖြစ်သော ဘေးရန် အပေါင်းတို့၌ လွတ်ကင်း ပပျောက်စေရန် ဂြိုဟ်, နက္ခတ် စသည်တို့အား ပူဇော်ကာ (ယတြာပြု)နည်းကို ယဂုဗေဒင်။

၃။ နေ, လ, ကြတ်ခြင်း၊ နက္ခတ်တာရာတို့ အသွားမမှန်ခြင်း ကြောင့် လူတို့၌ ဘေးဥပါဒ်ဖြစ်တတ်ခြင်းကို ဟောသော ဣရသျှုဗေဒင်။

၄။ သတ္တဝါတို့အား သေကြေပျက်စီး ပူပင်အောင် မီးလောင် လေတိုက် မိုးခေါင် ရေကြီးအောင်နှင့် ဆင်းရဲအမျိုးမျိုးကို ဟောသော ကတာဗ္ဗနဗေဒင်။

## စေတီတည်ထား ကိုးကွယ်ထိုက်သူ ၄-ဦး

၁။ မြတ်စွာဘုရား။

၂။ ပစ္စေကဗုဒ္ဓနှင့် ရဟန္တာအရှင်မြတ်များ။



၃။ သီလဝန္တဖြစ်သော မြတ်စွာဘုရား၏ တပည့်များ။

၄။ ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း။

## ဘုရားလက်ထက် မြေမျိုခံရသူများ

၁။ ဒေဝဒတ်ရဟန်း

၂။ စိဉ္စမာန မိန်းမယုတ်

၃။ သုပ္ပဗုဒ္ဓ

၄။ နန္ဒကဘီလူး

၅။ နန္ဒမင်းသား

## ဝိဇ္ဇာ ၅-မျိုး

ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ။

## ပုဂံ

ပြည်တကာသို့ ထက်မြက်သော၊ နှလုံးမွေ့လျော်ဖွယ် ရှိသော အကြင် ပြည်သည်ရှိ၏။ ထိုပြည်သည် ဝတ္ထုကာမတို့နှင့် ပြည့်စုံသည်ဖြစ်၍ ပုဏ္ဏကာမ (ပုဂံ) ဟူ၍လည်း ထင်ရှား ကျော်စော၏။ ထိုမှတစ်ပါး ရန်သူတို့ကို ချေမှုန်းလေ့ရှိသော ရဲရင့်စွမ်းပကားရှိသော သူတို့၏ နေရာဌာနဖြစ်ခြင်းကြောင့် အရိမဒ္ဒန(အရိမဒ္ဒန)ဟူ၍လည်း ထင်ရှားကျော်စော၏။

## စေတီတော်၏အစိတ်အပိုင်းများ

စိန်ဖူး၊ ငှက်မြတ်နား၊ ဆပ်သွားဖူး၊ ထီး၊ ငှက်ပျော်ဖူး၊ ကြာလှန်၊ ရွဲ(ရွဲလုံးတန်း)၊ ကြာမှောက်၊ ဖောင်းရစ်၊ သပိတ်မှောက်၊ ပန်းစွဲ၊ ခေါင်းလောင်းပုံ၊ ကြာပန်း၊ ပစ္စယံ၊ စေတီရံ၊ ဖိနပ်တော်။

## ဂူဘုရား အစိတ်အပိုင်းများ

အထွက်စေတီ၊ ဓိန်ကုပ် ကွမ်းတောင်၊ ကွမ်းတောင် ကြက်လျှာပန်း၊ မုခ်ကပ်၊ ပစ္စယာများ၊ ထောင့်စေတီ၊ အာရုံခံ ဘေးမုခ်ဆောင်၊ ဆင်းတုတော်၊ ထောင့်တိုင်၊ ထောင့်တိုင်ဝန်း၊ အဝင်မုခ်တံကဲ၊ စိုင်ပေါင်၊ တုရင်(ဒုရင်)၊ ကြေးကွေး၊ မုခ်ပေါက်။

## ပုဂံအကြောင်း

ပုဂံကို AD(107)ခုတွင် သမုဒ္ဒရာဇ်မင်းသည် ရွာပေါင်း (၁၉)ရွာကို စုစည်းပြီး ယုန်လွတ်ကျွန်းအရပ်၌ စတင်တည်ထောင်ခဲ့သည်။ ပုဂံမင်းဆက် ခုနစ်ဆက်မြောက် သေလည်ကြောင်မင်း AD(344-387) လက်ထက်တွင် မြို့တော်ကို သီရိပစ္စယာ ကျောက်စကားအရပ်သို့ ရွှေ့ပြောင်းခဲ့သည်။



ပုဂံမင်းဆက် တစ်ဆယ့်နှစ်ဆက်မြောက် သိုက်တိုင်မင်း (AD 516-528) လက်ထက်တွင် မြို့တော်ကို တမ္ပဝတီ (ယခု ဖွားစောရွာ) အရပ်သို့ ထပ်မံရွှေ့ပြောင်းခဲ့သည်။ ပုဂံမင်းဆက် သုံးဆယ့်လေးဆက်မြောက် ပျဉ်ပြားမင်း AD(846-1369) လက်ထက်တွင် ယခုလက်ရှိနေရာသို့ မြို့ရိုးနှင့် ကျုံးတို့ပါဝင်သော မြို့တော်ကို တည်ဆောက်ခဲ့သည်။

မြန်မာရာဇဝင်များအရ သမုဒ္ဒရာဇ်မင်းမှ စတင်၍ စောမွန်နစ်မင်း (AD 1325-1369) အထိ ပုဂံမင်းဆက် (၅၅)ဆက် ပြဆိုထားသော်လည်း ပုဂံသမိုင်းသည် အနော်ရထာမင်း AD (1044-1077) လက်ထက်မှ အခိုင်အမာ စတင်ခဲ့သည်။

## ရှေးဟောင်းအဆောက်အအုံများနာမည်

စေတီ၊ ဂူဘုရား၊ အုတ်ကျောင်း၊ ဥမင်၊ ပိဋကတ်တိုက်၊ သိမ်၊ ပြဿဒ်။

## ဆုတောင်းပြည့်ဖို့

ပုဂံဒေသတွင် အနော်ရထာမင်း၏ ကောင်းမှု မြတ်စွယ်တော်လေးဆူ ဖြစ်သော ရွှေသည်းခုံစေတီ၊ တန့်ကြည်တောင် စေတီ၊ လောကနန္ဒာစေတီ၊ တူရင်းတောင်စေတီတို့အား ဆွမ်း၊ပန်း၊

ရေချမ်း၊ ဆီးမီးနှင့် လှူဖွယ်ဝတ္ထုတို့ အညီအမျှ ကပ်လှူပူဇော်၍ တစ်နေတာအတွင်း အပြီးဖူးမြော် ကြည်ညိုပါက လိုရာ ဆန္ဒ ပြည့်ဝ၍ တောင်းသမျှဆုပြည့်နိုင်၏။

## ရုပ်နှင့်နာမ်

သတ္တဝါတစ်ဦး၏ ကိုယ်ခန္ဓာအစဉ်သည် ရုပ်ခန္ဓာအစဉ်၊ နာမ်ခန္ဓာအစဉ် ဟူ၍ နှစ်မျိုးရှိသည်။ ထိုတွင် ဦးခေါင်း၊ ခြေ၊ လက်အစရှိသော ကိုယ်ခန္ဓာအစုသည် ရုပ်ခန္ဓာဖြစ်၍ စိတ်အကြံ အစည်မျိုးသည် နာမ်ခန္ဓာမျိုးမည်၏။ ထိုနှစ်မျိုးတို့တွင် ရုပ်ခန္ဓာ မျိုးသည် တစ်ဘဝလျှင် တစ်ခါပြတ်၏။ တစ်ဘဝလျှင် တစ်မျိုး တစ်မျိုးပြောင်း၏။ နာမ်ခန္ဓာမျိုးသည်ကား အစဉ်ပြတ်သည်ဟူ၍ မရှိ။ တစ်ဘဝနှင့် တစ်ဘဝ အစဉ်မပြတ် ဆက်ကာဆက်ကာ ဖြစ်၏။

## သောတာပန်ဖြစ်ဖို့ အင်္ဂါ ၄-ချက်

၁။ ပရမတ်ခန္ဓာ ငါးပါးအပေါ်မှာ ဒိဋ္ဌိကွာအောင် ဟောပေး နိုင်သော သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း။

၂။ ဒိဋ္ဌိကွာကြောင်းဖြစ်သော ပရမတ်တရား၊ ဓာတ်တရားများကို ဦးစားပေး စူးစိုက်စွာ နားကြားခြင်း။

၃။ အာရုံတစ်ခုခုနှင့် တွေ့ကြုံတိုင်း အကုသိုလ်မဖြစ်အောင် နှလုံးသွင်းခြင်း။



၄။ ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ အမြဲမရှိပါလားဟု တရား နှင့် လျော်ညီစွာ ကျင့်ကြံအားထုတ်ခြင်း။

## ပီတိ ၅-မျိုး

၁။ ကြက်သီးမွေးညင်းထခြင်း ခုဒ္ဒိကာပီတိ။

၂။ လျှပ်စီးလက်သကဲ့သို့ မကြာခဏဖြစ်ခြင်း၊ ခဏိကာပီတိ။

၃။ လှိုင်းတံပိုးကြီးများကဲ့သို့ တက်ချည် ဆင်းချည်၊ နိမ့်ချည် မြင့်ချည်နဲ့ ခန္ဓာကိုယ်တစ်ခုလုံး အထက်တက်လိုက်၊ အောက်ဆင်းလိုက်နဲ့ ပီတိတွေ တသိမ့်သိမ့် တငြိမ့်ငြိမ့်ဖြစ် ခြင်း ဩက္ကန္တိကာပီတိ။

၄။ ခန္ဓာကိုယ် မြောက်ကြွခြင်း၊ မြောက်ကြွသွားသကဲ့သို့ စိတ် ထဲမှာ ထင်ခြင်း ဥဗ္ဗေဂါပီတိ။

၅။ ဆီစိမ်ထားတဲ့ဂွမ်းကဲ့သို့ တစ်ကိုယ်လုံး နူးညံ့ပြီးတော့ ပီတိ ထဲမှာ တစ်ကိုယ်လုံး သက်ဝင်နှစ်မြုပ်ခြင်း ဖရဏာပီတိ။

## ကဗျာဆရာ၏ လက္ခဏာ

၁။ ပင်ကိုဉာဏ် ရှိခြင်း။

၂။ ခေတ်မီခြင်း။

၃။ အနှသင့် ယုတ္တိရှိ/မရှိကို စိစစ်သိနိုင်ခြင်း။

## ယခုခေတ် ဘိက္ခုနီမများ မရှိနိုင်ခြင်းအကြောင်း

၁။ ဂရုဓာတ် ရှစ်ပါးတို့တွင် ဆဋ္ဌမမြောက်အချက်၌ ''ဘိက္ခု၊ ဘိက္ခုနီ နှစ်ဖက်သောသံဃာက ပဉ္စင်းခံခြင်းကို ရှာမှီးရမည်''ဟု ပညတ်တော်မူသောကြောင့် လည်းကောင်း။

၂။ ဘိက္ခု ဧကတော ဥပသမ္ပန္န ပညတ်သည် ဘိက္ခုနီ သံဃာ မပေါ်ပေါက်သေးမီ သာကီဝင် မင်းသမီးငါးရာတို့အတွက်သာ ပညတ်ထားသောကြောင်း လည်းကောင်း။

၃။ ထို 'ဘိက္ခု ဧကတော ဥပသမ္ပန္န'ပညတ်ကို ပယ်ထားပြီးဖြစ်သောကြောင့် လည်းကောင်း။

၄။ ဘိက္ခုနီသံဃာ၌ ရဟန်းမ မပြုရသေးသော မာတုဂါမကို ဘိက္ခုသံဃာက ရဟန်းမပြုပေးခြင်းငှာ မအပ်ဟုဆိုထားသောကြောင့်လည်းကောင်း။

၅။ ရှေးဦးစွာ ရဟန်းမပြုပေးမည့် ဘိက္ခုနီသံဃာ အဆက်ပြတ်ခဲ့သောကြောင့်လည်းကောင်း။

၆။ သာကီဝင်မင်းသမီး ရဟန်းမငါးရာနှင့် ဘိက္ခုလိင်ပြန် ရဟန်းမှအပ 'ဘိက္ခုဧကတော ဥပသမ္ပန္န'။ ဘိက္ခုနီမရှိသည်၏ အဖြစ်ကို ဖွင့်ဆိုသောကြောင့် ယခုခေတ်၌ ဘိက္ခုနီမ ဖြစ်ခွင့်မရှိတော့ပါ။



## စကားကြီး ၁၀-ခွန်း

၁။ စကားကို လိုသည်ထက် ပိုမို၍ပြောသော 'ရေကူးညာတင်' စကားပြောနည်း။

၂။ စကားကို တစ်ခွန်းတည်းနှင့် အပိုင်ပြောသော 'ကောက်ပင်ရိက်လှီ' စကားပြောနည်း။

၃။ စကားကို လက်ဝင် ပင်ပန်းစွာ ပြောရသော 'ရေစီးဖောင်ဆန်' စကားပြောနည်း။

၄။ စကားကို တစ်ဖက်လူ နားလည်သလောက် တန်သလောက် ပြောသော 'အိုးတန် ဆန်ခပ်' စကားပြောနည်း။

၅။ စကားကို တဖြည်းဖြည်း မိမိဘက်ပါအောင် ပြောဆိုသော 'ဆီပွတ်ကျည်ပွေ့' စကားပြောနည်း။

၆။ စကားကို လွှဲ၍ တာဝန်ရှောင်သော ထမင်းရည်ပူလျှာလွှဲ ပြောသော 'ဆင်ရန်ဇွေ့ရန်ရှောင်' စကားပြောနည်း။

၇။ စကားပြောသည့်အခါ အခြေခံကို ဦးစွာပြော၍ လိုရာကို နောက်မှပြောသော 'တောင်သူယာခုတ်' စကားပြောနည်း။

၈။ စကားပြောသည့်အခါ မိမိဘက်မှ အသာစီးရသည့်အခါ အပိုင်ပြောသော 'ကြက်ဆုပ်စွပ်ပစ်' စကားပြောနည်း။

၉။ စကားကို အကုန်ပြောသော 'ရေစစ်ကရား' စကားပြောနည်း။

၁၀။ စကားပြောသည့်အခါ မတင်မကျ၊ ဟိုမရောက် သည်မရောက် ပြောသော 'ခပ်တင်မောင်းနှင်း' စကားပြောနည်း။

## ဇာတ်ကြီး ဆယ်ဘွဲ့

၁။ တေမိယဇာတ်၊
၂။ ဇနကဇာတ်၊
၃။ သုဝဏ္ဏသာမဇာတ်၊
၄။ နေမိဇာတ်၊
၅။ မဟောသဓာဇာတ်၊
၆။ ဘူရိဒတ်ဇာတ်၊
၇။ စန္ဒကုမာရဇာတ်၊
၈။ နာရဒဇာတ်၊
၉။ ဝိဓူရဇာတ်၊
၁၀။ ဝေဿန္တရာဇာတ်။

## မြန်မာ့ခေတ်အဆက်ဆက်

**ပုဂံခေတ်**

၄၀၆ ခုနှစ်မှ ၆၆၀ ခုနှစ်အထိ (၂၅၄) နှစ်။



**ပင်းယခေတ်**

၆၇၄ ခုနှစ်မှ ၇၂၆ ခုနှစ်အထိ (၅၂) နှစ်။

**အင်းဝခေတ်**

၇၂၆ ခုနှစ်မှ ၉၁၆ ခုနှစ်အထိ (၁၉၀) နှစ်။

**ဟံသာဝတီခေတ်**

၉၁၆ ခုနှစ်မှ ၉၅၈ ခုနှစ်အထိ (၄၂) နှစ်။

**ညောင်ရမ်းခေတ်**

၉၅၈ ခုနှစ်မှ ၁၁၁၃ ခုနှစ်အထိ (၁၅၅) နှစ်။

**အလောင်းမင်းတရားခေတ်**

၁၁၁၄ ခုနှစ်မှ ၁၂၄၇ ခုနှစ်အထိ (၁၃၃) နှစ်။

**အင်္ဂလိပ်ခေတ်**

၁၂၄၇ ခုနှစ်မှ ၁၃၁၀ ခုနှစ်အထိ (၆၃) နှစ်။

## မော်တော်ကားများ

မော်တော်ယာဉ်ကို ရှေးဦးစွာ တီထွင်နိုင်သူများ ဂျာမန်လူမျိုး ဒိန်မလာ (Daimalar) ဆိုသူဖြစ်၏။ သူ၏ရေနွေးငွေ့ဖြင့် မောင်းနှင်နိုင်သော မော်တော်ယာဉ်ကို စတင်တီထွင်ခဲ့သည်။

သူ၏တီထွင်ချက်ကို အစပြု၍ နောင်အခါတွင် ရေနွေးငွေ့အစား ဓာတ်ဆီ၊ စက်ဆီများဖြင့် အစားထိုး မောင်းနှင်နိုင်သော

မော်တော်ယာဉ်များကို ၂၀ ရာစု နောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သည်။

### ပဓာနိယင်္ဂတရား ၅-ပါး

၁။ မြတ်ဗုဒ္ဓ၏ တရားတော်အပေါ်မှ ယုံကြည်မှု သဒ္ဓါတရားရှိခြင်း။

၂။ အနာရောဂါမရှိ ကျန်းမာခြင်း။

၃။ မကောက်ကျစ်, မစဉ်းလဲဘဲ မိမိအပြစ်ကို ဝန်ခံနိုင်ခြင်း။

၄။ ကုသိုလ်တရားတွေကို အားထုတ်ဖို့ ဝီရိယရှိခြင်း။

၅။ ဉာဏ်ကောင်းခြင်း။

### မှန်နန်းရာဇဝင်ပြုစုသော အဖွဲ့များ

- မုံရွေးဇေတဝန် ဆရာတော်
- သော်ကပင်ဆရာတော်
- ချည်ပါတောင်ရွာ မြောက်ရွာစား မင်းတိုင်ပင်အမတ်ကြီး မဟာမင်္ဂလသင်္ကြံ။
- မြင်းစုဝန်ကြီး ဦးရောက်။
- သံတော်ဆင့် ဦးချိန်။
- စာရေးတော်ကြီး ဦးဖျော်။
- ဘိတ်သိက်တော်ဆက် ပုဏ္ဏားဇယဒေဝ။



- မြို့ထိုက်သံဆင့်မောင်။
- စာရေးမောင်လူကြီး။
- စာရေးမောင်အောင်သာ။
- အတွင်းဝန် စောမြို့စားမင်းကြီး သီရိမဟာနန္ဒသင်္ကြံ။

### နိုင်ငံတစ်နိုင်ငံအတွက် အဓိကလိုအပ်ချက်များ

- လူဦးရေ။
- သတ်မှတ်ထားသော နိုင်ငံနယ်မြေ။
- အစိုးရ။
- အချုပ်အခြာအာဏာ။

### မီးရထား

အင်္ဂလန်ပြည်တွင် စတီဗင်ဆင် (Stevenson) က ရော့ကတ် (Rocket) ခေါ် မီးရထားခေါင်းတွဲကို တီထွင်ခဲ့ရာ တစ်နာရီလျှင် မိုင် ၄၀၊ ၅၀ခန့် မောင်းနိုင်ခဲ့သည်။ အင်္ဂလန်ပြည်ကပင် ၁၈၂၅-ခုနှစ်တွင် ပထမဆုံးမီးရထားလမ်းကို စတော့က်တန် (Stockton)နှင့် ဒါလင်တန် (Darlinyton) မြို့နှစ်မြို့အကြား၌ ဖောက်လုပ် ဆက်သွယ်ခဲ့သည်။

၁၉-ရာစုကုန်ခါနီးတွင် ဥရောပတစ်တိုက်လုံး၌ မီးရထားလမ်းများ သွယ်တန်းခဲ့ပြီးဖြစ်သည်။

## ရန်ကုန်မြို့၏ ရှေးအမည်များ

ဥက္ကလာပမြို့၊ အသိတဥ္စနမြို့၊ ပေါက္ခရဝတီမြို့၊ ဒဂုံမြို့။

## ဘုရားကိုးဆူ ပူဇော်နည်း

ဘုရားရှင် (အလယ်)

အရှင်သာရိပုတ္တရာ (တောင်ဖက် လက်ျာတော်ရံ)

အရှင်မဟာမောဂ္ဂလန် (မြောက်ဖက် လက်ဝဲတော်ရံ)

အရှင်ကောဏ္ဍည (အရှေ့ဘက်)

အရှင်အာနန္ဒာ (အနောက်အရပ်)

အရှင်ရာဟုလာ (အရှေ့မြောက်အရပ်)

အရှင်ရေဝတ (အရှေ့တောင်ဘက်)

အရှင်ဂဝံပတိ (အနောက်မြောက်ဘက်)

အရှင်ဥပါလိ (အနောက်တောင်ဘက်)

## မီးသဘော်

မီးသဘော်များကို ၁၉-ရာစုနှစ် အစပိုင်းက စတင် တည်ဆောက်ခဲ့သော်လည်း မြစ်လမ်းခရီးများ၌သာ အသုံးပြုခဲ့ရသည်။ ၁၈၁၉-ခုနှစ်ခန့်တွင် အမေရိကန်တို့သည် အတ္တလန္တိတ်



ပင်လယ်ကို မီးသဘော်ဖြင့် ကူးဖြတ်ကြသည်။ ထိုစဉ်က မီးသဘော်တွင် အင်ဂျင်စက်သာမက စက်ပျက်လျှင် ရေအားကို ပါ အသုံးပြုရန် ရွက်တိုင်ကိုလည်း တပ်ဆင်ထားကြ၏။

သို့သော် ထိုမီးသဘော်များ၌ စက်ကို ဘေး၌တပ်ဆင် ထားရသဖြင့် လှိုင်းတံပိုး ပြင်းထန်သည့်အခါ စက်ကိရိယာ အစိတ်အပိုင်းများ ကျိုးပဲ့ပျက်စီးကုန်၏။

ထိုအခါ မီးသဘော်များတွင် လှိုင်းတံပိုးဒဏ်မှ ကာကွယ် နိုင်သော စက်ပန်းများကို တီထွင် တပ်ဆင်လာကြသည်။ လူသား တို့၏ တီထွင်ကြိုးစားချက်အရ မီးသဘော်များသည် အရွယ်အစား နှင့် မောင်းနှင်အားပါ တစ်စထက်တစ်စ တိုးတက်လာခဲ့ရာ ၁၉၁၀-ပြည့်နှစ်တွင် အတ္တလန္တိတ်သမုဒ္ဒရာကို ငါးရက်နှင့် ကျော် ဖြတ်နိုင်ခဲ့သည်။

## ဌာနလေးပါး

၁။ ချစ်ခင်သဖြင့် မပြုလုပ်သင့်သည်ကို ပြုလုပ် ဆောင်ရွက် ခြင်း။

၂။ မုန်းသဖြင့် မပြုလုပ်သင့်သည်ကို ပြုလုပ် ဆောင်ရွက် ခြင်း။

၃။ ဆင်ခြင်တုံတရား မရှိသဖြင့် မပြုလုပ်သင့်သည်ကို ပြုလုပ် ဆောင်ရွက်ခြင်း။

၂။ ကြောက်သဖြင့် မပြုလုပ်သင့်သည်ကို ပြုလုပ် ဆောင်ရွက်ခြင်း။

## ရာဇဝင် ၃-မျိုး

၁။ မင်းစဉ်မင်းဆက်မပြတ် အစဉ်အတိုင်း ရေတွက်ပြဆိုနိုင်သော ရာဇဝင်ဇကို ဗုဒ္ဓရာဇဝင်။

၂။ မင်းစဉ်မင်းဆက်ပြတ်၍ 'တေပါး' ချပ်သော (သို့မဟုတ်) မင်းမဲ့ဖြစ်၍ 'လပ်သောရာဇဝင်' ကို ခဏ္ဍရာဇဝင်။

၃။ မင်းစဉ်မင်းဆက် အစ (သို့မဟုတ်) အစနှင့် အဆုံး (သို့မဟုတ်) အလယ်မှ မင်းတစ်ပါးပါး အမည်မျှသာ ပြဆိုသော ရာဇဝင်ကို ထွန်းလိုရာ ထွန်းပြသော ဒီပကရာဇဝင်။

## တစ်နည်း ရာဇဝင် ၂-မျိုး

၁။ ကျောက်စာ၊ ကြေးစာ၊ အုတ်ခဲစာ၊ ကျောက်သတ္တု၊ ကြေးဝတ္တု၊ အုတ်ခဲဝတ္တုစသော သက်သေခံရှိသော ရာဇဝင်ကို သဝတ္ထုက ရာဇဝင်။

၂။ အဆိုပါ ဝတ္ထု ပစ္စည်း သက်သေခံမရှိသောရာဇဝင်ကို အဝတ္ထုကရာဇဝင်။



## ရွှေတိဂုံစေတီ၏ ရှေးအမည်များ

ဒိဂုမ္ဘစေတီ၊

ရွှေဒဂုံစေတီ၊

ရွှေဒိဂုဏ်စေတီ၊

ရွှေဒိဂုဏ်ဆံတော်ရှင်။

## လေယာဉ်ပျံ

လေယာဉ်ပျံကို ၁၈၉၇-ခုနှစ်တွင် အမေရိကန်လူမျိုး လင်းလေး (Lanyley) ဆိုသူက စတင်ကြံစည် တီထွင်ခဲ့သည်။ ၁၉၀၅-ခုနှစ်သို့ ရောက်သောအခါ အမေရိကန်သားများဖြစ်ကြသော ရိုက်ညီနောင် (Wrighat Brothers)တို့၏ ကြိုးပမ်းချက်အရ ပိုမိုတိုးတက် ကောင်းမွန်သော လေယာဉ်ပျံကို အောင်မြင်စွာ လုပ်နိုင်ခဲ့သည်။

၁၉၀၉-ခုနှစ်မှ အစ,ပြု၍ လျင်မြန်စွာ တိုးတက်ကောင်းမွန်လာသော လေယာဉ်သည် လူသားတို့အတွက် အထောက်အကူဖြစ်စေသော သယ်ယူပို့ဆောင်ရေးယာဉ် တစ်ခု ဖြစ်ခဲ့သည်။

## စရိယာ ၃-ပါး

၁။ လောကလူသား၊ ကမ္ဘာသူ ကမ္ဘာသား၊ သတ္တဝါများအပေါ် ကောင်းစားရေး လောကတ္ထစရိယာကျင့်စဉ်။

၂။ မိမိအမျိုးအနွယ်နှင့် မိမိလူမျိုး ကောင်းစားရေးဖြစ်သော ဉာတတ္ထစရိယာကျင့်စဉ်။

၃။ သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညု ဘုရားဖြစ်ရေး ဗုဒ္ဓတ္ထစရိယာကျင့်စဉ်။

## တရားနာခြင်း အကျိုး ၅-ပါး

၁။ မကြားဖူးသည်ကို ကြားနာရခြင်း။

၂။ ကြားဖူးပြီးသည်ကို စင်ကြယ်စေခြင်း။

၃။ ယုံမှားကို လွန်မြောက်ရခြင်း။

၄။ အယူကို ဖြောင့်မှန်အောင် ပြုတတ်ခြင်း။

၅။ စိတ်ကြည်လင်ခြင်း။

## ဘုရင်များ ပသ,သောနတ်များ

ထီးဖြူဆောင်းမယ်တော်နတ်
ငါးစီးရှင်နတ်
မင်းတရားနတ်
မယ်တော်ရွှေစကား
တပင်ရွှေထီးနတ်။

## ကြက်တိုက်သူများ ပသ,သည့်နတ်

ပခန်း ဦးမင်းကျော်။



## တောင်စောင့်နတ်များ

တောင်မင်းကြီးရှင်ညို
မြောက်မင်းကြီးရှင်ဖြူ
တောင်ကြီးနတ်
မယ်ဝဏ္ဏ
အမေဂျမ်း။

## မြစ်ချောင်းနှင့် ပင်လယ်စောင့်နတ်များ

အမေရေရှင်
ကိုးရေရှင်နတ်များ
နံကရိုင်းမယ်တော်
ဦးရှင်ကြီးနတ်
မင်းစည်သူနတ်
မယ်စိမ့်ညိုနတ်
ပျဉ်တောင်ကတော်နတ်
ဘိုးရာဆိုင်းနတ်။

## ယာစောင့်နတ်

မောင်အောင်နိုင် ခေါ် ပူလမောင်နတ်။

## မိန်းကလေးများ၏ သက်ဆိုင်သောနတ်များ

မနဲ့လေးနတ်

လူပျိုကြီးနတ်

လေးကျွန်းမောင်မောင်

## နယ်ဆိုင် ပယ်ဆိုင် နတ်များ

အလုံဘိုးတော်ကြီး

ပင်လယ်ပြင်မောင်နှမ

ဇီးတောနတ်

အမေရွှေပုမယ်နတ်

မိကျောင်း မောင်တော် နှမတော်

မိုင်းသုံ့အရှင်ကြီး

သီတာမောင်နှမ

ရေကြည်နေရနောက် မောင်တော် နှမတော်

ဖီဟောနတ်။

## အတတ်ပညာသင်ယူသူများ ပသ,သည့်နတ်များ

မန္တလေးဘိုးတော်

ထီးဖြူဆောင်းနတ်



ဒန်းမောင်ရင်

ပရိမ္မရှင် မင်းခေါင်

မင်းရဲအောင်တင်နတ်

ရွှေနော်ရထာနတ်။

## ဆင်ဖမ်းသူများ ပသ,သည့်နတ်

အောင်ပင်လယ်ဆင်ဖြူရှင်

## မြို့ရွာစောင့်နတ်များ

မြင်းဖြူရှင်

ကိုးမြို့ရှင်

ရွှေစစ်သည့်နတ်

ပြည်ကန်စောင့် မောင်နှမ

အောင်စွာမကြီးနတ်

သမုဒ္ဒရာယောသနတ်။

## ရောဂါဝေဒနာသည်များ ပသ,သည့်နတ်များ

ညောင်ချမ်းအိုးနတ်

အနောက်မိဖုရားနတ်

ယွန်းဘုရင်နတ်

မြောက်မယ်ရှင်မနတ်
တောင်ငူရှင်မင်းခေါင်နတ်
မောင်မင်းဖြူနတ်
သံတော်ခံနတ်

## ထီးဖြူ ငါးမျိုး

ကြငှန်းထီး၊ ဥရုထီး၊ တမွတ်ထီး၊ ကနက္ကဒန်ထီး၊ သမုတိထီး။

## နန်းတော်ရှေ့ ဆရာတင်

ဆရာတင်ကို သက္ကရာဇ် ၁၂၅၆-ခုနှစ်တွင် ကြည့်မြင်တိုင် ထီးတန်းအရပ်၌ ဖွားမြင်သည်။ ဖခင်မှာ မြို့စာရေးတော်မင်း ဦးမှန်၊ မိခင်မှာ ဒေါ်မမ ဖြစ်သည်။ မန္တလေးမြို့ရှိ နန်းတော်ရှေ့ မင်္ဂလာ ဉယျာဉ်တွင် နေထိုင်ခဲ့သဖြင့် နန်းတော်ရှေ့ဆရာတင်ဟု ခေါ်တွင်ခြင်း ဖြစ်၏။

ဆရာတင်သည် အတီးအမှုတ် ဂီတပညာကို တတ်မြောက်ရုံမက ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်မှအစ စာပေကျမ်းဂန်များကို လေ့လာ သင်ကြားခဲ့သူဖြစ်၏။ ဉာဏ်ပညာ သွက်လက်ပြီး စိတ်ကူး လေးနက်သောကြောင့် သူ၏သီချင်းများသည် ငြိမ့်ညောင်းသာယာ၏။



ဆရာတင်သည် ကာလပေါ် သီချင်းများကို စပ်ဆိုသူများ အနက် ထိပ်ဆုံးကပုဂ္ဂိုလ်ဖြစ်၏။

၁၃၁၁-ခုနှစ်တွင် ဆရာတင် ကွယ်လွန်၏။ ဆရာတင်၌ သားသမီး ၁၄-ယောက် ထွန်းကားခဲ့၏။

## ထီစတင်ဖွင့်လှစ်

၁၂၄၀-ပြည့်နှစ်၊ တပေါင်းလအတွင်း ထီရုံတည်ပြီး လက်မှတ်တစ်ဆောင် ငါးကျပ်ကျ ထည့်ဝင်စေ၍ လက်မှတ် ပေါင်း တစ်သောင်းနှစ်ထောင်၊ ငွေခြောက်သောင်း ပြည့်သော အခါ ထီဖွင့်ပြီး အောင်ပါဘာလေထီနှင့် တိုက်ဆိုင်သူကို ငွေ တစ်သောင်းနုတ်၍ ကျပ်ငါးသောင်းပေးပြီး သူဌေးအရာ ခန့်ထား ပါက သူဌေး ပေါများလာမည်ဖြစ်ကြောင်း မှူးတော် မတ်တော် တို့ တိုင်ပင်ပြီး အမိန့်တော်ခံယူကြကာ ၄င်းအတိုင်း ထီဖွင့်ခဲ့ ကြသည်။

## ဥတု ၆-ပါး

၁။ တပို့တွဲ၊ တပေါင်း နှစ်လသည် သိသိရဥတု။
၂။ တန်ခူး၊ ကဆုန် နှစ်လသည် ဝသန္တဥတု။
၃။ နယုန်၊ ဝါဆို နှစ်လသည် ဂိမ္ဟဥတု။
၄။ ဝါခေါင်၊ တော်သလင်း နှစ်လသည် ဝဿာနဥတု။

၅။ သီတင်းကျွတ်, တန်ဆောင်မုန်း နှစ်လသည် သရဒဥတု။
၆။ နတ်တော်, ပြာသို နှစ်လသည် ဟေမန္တဥတု။

## လူမိုက်ကြီး ၄-ယောက်

၁။ စာကူးပြီး ပြန်မတိုက်တဲ့သူ။
၂။ ပြဒါးချွတ်ပြီး အဂ္ဂိရတ်ထိုးသောသူ။
၃။ မိန်းမယူပြီး ယောက္ခမအိမ်ကိုက်နေသူ။
၄။ မြင်းဝယ်ပြီး သူတစ်ပါးငှားသူ။

## ခြင်္သေ့သို့ ကျင့်ရမယ့်သူနှစ်ယောက်

၁။ တိုင်းပြည်အုပ်ချုပ်သောမင်း။
၂။ တရားသူကြီး။

## သီပေါမင်း ဖွဲ့စည်းခဲ့သော ခရိုင်များ

၁။ နေပြည်တော်နှင့် ရွှေကြိုးသတ်မှတ်ရာနေပြည်တော်ဌာန။
၂။ အဝ,မြို့တောင်ဘက် (၉၁)ခရိုင် ရွှေဖြည်ရန်အောင်မြင် မြေကျေးရွာယ၊ ပင်းတလဲ၊ တလုပ်တောင်သာ၊ ညောင်အပ် မြို့များကား ဒုတိယဌာနခရိုင်။



၃။ မိတ္ထီလာ၊ ရင်းတော်၊ ရနောင်၊ ထရံကာ၊ လှိုင်းတက သာဂရ၊ ညောင်ရမ်း၊ ရမည်းသင်း၊ တောင်ငူမြို့များက တတိယဌာန တောင်ငူခရိုင်။
၄။ ပင်းယမြို့၊ နတ်မောက်၊ ကျောက်ပန်းတောင်၊ တောင်တွင်းကြ မြို့များကာ စတုတ္ထဌာန တောင်တွင်းကြီးခရိုင်။
၅။ အောက်မြစ်စဉ် ဝဲယာမြို့များကား ပဥ္စမဌာန အောက်မြ စဉ် ခရိုင်။
၆။ ပခန်းကြီး၊ ယော၊ ဆော၊ လောင်းရှည်၊ ထီးလင်း ယောတိုက် ကျုန်မြို့ရွာများကား ဆဋ္ဌဌာန ပခန်းကြီးခရိုင်
၇။ ချင်းတွင်းကြောင်း မြစ်စဉ် ဝဲယာမြို့များကား သတ္တမဌာန ချင်းတွင်းခရိုင်။
၈။ စစ်ကိုင်းမြို့ အမြင် ငါးမြို့ဝန်စုပါမြို့ အလုံ ဒီပဲရင်းနယ်များ အဋ္ဌမဌာန စစ်ကိုင်းခရိုင်။
၉။ ရတနာသိင်္ဃမြို့ မြေဒူးမြို့ ကောလင်း ဝန်းသို ရေနံခေါင်သန္တိ မြို့ ပဥ္စလငါးမြို့ ရွှေအရှေ့ကြောင်း၊ အလယ်ကြောင်း မြို့ ရွာများ နဝမဌာန ရတနာသိင်္ဃခရိုင်။
၁၀။ အညာမြစ်စဉ် ဝဲယာမြို့များ ဒသမဌာန အညာမြစ်စဉ်ခရိုင်။

## ဝိမုတ္တိပရိပါစနိယ တရား ၅-ပါး

၁။ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းရခြင်း။
၂။ အကျင့်သီလနှင့် ပြည့်စုံရခြင်း။
၃။ တရားစကားကို ကြားနာရခြင်း။
၄။ လုံ့လ ဝီရိယရှိခြင်း။
၅။ ထက်မြက်သောဉာဏ် ရှိခြင်း။

## မြတ်စွာဘုရား ပရိနိဗ္ဗာန်စံချိန်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ နံနက်အချိန်တွင် ဝိသာခါနက္ခတ်နှင့် ယှဉ်၍ သက်တော် (၈၀)နှစ်၊ ဝါတော် (၄၅)ဝါ အပြည့်တွင် ပရိနိဗ္ဗာန် စံတော်မူသည်။

## မင်းကျင့်တရား ၁၀-ပါး

၁။ အလှူပေးခြင်း။
၂။ ငါးပါးသီလ၊ ဆယ်ပါးသီလ စောင့်ထိန်းခြင်း။
၃။ ပေးကမ်းစွန့်ကြဲခြင်း။
၄။ ဖြောင့်မတ်ခြင်း။
၅။ နူးညံ့ခြင်း။



၆။ ရှစ်ပါးသီလ ဆောက်တည်ခြင်း။
၇။ အမျက်မထွက်ခြင်း။
၈။ ပြည်သူတို့ကို မညှဉ်းဆဲခြင်း။
၉။ သည်းခံခြင်း။
၁၀။ ပြည်သူတို့အား မဆန့်ကျင်ခြင်း။

## ကျီးသဲလေးထပ်ဆရာတော်

ရွှေတောင်မြို့ ကျီးသဲရွာ၌ ၁၁၇၉-ခုနှစ်တွင် ဖွားမြင်၍ အမတ်ကြီး ဦးမှုံက ကျီးသဲရွာ အရှေ့မျက်နှာ ကေ (၃၀၀)အကွာ သာယာသောကုန်း၌ ဆောက်လုပ်အပ်သော လေးထပ်ကျောင်းတော်ကြီး၌ သီတင်းသုံးသောကြောင့် ကျီးသဲလေးထပ် ဆရာတော်ဟုခေါ်တွင်၏။

## မဟာယာနဂိုဏ်း၏ ဝိသေသ လက္ခဏာများ

၁။ ဗုဒ္ဓ၏ ကာယသုံးပါး၊
၂။ ဗောဓိသတ္တ ဘုရားလောင်းဝါဒ၊
၃။ တထာနှင့် ဓမ္မဓာတု (နိဗ္ဗာန်-လောက)၊
၄။ အာလယဝိညာဉ်၊
၅။ မြူမှုန်များ၊ တိရစ္ဆာန်များ၌ ဗုဒ္ဓသဘာဝ (ဘုရားဖြစ်မည့် အလားအလာ) အနည်းနှင့်အများ ပါဝင်၏။

## ပတ်လည် ပြင်းပယ်နည်း ၈-မျိုး

၁။ ဥပ္ပါဒေါ = ဖြစ်ပေါ်ခြင်း။
၂။ ?ရောဓော = ချုပ်ငြိမ်းပျောက်ကွယ်ခြင်း။
၃။ အာဂတိ = ဤဘုံ ဤဘဝ ဤဌာနသို့လာခြင်း။
၄။ ဂတိ = ဖဲခွာထွက်သွားခြင်း။
၅။ နိစ္စ = အမြဲတည်ရှိခြင်း။
၆။ အနိစ္စ = ပျက်စီး ဖောက်ပြန်ခြင်း။
၇။ ဧကတ္တ = ထပ်တူညီခြင်း။
၈။ နာနတ္တ = မတူကွဲပြားခြင်း။

## တက်ဂျ်မဟာ သင်္ချိုင်းတော်

တက်ဂျ်မဟာသင်္ချိုင်းဂူသည် အိန္ဒိယနိုင်ငံ အာဂရာခံတပ်၏ အရှေ့ဘက် တစ်မိုင်ခန့်ဝေးသော ဥယျာဉ်အတွင်း၌ တည်ရှိလေ၏။ ဤကမ္ဘာကျော် အဆောက်အအုံကြီးကို မဂိုဧကရာဇ် ဘုရင် ရှားဂျဟန်းက မိမိ၏ ချစ်လှစွာသော မိဖုရားကြီး မမ်ကပ်မဟာအား မြှုပ်နှံသင်္ဂြိုဟ်ရန်အတွက် ၁၆၃၂-ခုနှစ်တွင် စတင်တည်ဆောက်ခဲ့၏။

ထိုဂူကို အလုပ်သမားပေါင်း (၂၀၀၀၀) ကျော်ဖြင့် တည်ဆောက်စေခဲ့သည်။ ဂူကို ၁၆၅၀-ပြည့်နှစ်မှ အပြီးသတ်သည်။ အမြင့်မှာ ပေ (၁၉၀)ခန့်ရှိ၏။



## ဘုန်းတော် ၆-ပါး

၁။ တစ်လောကလုံး အစိုးရသော ဣဿရိယဘုန်းတော်။
၂။ မဂ်, ဖိုလ်, နိဗ္ဗာန် တရားနဲ့ပြည့်စုံသော ဓမ္မဘုန်းတော်။
၃။ များပြားသော အခြံအရံ၊ ပျံ့နှံ့သော အကျော်အမော်နဲ့ ပြည့်စုံသော ယသဘုန်းတော်။
၄။ အတုမရှိသော ကျက်သရေတော်နှင့် ပြည့်စုံသော သီရိဘုန်းတော်။
၅။ လိုအင်ဆန္ဒ တောင့်တမှုမှန်သမျှ ခဏချက်ချင်း ပြည့်ဝသော ကာမဘုန်းတော်။
၆။ အတုမရှိသော လုံ့လ ဝီရိယနှင့် ပြည့်စုံသော ပယတ္တဘုန်းတော်။

## စစ်ရှုံးခြင်းအကြောင်း ၁၀-ပါး

၁။ မင်း, အမတ် စသူတို့ မူးယစ်သောကြောင့်လည်းကောင်း။
၂။ အနာအဖျား များသောကြောင့် လည်းကောင်း။
၃။ စစ်သားများ နှလုံးပျော့ညံ့သောကြောင့်လည်းကောင်း။
၄။ မင်း သတ္တိမရှိသောကြောင့်လည်းကောင်း။
၅။ မကောင်းသော နက္ခတ်တို့နှင့် ယှဉ်သောကြောင့်လည်းကောင်း။

၆။ သူတစ်ပါးက မန္တန်၊ အင်းအိုင် စီရင်သောကြောင့် လည်းကောင်း။

၇။ လက်နက်မကောင်းသောကြောင့်လည်းကောင်း။

၈။ မင်းနှင့်အမတ် မညီညွတ်သောကြောင့်လည်းကောင်း။

၉။ သူရဲကောင်း မရှိသောကြောင့်လည်းကောင်း။

၁၀။ ငတ်မွတ် ရှားပါးသောကြောင့်လည်းကောင်း။

## နတ်ပြဟ္မာများ

ပြဟ္မာဘုံ ၂၀ရှိ ပြဟ္မာများ။

နတ်ပြည်ခြောက်ထပ်ရှိ နတ်များ။

## နှစ်တစ်ရာစစ်ပွဲ

အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ခရစ်နှစ် ၁၃၃၈–ခုနှစ်မှ စတင်ကာ ခရစ်နှစ် ၁၄၅၃–ခုနှစ်အထိ အင်္ဂလိပ်မင်း ငါးဆက်၊ ပြင်သစ်မင်း ငါးဆက် ကာလအတွင်း နှစ်ပေါင်းတစ်ရာကျော်မျှ စစ်ဖြစ်ခဲ့သည်။

ထိုစစ်ပွဲကို ဥရောပသမိုင်းတွင် နှစ်တစ်ရာစစ်ပွဲဟုခေါ်၏။ ထိုသို့ခေါ်ဝေါ်ကြသော်လည်း ထိုစစ်ပွဲကို နှစ်တစ်ရာအတွင်း တစ်ဆက်တည်း တိုက်ခိုက်သည့်စစ်ပွဲ မဟုတ်။

နှစ်ဦးနှစ်ဖက် စစ်ပန်းသောအခါ စစ်ပြေငြိမ်း၍ အင်အားပြန်ပြည့်သောအခါ ဆက်လက်တိုက်ခတ်သော စစ်ပွဲဖြစ်၏။



စစ်ပွဲကြီးပြီးသောအခါ အင်္ဂလိပ်တို့သည် ပြင်သစ်ပြည်မှ ကဲလေးမြို့ တစ်ခုတည်းကိုသာ ရလိုက်၏။

## နှစ်သုံးဆယ်စစ်ပွဲ

နှစ်သုံးဆယ်စစ်ပွဲ ခရစ် ၁၆၁၈–ခုနှစ်မှ ၁၆၄၈ခုနှစ်အထိ ဥရောပတိုက်တွင် ဖြစ်ပွားခဲ့သော ကိုးကွယ်မှု အယူဝါဒရေး စစ်ပွဲဖြစ်၏။ ထိုစစ်ပွဲသည် ဂျာမနီပြည်ရှိ ပရိုတက်စတန့်ဂိုဏ်းနှင့် ရောမကသလစ်(ဗရင်ဂျီ) ဂိုဏ်းနှစ်ဂိုဏ်းတို့ အဆင်မပြေရာမှ ပြည်တွင်းစစ်ကြောင့် ဖြစ်ပေါ်လာသော စစ်ပွဲဖြစ်၏။

ပြည်နယ်များမှတစ်ဆင့် ဥရောပတိုက်ရှိ တိုင်းပြည်အများသို့ ပျံ့နှံ့သွား၏။

ထိုစစ်ကြောင့် ဂျာမနီပြည်၏ လူဦးရေ တစ်ဝက်သည် လည်းကောင်း၊ ဗိုဟီးမီးယားပြည်၏ လူဦးရေ သုံးပုံနှစ်ပုံသည် လည်းကောင်း သေဆုံး၍ မြို့ရွာပေါင်း (၁၅၀၀၀)မျှ ပျက်စီးလေသည်။

ထိုစစ်ကြောင့် ဂျာမနီပြည်သားတို့၏ အိုးအိမ်စည်းစိမ်ပေါင်း သုံးပုံ နှစ်ပုံ ပျက်စီးခဲ့ရ၏။

စစ်ကြီးပြီး၍ ဂျာမနီပြည်ကို ထူထောင်သောအခါ၌ နှစ်ပေါင်းနှစ်ရာ ကြာလေ၏။

## နို့တိုက်သတ္တဝါ

နို့တိုက်သတ္တဝါသည် သားသမီးကို နို့ရည်တိုက်ကျွေး မွေးမြူသော သတ္တဝါဖြစ်၏။ ကျောရိုးရှိ သတ္တဝါအပေါင်းတို့တွင် နို့တိုက်သတ္တဝါသည် အဆင့်အတန်း အမြင့်ဆုံးဖြစ်၏။ လူသည် နို့တိုက်သတ္တဝါတွင် အပါအဝင်ဖြစ်၏။

အခြား နို့တိုက်သတ္တဝါတို့သည် များသောအားဖြင့် ခြေလေးချောင်း တိရစ္ဆာန်များ ဖြစ်ကြသော်လည်း ဝေလငါးကဲ့သို့ တိရစ္ဆာန်မျိုးသည်လည်း နို့တိုက်သတ္တဝါတွင် ပါဝင်၏။ အရွယ်အစားအားဖြင့် ကြွက်မှ ဆင်အထိ ဖြစ်၏။

## တင့်တယ်ခြင်း ၇-ပါး

၁။ မင်းဧကရာဇ်တို့၏ တင့်တယ်ခြင်းကား ပေးကမ်းစွန့်ကြဲခြင်း။

၂။ စာမရီမည်သော သားကောင်တို့၏ တင့်တယ်ခြင်းကား မြီးဆံ။

၃။ ကေသရာဇာမည်သော ခြင်္သေ့တို့၏ တင့်တယ်ခြင်းကား စွမ်းပကားရဲရင့်ခြင်း။

၄။ ဂဠုန်မင်း၏ တင့်တယ်ခြင်းကား စွမ်းပကား။

၅။ ပညာရှင်တို့၏ တင့်တယ်ခြင်းကား ပွဲအလယ်[illegible]အမေး ပုစ္ဆာကို ဖြေဆိုခြင်း။



၆။ သူရဲကောင်းတို့၏ တင့်တယ်ခြင်းကား စစ်မြေပြင်အရပ်၌ ရပ်တန့်နေခြင်း။

၇။ ရသေ့ရဟန်းတို့၏ တင့်တယ်ခြင်းကား မှန်သောစကားကို ပြောဆိုခြင်း။

## စည် ၁၂-မျိုး

မြောက်စည်၊ သံလွင်၊ စည်မြော၊ စည်ကြီး၊ ဒိုးမင်း၊ စည်ဝန်း၊ စည်လေး၊ စည်ပုတ်၊ စည်ပန်းတောင်၊ ပတ်သား၊ တစ်ဖက်စည်၊ စည်အိုင်။

## နီယွန်

နီယွန်သည် ဒြပ်စင်၊ ဓာတ်ငွေ့ဖြစ်၏။ လေထဲ၌ နီယွန် အနည်းငယ်ရှိသည်။ လေအပုံတစ်သန်းတွင် နီယွန်တစ်ဆယ့်ရှစ်ပုံမျှသာပါရှိ၏။ နီယွန်ကို ၁၈၉၈-ခုနှစ်တွင် အင်္ဂလိပ်လူမျိုးဓာတုဗေဒပညာရှင်ကြီး ဆာဝီလျံရမ္ဇေးက လေတွင်ပါရှိသည့် ဓာတ်ငွေ့များကို စုံစမ်းစစ်ဆေးနေစဉ် စတင် တွေ့ရှိခဲ့သည်။

## နေလုံငါး

နေလုံငါးသည် စင်ကရာကီဒီးမျိုးရင်းတွင် ပါသော ရေချိုငါးမျိုးဖြစ်၏။ ဝက်ငါးမျိုးနှင့် နီးစပ်၏။ အမေရိကန်

ပြည်ထောင်စုရှိ ရေချိုရပ်မျိုးတွင် အတွေ့ရများသော ငါးမျိုးဖြစ်၏။ ပင်လယ်မျက်နှာပြင်သို့ တက်၍ နေပူဆာလှုံတတ်သောကြောင့် နေလှုံငါးဟုခေါ်၏။

နေလှုံငါး၏ကိုယ်ခန္ဓာမှာ လုံး၍ အမြီးဝိုင်း၏။ ရုတ်တရက် ကြည့်သော် ခေါင်းသာပါ၍ ကိုယ်လုံးမပါသောငါးဟု ထင်စရာ ဖြစ်၏။

## နတ်ကြီး ၅-ပါး

သူရဿတီ၊ စန္ဒီ၊ ပရမီသွာ၊ မဟာပိန္နဲ၊ ဂေါရမန္တ။

## ဥပါဒ် ၅-မျိုး

လကြတ်ခြင်း၊ နေကြတ်ခြင်း၊ နက္ခတ်ကြတ်ခြင်း၊ ဥက္ကာ ကြတ်ခြင်း၊ မီးလောင်ခြင်း။

## ထေရဝါဒသင်္ဂါယနာများ

| | |
|---|---|
| ပထမသင်္ဂါယနာ | ရာဇဂြိုဟ်ပြည် |
| ဒုတိယသင်္ဂါယနာ | ဝေသာလီပြည် |
| တတိယသင်္ဂါယနာ | ပါဋလိပုတ်ပြည် |
| စတုတ္ထသင်္ဂါယနာ | သီဟိုဠ်ကျွန်း |
| ပဥ္စမသင်္ဂါယနာ | မန္တလေးမြို့ |
| ဆဋ္ဌသင်္ဂါယနာ | ရန်ကုန်မြို့ |



## စင်ပြိုင်သင်္ဂါယနာများ

| | |
|---|---|
| ပထမစင်ပြိုင်သင်္ဂါယနာ | ကောသမ္ဗီပြည် |
| ဒုတိယစင်ပြိုင်သင်္ဂါယနာ | နာလန္ဒ |
| တတိယစင်ပြိုင်သင်္ဂါယနာ | ကုဏ္ဍလဝန (ကသ္မီရ) ဇလန္ဓရ။ |

## နေ,လ ကြတ်ခြင်း

လသည် နေနှင့်ကမ္ဘာအကြားသို့ ရောက်ရှိစဉ် နေကို လကွယ်ထားလျှင် နေကြတ်သည်ဟုခေါ်၏။ နေနှင့် လတို့အကြား သို့ ကမ္ဘာရောက်ရှိစဉ် လ,အပေါ်၌ ကမ္ဘာ၏အရိပ်ကျအောင် ကမ္ဘာက ကွယ်ထားလျှင် လကြတ်သည်ဟုခေါ်၏။

တစ်နှစ်လျှင် နေ ငါးကြိမ်အထိ ကြတ်နိုင်ပြီး နေနှစ်ကြိမ် ကြတ်နိုင်၏။ မကြတ်သည့်နှစ်များလည်းရှိ၏။

## မြောက်နန်းကျောင်းရာဇဝင်

သက္ကရာဇ် ၁၀၂၃-ခုနှစ် နန်းတက်သော ပြည်မင်း လက်ထက် ပြည်မင်းတောင်းပန်၍ မြောက်နန်းကျောင်း ဆရာတော် စီရင်သော ရာဇဝင်ကျမ်းတစ်စောင်ဖြစ်၏။ မြောက်နန်းကျောင်း ဆရာတော်သည် ပြည်မင်းအမတ် နေမျိုးနော်ရထာ၏သား အမတ် မျိုးဖြစ်၏။

## ရန်သူမျိုး ၅-ပါး

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ။

## မိန်းမပျက်အင်္ဂါ ၂၅-ပါး

၁။ လင် အရပ်တစ်ပါးသွားသည်ကို ချီးမွမ်းခြင်း။

၂။ အရပ်တစ်ပါးရောက်နေသောလင်ကို သတိမရခြင်း။

၃။ အရပ်တစ်ပါးမှ ပြန်လာနေသောလင်ကို မနှစ်သက်ခြင်း။

၄။ လင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။

၅။ လင်၏ ကျေးဇူးကို မပြောဆိုခြင်း။

၆။ လင်၏ အကျိုးမဲ့ကို ကျင့်ခြင်း။

၇။ လင်၏ အကျိုးစီးပွားကို မကျင့်ခြင်း။

၈။ လင်အား မပြုအပ်သည်ကို ပြုခြင်း။

၉။ လင်အား ပြုအပ်သည်ကို မပြုခြင်း။

၁၀။ အဝတ်ကို မြဲစွာဝတ်၍ အိပ်ခြင်း။

၁၁။ လင်ကို ကျောပေး၍ အိပ်ခြင်း။

၁၂။ ကပြောင်းပြန်ပြန် လူးလဲတတ်ခြင်း။



၁၃။ အုတ်အုတ်ကျက်ကျက်ဖြစ်၍ ရှည်စွာ ထွက်သက် ဝင်သက်ကို ဖြစ်စေခြင်း။

၁၄။ ဆင်းရဲဝေဒနာကို ကြားတတ်ခြင်း။

၁၅။ ကျင်ကြီးကျင်ငယ် မကြာခဏ သွားတတ်ခြင်း။

၁၆။ ဖောက်ပြန်သော အကျင့်ကို ကျင့်တတ်ခြင်း။

၁၇။ ယောက်ျားတစ်ဦး၏အသံကြားက နားစွင့်တတ်ခြင်း။

၁၈။ စည်းစိမ်ဥစ္စာကို ဖျက်ဆီးတတ်ခြင်း။

၁၉။ အိမ်နီးချင်းယောက်ျားတို့နှင့် ကိလေသာဖြင့် ပေါင်းဖက်ခြင်း။

၂၀။ ထွက်သွားသောခြေ ရှိခြင်း။

၂၁။ ညအခါ အပြင်ထွက်ခြင်း။

၂၂။ သယောင် လင်စောင်ထားခြင်း။

၂၃။ လင်ကို မရိုသေခြင်း

၂၄။ အင်္ဂါကြီး,ငယ် ပြတတ်ခြင်း။

၂၅။ ထိုထိုဤဤ သွား၍ ကြည့်တတ်ခြင်း။

## အတွင်း ၃၇-မင်း

၁။ သိကြား
၂။ မဝေရန္ဒ
၃။ ဝိရုဠ္ဍက
၄။ ဝိရူပက္ခ
၅။ ကုဝေရ
၆။ ဇမ္ဗူဒီပ
၇။ ဇမ္ဗူတံဆိပ်
၈။ ဇမ္ဗူချမ်းသာ
၉။ ဇမ္ဗူကျက်သရေ
၁၀။ ဇမ္ဗူသပြေ
၁၁။ ဇမ္ဗူတန်ဆောင်
၁၂။ ဇမ္ဗူတမွတ်
၁၃။ ဇမ္ဗူရန်အောင်
၁၄။ ရွှေသက်စိုး
၁၅။ ဗျသိဂိ
၁၆။ မဟောသရ
၁၇။ ရွှေပြည်သင်
၁၈။ ရွှေညိုသင်
၁၉။ ရွှေစကား
၂၀။ ပွဲစားကြီး
၂၁။ ခရားပင်စောင့်
၂၂။ အင်ကြင်းပင်စောင့်
၂၃။ ယင်းနှစ်
၂၄။ အာဋ္ဌာဝက
၂၅။ ကြေးစန္ဒီ
၂၆။ ကြောစန္ဒီ
၂၇။ ဆင်ဖြူရှင်
၂၈။ ဆွေယ်သင်
၂၉။ ပက်ပသင်
၃၀။ မြင်းဖြူရှင်
၃၁။ မာရ်နတ်
၃၂။ မန်ကျည်းပင်စောင့်
၃၃။ သူရဿတီ
၃၄။ ငွေယ်သင်
၃၅။ တုံသင်းကြီး
၃၆။ မဟာပိန္နဲ
၃၇။ ရွှေမြို့ရှင်



## အပြင် ၃၇-မင်း

၁။ မဟာဂိရိ
၂။ တောင်ကြီးရှင်
၃။ ရွှေနပေ
၄။ သုံးပန်လှ
၅။ မင်းခေါင်ကြီး
၆။ မင်းတရားကြီး
၇။ သံတော်ခံ
၈။ ရွှေနော်ရထာ
၉။ အောင်စွာမကြီး
၁၀။ ငါးစီးရှင်
၁၁။ ဆင်ဖြူရှင်
၁၂။ တောင်မကြီး
၁၃။ မြောက်မင်းရှင်ဖြူ
၁၄။ ရှင်တော်
၁၅။ ဗျသိဂိ
၁၆။ မဟောသရ
၁၇။ ညောင်ချင်းအို
၁၈။ တပင်ရွှေထီး
၁၉။ မင်းရဲအောင်ထင်
၂၀။ ရွှေစစ်သင်
၂၁။ ယွန်းဘုရင်
၂၂။ မောင်မင်းဖြူ
၂၃။ မန္တလေးဘိုးတော်ကြီး
၂၄။ ရွှေဖျင်းကြီး
၂၅။ ရွှေဖျင်းလေး
၂၆။ မင်းသားမောင်ရှင်
၂၇။ ထီးဖြူစောင်း
၂၈။ သားတော်မင်းခေါင်
၂၉။ မယ်တော်ရွှေအိမ်စီ
၃၀။ မင်းစည်သူ
၃၁။ ဘိုးမင်းကျော်
၃၂။ မြောက်ဘက်ရှင်မ
၃၃။ အနောက်မိဖုရား
၃၄။ ရှင်ကုန်း
၃၅။ ရှင်ကွ
၃၆။ ရှင်နဲမိ
၃၇။ တိုးကျောင်းသား

## မချစ်သင့်သောမိန်းမ ၅-ယောက်

၁။ အလွန်အဆင်းလှသော မိန်းမ။

၂။ များစွာသောသူတို့ ချစ်ခင်နှစ်သက်သောမိန်းမ။

၃။ ကခြင်း၊ ဆိုခြင်း၌ ဝါသနာထုံသောမိန်းမ။

၄။ သူတစ်ပါး၏ မယား။

၅။ ပစ္စည်းဥစ္စာတို့ကြောင့် မိမိကို ဆည်းကပ်လာသော မိန်းမ။

## မပေါင်းအပ်သော မိန်းမများ

- လောဘကြီးသော မိန်းမ
- အပြောင်းအလဲမြန်သော မိန်းမ
- ကျေးဇူးမသိတတ်သော မိန်းမ
- ကျေးဇူးဆပ်ရမည်ကို မသိသောမိန်းမ
- လင်ယောကျ်ားကို ပြစ်မှားတတ်သောမိန်းမ
- ဆွေမျိုးတို့ကိုစွန့်၍ လင်နောက်လိုက်သောမိန်းမ
- ယုတ်မာသောအကျင့်၌ မရှက်သောမိန်းမ
- လင်ကိုစွန့်သွားသော မိန်းမ။



## ပညာမဲ့သူ အင်္ဂါ ၄-ပါး

၁။ နှုတ်မစောင့်သောစကားရှိခြင်း။

၂။ မဖုံးလွှမ်းအပ်သော အတိုင်အပင်ရှိခြင်း။

၃။ ကိုယ်၊နှုတ်၊ နှလုံးကို စောင့်ထိန်းခြင်း၌ မစွမ်းနိုင်ခြင်း။

၄။ လျှို့ဝှက်အပ်သော အတိုင်အပင်ကို စောင့်စည်းနိုင်အံ့သူ၊ မစောင့်စည်းနိုင်သူကို စုံစမ်းခြင်း၌ မစွမ်းနိုင်ခြင်း။

## မိန်းမတို့ မရောင့်ရဲခြင်း ၃-ပါး

၁။ မေထုန်အကျင့်

၂။ သားဖွားခြင်း

၃။ တန်ဆာဆင်ခြင်း

## မိန်းမတို့ လင်ကို မထီမဲ့မြင်ပြုခြင်းအကြောင်း ၈-ပါး

၁။ ဆင်းရဲခြင်း

၂။ ရောဂါနှိပ်စက်ခြင်း

၃။ အိုမင်းခြင်း

၄။ အရက်သောက်ခြင်း

၅။ အလွန်တွေဝေခြင်း

၆။ အရက်မူးပြီးယစ်ခြင်း

၇။ အရာအားလုံး၌ မယားအလိုသို့လိုက်ခြင်း

၈။ မိန်းမအား အလုံးစုံသောဥစ္စာကို ပေးခြင်း။

## မိန်းမတို့ ဝါသနာ ၉-ပါး

၁။ ပန်းအရံ အစရှိသည့်တို့ သွားလေ့ရှိခြင်း။

၂။ ဥယျာဉ်သို့ သွားလေ့ရှိခြင်း။

၃။ မြစ်ဆိပ်သို့ သွားလေ့ရှိခြင်း။

၄။ ဆွေမျိုးမိဘအိမ်သို့ သွားလေ့ရှိခြင်း။

၅။ သူတစ်ပါးအိမ်သို့ သွားလေ့ရှိခြင်း။

၆။ မှန်ကြည့်ခြင်း၊ အဝတ်တန်ဆာဆင်ခြင်း၌ လုံ့လပြုခြင်း။

၇။ သေအရက် သောက်လေ့ရှိခြင်း။

၈။ လေသာပြတင်းပေါက်မှ မျှော်လင့်ရှိခြင်း။

၉။ မိမိ၏အင်္ဂါကြီးငယ်တို့ကို ပြလျက် အရာအကြောင်း မဟုတ်သည်၌ တည်လေ့ရှိခြင်း။

## ကမ္ဘာ့အကြီးဆုံးသဲကန္တာရ

ကမ္ဘာမြေကြီး၏ ရှစ်ပုံတစ်ပုံခန့်မှာ ခြောက်သွေ့သော သဲကန္တာရဒေသများ ဖြစ်သည်။ အဆိုပါ သဲကန္တာရများ၏ စုစုပေါင်း တစ်နှစ်တာ မိုးရေချိန်မှာ ၁၀လက်မခန့်သာ ရှိသောကြောင့် သဲကန္တာရဒေသမှာ နှစ်စဉ် တဖြည်းဖြည်း ကျယ်ပြန့်



လျက် ရှိသည်။ မည်သည့်သဲကန္တာရများ မည်သို့ပင် ကျယ်ပြန့်ပါစေ ဆာဟာရကန္တာရကြီး၏ ဧရိယာကိုမူ မီနိုင်မည် မဟုတ်တော့ပေ။

အာဖရိတိုက် မြောက်ပိုင်းရှိ ဆာဟာရသဲကန္တာရကြီးသည် အရှေ့ အနောက် မိုင်ပေါင်း ၃၂၀၀ ရှည်လျားပြီး တောင် - မြောက်အရှည်မှာ ၁၄၀၀ ခန့် ရှည်လျား၍ တဖြည်းဖြည်း ပိုမိုကျယ်ပြန့်လျက်ရှိသည်။

## နော်မာန်ဒီတိုက်ပွဲ

နော်မန်ဒီတိုက်ပွဲသည် ကမ္ဘာ့သမိုင်းတွင် ကြည်း၊ ရေ၊ လေတပ်တို့ဖြင့် အကြီးကျယ်ဆုံး စစ်ဆင်သောတိုက်ပွဲဖြစ်၏။ ဂျာမန်လက်အောက်သို့ ကျရောက်နေသော ပြင်သစ်၊ ဘယ်ဂျီယမ်နှင့် ဟော်လန်နိုင်ငံတို့ကို ကယ်တင်ရန် ဂျာမနီနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်၍ အနောက်မြောက် ဥရောပတိုက် လွတ်မြောက်ရေးအတွက မဟာမိတ်တို့သည် ၁၉၄၄-ခုနှစ်၊ ဇွန်လ (၆)ရက်နေ့သို့ ကျရောက်မှပင် ကြည်း၊ ရေ၊ လေတပ်တို့ဖြင့် တစ်ဟုန်တည်း ထိုးစစ်ဆင်နိုင်ခဲ့သည်။

ထိုသို့ ထိုးစစ်ဆင်ရာ၌ ဥရောပတိုက်ကို ဝင်၍ နော်မာန်ဒီနယ်မှ အစပြု၍ဝင်ရသဖြင့် နော်မာန်ဒီတိုက်ပွဲဟု စစ်သမိုင်း၌ တွင်ခဲ့သည်။

## မှန်နန်းရာဇဝင်

မှန်နန်းရာဇဝင်တော်ကြီးကို ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရား လက်ထက် မြန်မာသက္ကရာဇ် ၁၁၉၁-ခုနှစ်၊ ခရစ်နှစ် ၁၈၃၉-ခုနှစ်တွင် ဘုရင်မင်းမြတ်ဖြစ်သော ဘကြီးတော်ဘုရား ကိုယ်တိုင်ပြုစုခဲ့သည်။

### အိပ်ရာဝင်နောက်ကျသော တိုင်းပြည်များ

| တိုင်းပြည် | ည၁၂နာရီနောက်ပိုင်း | ည၁နာရီနောက်ပိုင်း |
|---|---|---|
| ပေါ်တူဂီ | ၇၅% | ၂၈% |
| တရုတ်(တိုင်ပေ) | ၆၉% | ၃၅% |
| ကိုရီးယား | ၆၈% | ၂၅% |
| ဟောင်ကောင် | ၆၆% | ၃၁% |
| စပိန် | ၆၅% | ၂၀% |
| ဂျပန် | ၆၀% | ၂၆% |
| စင်ကာပူ | ၅၄% | ၁၄% |
| မလေးရှား | ၅၄% | ၁၄% |
| ယိုးဒယား | ၄၃% | ၁၉% |
| အီတလီ | ၃၉% | ၁၀% |



### မနက်စောစောထ,တဲ့ တိုင်းပြည်များ

| တိုင်းပြည် | ည၁၂နာရီနောက်ပိုင်း |
|---|---|
| အင်ဒိုနီးရှား | ၇၂% |
| ဗီယက်နမ် | ၅၅% |
| ဖိလစ်ပိုင် | ၄၁% |
| ဒိန်းမတ် | ၂၁% |
| ဂျာမနီ | ၂၉% |
| ဩစတြေးယား | ၂၅% |
| အိန္ဒိယ | ၂၄% |
| ဂျပန် | ၂၁% |
| ဖင်လန် | ၂၀% |
| နော်ဝေး | ၂၁% |

### အသက်အငယ်ဆုံးစစ်ဘုရင်

မင်းရဲကျော်စွာသည် အင်းဝဘုရင် ပထမမင်းခေါင်နှင့် မိဖုရား ရှင်မိနောင်တို့၏ သားတော်ဖြစ်၍ ၇၅၂-ခုနှစ်တွင် ဖွားမြင်၍ အသက် (၁၃)နှစ်အရွယ်ကပင် စစ်ဘုရင်ဖြစ်ခဲ့သည်။ ၇၇၂-ခုနှစ်မှ ၇၇၈-ခုနှစ်အထိ အသက် (၂၆)နှစ် ကွယ်လွန်သည့်

အချိန်အထိ (၆)နှစ်လုံးလုံး စစ်အဆက်မပြတ် တိုက်ခိုက်ခဲ့၏။ အသက်အရှုံးနှင့် ရဲစွမ်းသတ္တိကြောင့် ကမ္ဘာတွင် အသက်ငယ်ဆုံး စစ်ဘုရင်ဖြစ်ခဲ့သည်။

## မိဒလူမျိုး

ရှေးက အာရှတိုက် အနောက်ပိုင်းတွင် တန်ခိုးကြီးမားခဲ့သော လူမျိုးတစ်မျိုးမှာ မိဒလူမျိုးဖြစ်၏။ ပါရှင်းလူမျိုးများကဲ့သို့ အင်ဒို၊ ဥရောပလူမျိုး အဆက်အနွယ်များ ဖြစ်ကြ၏။ ယခုကာလ ဥရောပတိုက်သား အားလုံးသည် ရဟူဒီလူမျိုးမှ တစ်ပါး မိဒလူမျိုးမှ ဆင်းသက်လာကြသည်။ မိဒလူမျိုးတို့၏ နေရာမှာ ယခု အီရန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသဖြစ်၏။

## အဲလဖရက် ဗားနာနိုဗဲ

ဆွီဒင်လူမျိုး ဓာတုဗေဒပညာရှင် အဲလဖရက်ဗားနာနိုဗဲကို ၁၈၃၃-ခုနှစ် အောက်တိုဘာလ ၂၁-ရက်နေ့တွင် ဖွားမြင်၏။

၁။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းသူ
၂။ ထူးချွန်သော စာရေးဆရာ
၃။ ရူပဗေဒတွင် ရှာဖွေတီထွင်နိုင်သူ
၄။ ဓာတုဗေဒတွင် ရှာဖွေတီထွင်နိုင်သူ



၅။ ဆေးပညာ (သို့မဟုတ်) ဇီဝဗြိလိုဂျီတွင် ရှာဖွေတီထွ နိုင်သူတို့အား နိုဗဲလ်ဆုများ လျာဒါန်း စတင်ဖော်ထုဝ သဖြင့် ယနေ့ ကမ္ဘာတွင် နိုဗဲလ်ဆုများ ပေါ်ထွက်ခဲ့၏

## မြစေတီကျောက်စာ

ပုဂံမြို့ တောင်ဘက် မြင်းကပါရွာရှိ မြစေတီဘုရား အနီး၌ တွေ့ခဲ့သည်ကို အကြောင်းပြု၍ မြစေတီကျောက်စာဟု အမည်တွင်လျက်ရှိသော ကျောက်စာကား ရှေးပုဂံခေတ်ဟောင်းတွင် ရေးထိုးသော ကျောက်စာများအနက် လက်ဦးကျရုံမကဘဲ သမိုင်းနှင့် စာပေတို့ကို ခန့်မှန်းသုံးသပ်ရာ၌ အထောက်အကူပြုသောကြောင့် အလေးတမူ ဂရုပြုကာ အရေးထားအပ်သော ကျောက်စာဖြစ်၏။

ယင်းကျော်စာကို ဂူပြောင်ကြီးကျောက်စာဟုလည်း ခေါ်၏။ ကျောက်စာတိုင် တစ်တိုင်တွင် လေးမျက်နှာရှိရာ တစ်မျက်နှာလျှင် ဘာသာတစ်မျိုးစီ ရှိလျက် ပါဠိ, မြန်မာ, မွန်နှင့် ပျူစာ လေးမျိုး ရေးထိုးထား၏။

## မံမီရုပ်အလောင်း

ရှေးအီဂျစ် လူမျိုးတို့သည် လူတစ်ဦး တစ်ယောက် သေဆုံးသွားသောအခါ၌ ထိုသူ၏ ရုပ်အလောင်း မပျက်မစီး

မပုပ်မသိုးမှသာလျှင် သေသူ၏ အသက် ဝိညာဉ်သည် နောင်အခါ၌ ကြွင်းကျန်ခဲ့သော မိမိရုပ်အလောင်းထံသို့ ပြန်ဝင် အသက်ရှင်လိမ့်မည်ဟု ယုံကြည်ကြသည်။

ယုံကြည်သည့်အတိုင်း ရုပ်အလောင်းကို မပုပ်မသိုးဘဲ ကြာမြင့်စွာ တည်တံ့နိုင်စေမည့် နည်းအမျိုးမျိုးကို ရှာဖွေခဲ့ကြ၏။

အဆီ၊ သစ်စေး၊ အမွှေး၊ အထုံ စသောဆေးများဖြင့် လူသေရုပ်အလောင်းကို သုတ်လိမ်းပြီးလျှင် ပိတ်အပိုင်းအရှည်ကြီးဖြင့် ဦးခေါင်းမှ ခြေဖျားတိုင်အောင် ရစ်ပတ်ကျပ်စည်းကြ၏။ ထိုသို့ မပုပ်မသိုးအောင် ကျပ်စည်းထားသော ရုပ်အလောင်းကို မံမီရုပ်ဟုခေါ်၏။

## နတ် ၃-မျိုး

၁။ ဝိသုဒ္ဓိနတ်=ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ။

၂။ ဥပပတ္တိနတ်=နတ်ပြည်၊ ဗြဟ္မပြည်များ၌ ဖြစ်သော နတ်များ။

၃။ သမုတိနတ်=မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်များ။



## ခင်ပွန်းကြီး (၁၀)ပါး မပြစ်မှားခြင်းအကျိုးများ

- မျက်နှာမြင် ချစ်ခင်၊ အသံကြား သနားဆိုသည့်ဆုနှင့် ပြည့်စုံ၏။
- ရန်သူမျိုးငါးပါးတို့၏ အန္တရာယ်မှ လွတ်ကင်း၏။
- မျက်နှာကြည်လင် စိတ်ကောင်းဝင်လျက် နေရတတ်၏။
- သူတစ်ပါးတို့ ပူဇော်သက္ကာရပြုခြင်း ခံရ၏။
- မိမိကို သူတစ်ပါးတို့က ရိုသေစွာ ဆက်ဆံ၏။
- ခန့်ညား ရှိသေ၏။
- ခြွေရံသင်းပင်းတို့ တစ်နေ့တစ်ခြား တိုးပွားစည်ပင်၏။
- အလုပ်အကိုင် အကြံအစည် ထမြောက်အောင်မြင်၏။
- ဆွေလယ် မျိုးလယ်တို့ အလယ်၌ တင့်တယ်၏။ ဩဇာရှိ၏။

## စစ်ထိုးခြင်း ၆-ပါး

၁။ ဒွိဇာဓိပ ခေါ် ဂဠုန်တောင်ကဲ့သို့ စစ်ထိုးခြင်း။

၂။ ဥသဘ ခေါ် နွားလားဥသဘကဲ့သို့ စစ်ထိုးခြင်း။

၃။ မကရ ခေါ် မကန်းကွက်ကဲ့သို့ စစ်ထိုးခြင်း။

၄။ ဝါရိဝေဂ ခေါ် ရေယဉ်ဆင်းသကဲ့သို့ စစ်ထိုးခြင်း။

၅။ ခနက ခေါ် လေးပြင်းထန် လေးညှို့ပြန်ကဲ့သို့ စစ်ထိုးခြင်း။

၆။ သုဇဂ ခေါ် မြွေတွားကဲ့သို့ စစ်ထိုးခြင်း။

## စစ်ခံခြင်း ၆-ပါး

၁။ နဒီစရဇ္ဈုဟာ ခေါ် ရင်ပေါင်တန်းငှက်ကဲ့သို့ စစ်ခံခြင်း။

၂။ သကဋဇ္ဈုဟာ ခေါ် လှည်းဦးကင်းကဲ့သို့ စစ်ခံခြင်း။

၃။ ဓက်ပါဒဇ္ဈုဟာ ခေါ် ကျီးခြေကဲ့သို့ စစ်ခံခြင်း။

၄။ ဝိစ္ဆိကဇ္ဈုဟာ ခေါ် ကင်းလက်မကဲ့သို့ စစ်ခံခြင်း။

၅။ မဇုပတ္တနဇ္ဈုဟာ ခေါ် ပျားလပို့ကဲ့သို့ စစ်ခံခြင်း။

၆။ ဥဒ္ဓဇ္ဈုဟာ ခေါ် ခုံလောက်ကဲ့သို့ စစ်ခံခြင်း။

## သည်းခံခြင်းအကျိုး ၇-ပါး

၁။ လူချစ်လူခင်ခြင်း။

၂။ ရန်သူ မရှိခြင်း။

၃။ အပြစ် မရှိခြင်း။

၄။ သိမ်မွေ့ နူးညံ့ခြင်း။

၅။ နှလုံးသားရွှင်လန်းခြင်း။

၆။ မတွေမဝေ သေရခြင်း။

၇။ သေပြီးနောက် နတ်ရွာသုဂတိလားရခြင်း။

## အမျက်ထွက်ခြင်း ၇-ပါး

၁။ လူမုန်းများခြင်း။

၂။ ရန်သူများခြင်း။



၃။ အပြစ်များခြင်း။

၄။ ကြမ်းကြုတ်ခက်မာခြင်း။

၅။ နှလုံးမသာမယာဖြစ်ခြင်း။

၆။ တွေဝေပြီးသေရခြင်း။

၇။ သေပြီးနောက် အပါယ်လေးပါး ရောက်ရခြင်း။

## အကုသိုလ် ကံကြီး ၄-ပါး

၁။ စေတီယမင်း၏ မုသာဝါဒကံ။

၂။ ကောလိယ၏ အရိယာကို ပြစ်မှားသည့် အရိယူပဝါဒကံ။

၃။ အဆွေခင်ပွန်းကို ပြစ်မှားသော မုဆိုး၏ မိတဒုဗ္ဘိကံ။

၄။ ဒေဝဒတ်ကဲ့သို့ ကျေးဇူးကို မသိတတ်သော အကတညုတကံ။

## အန္တရကပ် ၃-ပါး

၁။ သတ္တဝါတို့အား ရာဂများလွန်သောအခါ ငတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခရကပ် ဆိုက်ရောက်လာ၏။

၂။ သတ္တဝါတို့အား ဒေါသများလွန်သောအခါ လက်နက်သတ္တန္တရကပ် ဆိုက်ရောက်လာ၏။

၃။ သတ္တဝါတို့အား မောဟများလွန်သောအခါ အနာရောဂါဘေး ရောဂန္တရကပ် ဆိုက်ရောက်လာ၏။

## ကမ္ဘာပျက်ခြင်း ၃-မျိုး

၁။ သတ္တဝါတို့အား ရာဂများလွန်သောအခါ ဤကမ္ဘာကြီးသည် ရေကြောင့် ပျက်စီး၏။

၂။ သတ္တဝါတို့အား ဒေါသများလွန်သောအခါ ဤကမ္ဘာကြီးသည် မီးကြောင့် ပျက်စီး၏။

၃။ သတ္တဝါတို့အား မောဟများလွန်သောအခါ ဤကမ္ဘာကြီးသည် လေကြောင့် ပျက်စီး၏။

## မတည့်သောအစာများ

စောင်းလျားသီးနှင့် ချောကလက်၊ ဖားသားနှင့် မှို၊ ငါးသေတ္တာနှင့် ကြောင်လျာသီး၊ မင်းဂွတ်သီးနှင့် သကြား၊ လယ်ဂဏန်းနှင့် မှို၊ ချင်းသုတ်နှင့် ရေခဲမုန့်၊ ဖရဲသီးနှင့် ဘဲဥ (အော့အန်)၊ ငှက်ပျောသီးနှင့် ထန်းသီး၊ အမဲသားနှင့် ခရု၊ ပျားရည်နှင့် အုန်းသီး၊ သခွားသီးနှင့် ရေခဲချောင်း (ရင်ကြပ်)၊ နွားနို့နှင့် သံပုရာသီး၊ ရေခဲချောင်းနှင့် ပွေးသီး၊ ဂျင်းနှင့် ခိုသား၊ ကြက်သားနှင့် ကြက်ဟင်းခါးသီး (အော့အန်)၊ မှိုနှင့် နွားနို့၊ ချောကလက်နှင့် ပဲမြစ်၊ စိမ်းစားဥနှင့် ရေခဲချောင်း (ရင်ကြပ်)၊ ညှစာသီးနှင့် ပျားရည်၊ ဆီးသီးနှင့် စားတော်ပဲ (ဝမ်းလျော)၊ ဝက်သားနှင့် ထန်းရည်။



## မြည်ရွာအပြား

၁။ မင်းအဆိုးရ၏ အာဏာစက်နှံ့ရာ တိုင်းနိုင်ငံ ရဋ္ဌ။

၂။ မင်းအိမ် နန်းတော်တည်ရာ နေပြည်တော် ပူရီ။

၃။ အောက်ဆုံးမြို့အုပ်၊ မြို့ပိုင်ရုံးရှိ ဈေးရှိသောမြို့ နာဂရ။

၄။ ခရိုင်ဝန်မင်းတစ်ပိုင်၊ တိုင်းမင်းကြီးတစ်ပိုင် ခရိုင်စု ဇနပဒ။

၅။ ဈေးရှိသောရွာကြီး ဂါမ။

၆။ ဈေးမရှိသောရွာငယ် နိဂမ။

## ဆာအိုင်အပ်နျူတန်

နျူတန်ကို ၁၆၄၂-ခုနှစ်၊ ဒီဇင်ဘာလ (၂၅)ရက်နေ့တွင် အင်္ဂလန်ပြည် လင်းကွန်းရှိုင်းယားရှိ ဝူစသောရွာ၌ ဖွားမြင်သည်။ လယ်သမားမိဘနှစ်ပါးမှ ဖွားမြင်၏။ နျူတန်၏ အဖေသည် မမွေးခင် သုံးလခန့်က ကွယ်လွန်သွား၏။

နျူတန်သည် အတန်းစာတွင် သချင်္ချာမှလွဲ၍ အညံ့ဆုံးကျောင်းသားတစ်ယောက် ဖြစ်သည်။ မိခင်မုဆိုးမကြီးကို ကူညီရန်သဖြင့် လယ်ယာအလုပ်တို့ကို ဝိုင်းဝန်းကူညီပေးသော်လည်း စိတ်ပါဝင်စားခြင်းမရှိပေ။ နျူတန်သည် နာမည် သတင်းကျော်ကြားမှုကို စက်ဆုပ်၏။ ၁၇၂၇-ခုနှစ် မတ်လ(၂၀)ရက်နေ့တွင် နျူတန် ကွယ်လွန်၏။

## ပထမပြန်စာမေးပွဲ

ပထမပြန်စာမေးပွဲကို အင်းဝမြို့ ညောင်ရမ်းမင်းဆက် သုံးဆက်တွင် သုံးဆက်မြောက် သာလွန်မင်းတရားကြီး လက်ထက် သက္ကရာဇ် (၁၀၀၀)ပြည့်နှစ်တွင် စတင်ကျင်းပခဲ့သည်။ ထိုစဉ်က ပထမပြန်စာမေးပွဲတွင် ပြဋ္ဌာန်းထားသော ကျမ်းစာတိုင်းအတွက် မေးခွန်းတစ်မျိုးတည်းထားကာ အမှတ် အနည်းအများအလိုက် ခွဲကာ ပထမငယ်, ပထမလတ်, ပထမကြီး အောင်ဟူ၍ ခွဲခြား၏။

သက္ကရာဇ် ၁၂၇၅-ခုနှစ် အင်္ဂလိပ်မင်းတို့ လက်ထက် မှစတင်၍ (က) ပထမငယ်တန်း၊ (ခ) ပထမလတ်တန်း၊ (ဂ) ပထမကြီးတန်း၊ (ဃ) ပထမကျော်တန်းဟူ၍ လေးတန်းခွဲကာ ဖြေဆိုစေ၏။ သက္ကရာဇ် ၁၂၉၉-ခုနှစ်မှ စတင်ကာ ပထမပြန် စုံစမ်းစစ်ဆေးရေးကော်မတီ ပေါ်လာပြီး စာချတန်းတိုးလာခဲ့ သည်။ သက္ကရာဇ် ၁၃၁၂-ခုနှစ်တွင် ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေ ပြဋ္ဌာန်း၍ စာချတန်းစာမေးပွဲကို ပထမပြန်နှင့် မတူစေဘဲ သီးခြားခွဲထုတ်၍ ဖြေဆိုခဲ့သည်။

## စုန်း (၇)မျိုး

ဆင်ကွပ်စုန်း၊ နဖားတပ်စုန်း၊ ရွာသူစုန်း၊ ရွာသမီးစုန်း၊ ကဝေစုန်း၊ အိမ့်တလိမ့်စုန်း၊ ဇောဂီနီစုန်း။



## ကောင့်လီယို တော်စတွိုင်း

ရုရှားစာပေသမိုင်းတွင် အထင်ရှားဆုံး အကျော်ကြားဆုံး ဖြစ်သော ဂန္ထဝင် သမိုင်းစာပေပညာရှင်ကြီးကို တူးလာနယ်ယာ စနာယာပမလျာနာ ကျေးရွာတွင် ပီတာကေရာဇ်ဘုရင် လက်ထက် ခရစ်နှစ် ၁၈၂၈-ခုနှစ်တွင် မွေးဖွားခဲ့သည်။ သူ၏ မိသားစုသည် ချမ်းသာကြွယ်ဝသော မှူးမတ်မျိုးရိုးဖြစ်၏။

သူ၏ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားစေမည့် "စစ် နှင့် ငြိမ်းချမ်းရေး"ဟူသော ဝတ္ထုကို ရုရှားနိုင်ငံကို ပြင်သစ်ဘုရင် နပိုလီယံက ကျူးကျော် တိုက်ခိုက်သည့် ခေတ်နှင့် ယှဉ်၍ ရုရှားအမျိုးသားအိမ်ထောင်စု နှစ်ခုတို့၏ ဘဝအခြေအနေကို လူ့ သမိုင်းတစ်ရပ်အနေဖြင့် တင်ပြသွားသည်။

၁၉၀၁-ခုနှစ်တွင် ရုရှားဂရိတ်ချာ့ခ်၏ ခရစ်ယာန်ဂိုဏ်းတို့က တော်စတွိုင်းကို သာသနာရေးအရ ကြဉ်လေသည်။ ၁၉၁၀- ပြည့်နှစ်၌ တော်စတွိုင်းသည် မိမိ၏ဇနီးအိမ်မှ ခြေဦးတည်ရာသို့ သွားမည်ဟု ထွက်ခွာလာရာ တာပိုဗိုဟူသော မီးရထားဘူတာရုံ အရောက်တွင် သေဆုံးလေသည်။

## အင်းကျိုးခြင်း ၇-ပါး

၁။ အင်းစီရင်သောအခါ နေရာလွဲပြောင်းခြင်း။

၂။ အင်းစီရင်သောအခါ စကားပြောဆိုခြင်း။

၃။ လူလွဲပြောင်း၍ စီရင်ခြင်း။

၄။ စီရင်၍မပြီးမီ အခြားတစ်ပါးသို့ထ,သွားခြင်း။

၅။ အင်းအုံပျက်ခြင်း။

၆။ အင်းပေါက်ရွေ့ခြင်း။

၇။ စတုရန်လေးဖက်မှ ဝိုင်းမိအောင် မတားမူ၍ စဉ်အတိုင်း တားခြင်း။

## အင်းကန်းခြင်း ၇-ပါး

၁။ နက္ခက်မမှန်ခြင်း။

၂။ အသွားမမှန်ခြင်း။

၃။ အက္ခရာဂဏန်း မညီညွတ်ခြင်း။

၄။ အက္ခရာဂဏန်း အသွားအလှည့် မမှန်ခြင်း။

၅။ အင်းစီရင်သူ၏ မသန့်ရှင်းခြင်း။

၆။ ကိုယ်ဝန်ဆောင်မိန်းမ စသော မသန့်ရှင်းသူတို့ ကိုင်တွယ်ခြင်း။

၇။ ဂါထာဗန္ဓ မမှန်ခြင်း။

## အင်းပေါက်ခြင်း ၇-ပါး

၁။ အင်းပေါက်၍ မထိခြင်း။

၂။ အင်းဘောင်လွန်ခြင်း။



၃။ အင်းချိ မမှန်ခြင်း။

၄။ အင်းဆံသွင်သော အက္ခရာဂဏန်းနှင့် အင်းပေါင် အရေး အသားထိခြင်း။

၅။ အက္ခရာဂဏန်း မပီသခြင်း

၆။ အင်းအက္ခရာ အကွက်မညီညွတ်ခြင်း။

၇။ ဂဏန်းအက္ခရာ ထောင့်မကိုက်ခြင်း။

## အမေရိကန် သမ္မတများနှင့် ဂြိုဟ်ကြီး ၂၈-လုံး

၁။ ၁၈၄၀-ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ် တို့သည် မကာရရာသီတွင် ဆုံမိကြစဉ် သမ္မတ ဝီလီယံဟင်နရီ ဟာရစ်ဆင် (William Harrison)သည် နမိုးလီးယား ရောဂါဖြင့် သေဆုံး။

၂။ ၁၈၆၀-ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ် တို့သည် ကန်ရာသီ အပျိုကညာရုပ်ထဲတွင် ဆုံမိကြစဉ် သမ္မတလင်ကွန်း (Lincoln) သည် ဒုတိယသမ္မတသက်တမ်း တွင် လုပ်ကြံခံရ။

၃။ ၁၈၈၀-ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် ပြိဿရာသီ နွားထီးရုပ်ထဲ၌ ဆုံမိကြစဉ် သမ္မတ ဂျိန်းအေဂါဖီ (James A Grafield) သည် လုပ်ကြံခံရ။

၄။ ၁၉၀၈-ခုနှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် မကာရရာသီ မကာန်းရုပ်ထဲ၌ ဆုံမိစဉ် သမ္မတ ဝီလီယံမက်ကလေး (Wlliam Mckinley) လုပ်ကြံခံရ။

၅။ ၁၉၂၀-ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် ကန်ရာသီ အပျိုကညာရုပ်၌ ဆုံမိကြစဉ် သမ္မတ ဝါရင်းဂျီဟာဒင်း (Warren G - Harding) လုပ်ကြံခံရ။

၆။ ၁၉၄၀-ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် ပြိဿရာသီ နွားထီးရုပ်ထဲ၌ဆုံကြစဉ် သမ္မတရူးစဗဲ့ (Roo Sevelt) လုပ်ကြံခံရ။

၇။ ၁၉၆၀-ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် မကာရရာသီ မကာန်းရုပ်ထဲ၌ ဆုံမိကြစဉ် သမ္မတ ကနေဒီ (Kennedy) လုပ်ကြံခံရ။

၈။ ၁၉၈၀-ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် ကန်ရာသီ အပျိုကညာရုပ်ထဲ၌ ဆုံမိကြစဉ် သမ္မတ ရေဂင် (Reagan) လုပ်ကြံခံရ။



## သာသနာပြုခြင်းဆိုတာ

သာသနာပြုခြင်းက နှစ်မျိုးရှိပါတယ်။

၁။ သာသနာ တည်တံ့အောင် ပြုခြင်း

၂။ သာသနာပြန့်ပွားအောင် ပြုခြင်း။

ဒီနှစ်မျိုးထဲမှာ ...

မြတ်စွာဘုရားရှင် ဟောကြားဆုံးမတော်မူခဲ့သော သီလ၊ သမာဓိ၊ ပညာတွေကို မိမိသန္တာန်မှာ တည်တံ့အောင် ခိုင်မြဲအောင် အရင်ဆုံးလုပ်ဆောင်ရပါတယ်။ အဲဒီလို မိမိသန္တာန်မှာ ဘုရားအဆုံးမရှိအောင် နေထိုင်ခြင်းကို သာသနာတည်တံ့အောင် ပြုခြင်းဟု ခေါ်ပါတယ်။

နောက်တစ်မျိုးကတော့ မိမိသန္တာန်မှာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သာသနာတည်ပြီးဆိုတော့မှ မိမိပတ်ဝန်းကျင်၊ မိမိအသိုင်းအဝိုင်းစတဲ့ မိမိလက်လှမ်းမှီရာမှ အစပြုပြီးတော့ စနစ်တကျ ဒါနပြုတတ်အောင်၊ သီလဆောက်တည်နိုင်အောင်၊ ဘာဝနာပွားတတ်အောင် ကူညီဆုံးမသွန်သင်ပေးရတယ်။ အဲဒါကို သာသနာပြန့်ပွားအောင်ပြုခြင်းဟုခေါ်ပါတယ်။

ဒီလိုမဟုတ်ဘဲ ...

မိမိသန္တာန်မှာတော့ သီလ၊ သမာဓိ၊ ပညာပြည့်ဝအောင် တည်အောင်မထားနိုင်ဘဲ သာသနာပြုတံဆိပ်တပ်ပြီး လုပ်ဆောင်

နေကြတာဟာ တကယ်တမ်းအားဖြင့် သာသနာပြုတာမဟုတ်ဘဲ သာသနာဖျက်နေတာပါ။

## ဗုဒ္ဓသာသနာအလံ

ဗုဒ္ဓသာသနာအလံကို တီထွင်ခဲ့သူက Olcottပါ။ Olcott သည် ၁၈၃၂-ခု၊ ဩဂုတ်လ(၂)ရက်နေ့မှာ အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် Ornge မြို့မှာ မွေးဖွားခဲ့ပါတယ်။

ငယ်စဉ်က ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး နယူးယောက် စီတီကောလိပ်နဲ့ ကိုလံဘီယာတက္ကသိုလ်များမှာ ပညာသင်ကြားခဲ့တယ်။

အမေရိကန်ပြည်တွင်းစစ်ကာလမှာ စစ်မှုထမ်းပြီး ဗိုလ်ချုပ်ကြီးအဆင့် တိုးမြှင့်ခံရကာ သမ္မတလင်ကွန်း အသတ်ခံရစဉ်က လူသတ်သမားစုံစမ်းရေး အထူးအရာရှိ သုံးဦးနဲ့ အဖွဲ့ဝင် ဖြစ်ခဲ့ပါတယ်။

၁၈၆၀ပြည့်မှာ မေရီအက်ပလီမောလ်ဂင်နဲ့ အိမ်ထောင်ကျပြီး သမီးနှစ်ယောက်ထွန်းကားခဲ့ပါတယ်။

၁၈၈၀-ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံမှ သီရိလင်္ကာနိုင်ငံ ရောက်ပြီး မကြာမီ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလခံယူ



ကာ ဗုဒ္ဓဘာသာဝင်အဖြစ် သီရိလင်္ကာနိုင်ငံ ပေါလေ(Golle)မြို့မှာ ကြေငြာခဲ့ပါတယ်။

ဗိုလ်မှူးကြီး Olcottသည် မိမိစွမ်းရည်ကို အသုံးချပြီး သီရိလင်္ကာနိုင်ငံမှာ ဗုဒ္ဓသာသနာတိုးတက်အောင် ဆောင်ရွက်ရင်း ၁၈၈၁ခုနှစ်မှာ ဗုဒ္ဓဝါဒ အမေးအဖြေကျမ်းကို ရေးခဲ့တယ်။

၁၉၇၀ခုနှစ်မှာ အိန္ဒိယနိုင်ငံမှာ ကွယ်လွန်ခဲ့တယ်။

## ဖန်, မြေ, ကြွေ, ကော်, ကြောက် ဘုန်းမတောက် သံ, သွပ်, ဒင်္ဂါး ကြေး ဘုန်းမကြီး

ဖန်ဆိုတာက ဖန်တီးလုပ်ကြံပြီး ပြောတဲ့စကားမျိုး။

မြေဆိုတာက မြေခံရလောက်အောင် ကျိန်တွယ်ပြောတဲ့ စကားမျိုး။

ကြွေဆိုတာက အထိမခံ ကြွေပန်းကန်ဆိုသလို ဆက်ဆက်ထိမခံ နှုတ်ခမ်းတလန် ပန်းတလန်စကားမျိုး။

ကော်ဆိုတာက ကော်ကပ်ပြီး ငါ့စကားနွားရပြောတဲ့ စကားမျိုး။

ကြောက်ဆိုတာက ကြောက်ကန်ကန်ပြီး နှုတ်လုံထိုးပြောတဲ့ စကားမျိုး ဒီစကားမျိုးတွေ မပြောမိစေနဲ့။ ဘယ်တော့မှ ဘုန်းမကြီး ကံမကောင်းဘူး။

သံဆိုတာက တစ်ယူသန်၊ တစောက်ကန်း၊ ကပ်တီးကပ်ဖဲ့ ပြောတဲ့ စကားမျိုး။

သွပ်ဆိုတာက ပေါသွပ်သွပ် ရှူးနှမ်းနှမ်း ပေါက်ပန်းလေး ဆယ်ပြောတဲ့ စကားမျိုး။

ဒဏ်ခဲဆိုတာက စောင်မာန်အံခဲပြီး မထီမဲ့မြင်ပြောတဲ့ စကားမျိုး။

ကြေးဆိုတာက ဘဝမြင့် မာန်မာန်ကြီးပြီး ပြောတဲ့စကားမျိုး ဒီစကားမျိုးတွေကို ရှောင်ရမယ်။

မှတ်သားလိုက်နာဆောင်ထားရမှာက ...

ဘော်သာခွါ ငွေစစ်ဟာ အဖိုးမှန် တန်ဖိုးရှိသလို သန့်စင်တဲ့ သိင်္ဂီစနိက် ရွှေစင်ဟာလည်း အဖိုးထိုက်တန်။

ဒါကြောင့် ကောင်းမြတ်မှန်ကန်တဲ့ စကားမျိုး၊ သန့်စင်ဟုတ်မှန်အကျိုးဖြစ်စေတဲ့ စကားမျိုးပြော။

စကားပြောတဲ့အခါ ချိုချိုသာသာပြော။

လေးလေးနက်နက်ပြော။

မှန်မှန်ကန်ကန်ပြော၊ ဒါမှ အဖိုးတန်မယ်။

(ဓူတင်ဆောင် ဆရာတော်ကြီးတစ်ပါး)



## လူ့ဘဝမှာ အရေးအကြီးဆုံးက

လူ့ဘဝတွင် အရေးအကြီးဆုံးအရာမှာ ကိုယ်ကျင့်တရား ဖြစ်၏။

ကိုယ်ကျင့်တရား မကောင်းသူသည် နိုင်ငံတော်၏ ဆူးငြောင့်ခလုတ်ဖြစ်၏။ ပြည်သူတို့၏ ဘေးရန်အန္တရာယ်ဖြစ်၏။

ကမ္ဘာပေါ်တွင် အကောင်းဆုံး ကိုယ်ကျင့်တရားမှာ ငါးပါးသီလဖြစ်၏။ ငါးပါးသီလစောင့်ထိန်းခြင်းသည် မတရားမှုကိုရှောင်ကြဉ်၍ တရားမျှတမှုကို လုပ်ဆောင်ခြင်းဖြစ်၏။ ကိုယ်အပြုအမူနှင့် နှုတ်အပြောအဆိုတို့ကို အပြစ်ကင်းအောင် စောင့်ထိန်းခြင်းဖြစ်၏။

ယဉ်ကျေးမှုဆိုသည်မှာလည်း ကိုယ်,နှုတ် အမူအရာတို့ကို အပြစ်ကင်းပြီး ယဉ်ကျေး သိမ်မွေ့ခြင်းကို ဆိုလို၏။ ကိုယ်,နှုတ် ယဉ်ကျေးမှ စိတ်ပါယဉ်ကျေးနိုင်မည်။ ကိုယ်,နှုတ်,စိတ်သုံးပါး စလုံး ယဉ်ကျေးသူမှာ အယဉ်ကျေးဆုံး ပုဂ္ဂိုလ်ပင် ဖြစ်တော့သည်။

တရားမျှတမှုသည် မြင့်မြတ်၏။ မတရားမှုသည် ယုတ်ညံ့၏။ မတရားမှုကို ရှောင်၍ တရားမှုကို ဆောင်ခြင်းသည် မိမိကို မြင့်မြတ်အောင် ပြုခြင်းဖြစ်သည်။

သီလဂုဏ်သည် အမြတ်ဆုံးဂုဏ်ဖြစ်၏။ သီလကုသိုလ်သည် အမြတ်ဆုံးကုသိုလ်ဖြစ်၏။ သီလသည် ကုသိုလ်အားလုံး

တွင် အခြေခံဟုတ် ဖြစ်၏။ သီလပေါ်ရပ်တည်၍ ဒါနပြုလျှင် ဘာဝနာပွားလျှင် ပို၍ အကျိုးကြီးမား၏။

သီလသည် အလှပဆုံး အဆင်တန်ဆာဖြစ်၏။ သီလသည် အမွှေးကြိုင်ဆုံး ပန်းရနံ့ထက်ပို၍ သင်းပျံ့၏။

စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ ကြာညိုပန်းအနံ့၊ မြတ်လေးပန်းအနံ့ အစရှိသော ပန်းရနံ့အမျိုးမျိုးတို့ထက် သီလရနံ့သည်သာ အတုမရှိ မြတ်လှပေ၏။ ပန်းရနံ့သည် လေညာသို့ မသွား၊ စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ စံပယ်ကြက်ရုံးပန်းတို့၏ အနံ့သည်လည်း လေညာသို့မသွား၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့ကြိုင်လှိုင်၏။

(ဒေါက်တာမင်းတင်မွန်)

(ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာမှ)



<u>ကျမ်းကိုးစာရင်း</u>

၁။ ပိဋကတ်တော်လာ ပါဠိ, အဋ္ဌကထာများ
၂။ အဘိဓာနပ္ပဒီပိကာပါဠိ
၃။ ဒုလ္လဘကထာ (အရှင်ဇနကာဘိဝံသ)
၄။ ဘဒ္ဒကပ္ပစေတီတော်ကြီးသမိုင်း (ဘဒ္ဒန္တဇောတိပါလ)
၅။ ပိဋကတ်တော်နှင့်စပ် မှတ်စုထွေလာသိကောင်းစရာ
[ဆရာတော် ဦးဇောတာလင်္ကာရ (U.S.A)]
၆။ ပဏ္ဍိတဝေဒနိယဒီပနီ (သေကျွတောင်ဆရာတော်)
၇။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံများမှတ်တမ်း
၈။ သာသနာပိုင်မှတ်တမ်း
၉။ တေမိယဇာတ်တော်ကြီး (မင်းဘူးဦးသြဘာသ)
၁၀။ မြန်မာ့စွယ်စုံကျမ်းများ
၁၁။ မှန်နန်းရာဇဝင်
၁၂။ ဥတုဘောဇနသင်္ဂဟကျမ်း
၁၃။ ကမ္ဘာ့သမိုင်းမှတ်တမ်းများ (ပညာရေးဌာန)
၁၄။ ဘိက္ခုနီဝိနိစ္ဆယစာတမ်း
၁၅။ တမလွန်ဘဝနှင့် ပိဋကတ်တော်လာ အဆိုအမိန့်များ
(ဦးအဂ္ဂဓမ္မ)
၁၆။ သိမှတ်ဖွယ်စုံ (၃၁)ဘုံ (ဘဒ္ဒန္တထေရဝံသ- မင်းကန်ကြီး)
၁၇။ အနှိုင်းမဲ့အဖော် (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ)

၁၈။ နေ့ညပေါကြား ရွှေတရား (အရှင်အာစာရလင်္ကာရ)
၁၉။ ပရိဝါအဖွင့် (အရှင်စန္ဒဇောတိ)
၂၀။ နှစ်ကျိပ်ရှစ်ဆူဘုရားသမိုင်းအကျဉ်းချုပ် (အရှင်ဇဝန-ပဲခူး)
၂၁။ သုတ္တန်တရားတော်များ (အရှင်သဇ္ဇန-နတ်မောက်)
၂၂။ ဗုဒ္ဓဘာသာဟူသည် (ရဝေထွန်း)
၂၃။ ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း (ဝဏ္ဏသီရိ)
၂၄။ မဂ်တား ဖိုလ်တား အန္တရာယ်များ (အရှင်ဇဝန-မေတ္တာရှင်)
၂၅။ တစ္ဆေသရဲတို့အကြောင်း (တက္ကသိုလ်သျှင်သီရိ)
၂၆။ ဗုဒ္ဓသာသနာတော် ၂၅၀၀ခရီး (မောင်အုံ-မဟာဝိဇ္ဇာ၊ဘုံဘော)
၂၇။ ရိုးရာနတ်ယုံကြည်မှုနှင့် ဓလေ့ထုံးစံများ
(ခင်မောင်သန်း-စိတ်ပညာ)
၂၈။ ကမ္ဘာ့ဘာသာကြီးများ လက်စွဲ (ဦးသောင်းဖေ)
၂၉။ ပုဂံစေတီပုထိုးများ (ဦးမောင်မောင်-ဘီအေ)
၃၀။ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် (သုတေသီတစ်ဦး)
၃၁။ ဗုဒ္ဓနှင့်လူမှုရေးလမ်းညွှန်ချက်(မောင်အုံ-မဟာဝိဇ္ဇာ၊ဘုံဘော)
၃၂။ လောကီပဒေသာညွှန့်ပေါင်းကျမ်း (ဆရာမင်းသော်တာ)
၃၃။ ဗဟုသုတဒိုင်ယာရီ (ဦးသန်းဖေမြင့်)
၃၄။ စမ, ဝိဇ္ဇာ (ဆရာအောင်)
၃၅။ နက္ခတ်ကြည့်ရှုနည်းနှင့် ပုံပြင်များ
(ပေါင်းတည် ဘုန်းကြည်)
၃၆။ အထွေထွေမှတ်စုများ။